# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ စနေနေ့ (21-3-2015) (၈၁၅၁)


**စကားအရာ အင်္ဂါငါးတန်**

* ပြောသင့်သော အချိန်၌ ပြောဆိုရခြင်း၊
* အမှန်ကိုသာ ပြောဆိုရခြင်း၊
* နူးညံ့ချိုသာစွာ ပြောဆိုရခြင်း၊
* အကျိုးစီးပွားနှင့်စပ်သောစကားကို ပြောဆိုရခြင်း၊
* မေတ္တာရှေ့ထား ပြောဆိုရခြင်း။

**ထူးခြားသည့် နေ့အပူချိန်များ**

ချောက်
၄၂ ဒီဂရီစင်တီဂရိတ်
မကွေး
ဘော်လခဲ
၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး
၄၀ ဒီဂရီစင်တီဂရိတ်
အောင်လံ
၄၀ ဒီဂရီစင်တီဂရိတ်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မန္တလေးမြို့တွင် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဆင်းသက်မှု ကြည့်ရှုအားပေး




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar impulse-2 လေယာဉ်မှူးများအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဒေါက်တာ သန်းအောင်၊ ဦးငွေးအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr.Christoph Burgener၊ လေယာဉ်မှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ယာယီခန်းမတွင် လေယာဉ်မှူးများ၏ လေယာဉ်အားစွန့်ဦးတီထွင်နိုင်ခဲ့မှုများနှင့် သမိုင်းကြောင်းမှတ်တမ်း ဗီဒီယိုကိုပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား လေယာဉ်မှူးများက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar impulse-2 လေယာဉ်မှူးများအား ဂုဏ်ပြုသစ်သီးခြင်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်း တို့ကိုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား လေယာဉ်မှူးများက အမှတ်တရလက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar impulse-2 အား ကြည့်ရှုစဉ်။ (သတင်းစဉ်)


SMART ဝမတ် ရိုလာ ခြင်ဇကာ

ခြင်ဇကာကို မလိုအပ်ချိန်တွင် ခေါင်ထဲသို့ လိပ်သိမ်းထားနိုင်သည်။
သံချေးတက်ခြင်း ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား
အပိတ်အဖွင့်လုပ်ရုံဖြင့် သန့်ရှင်းပြီးဖြစ်သောကြောင့် အမြဲတမ်းလေဝင်လေထွက် ကောင်းမွန်စေသည်။
အလူမီနီယမ် နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ရန်ကုန် – 01 450 962, 09 431 44178
09 79222 8860
မန္တလေး – 09 2506 38611

မှတ်ပုံတင်ပြီး SMART တံဆိပ်တမျိုးတည်းဖြင့်သာ ထုတ်လုပ်ဖြန့်ချီ ရောင်းချပါသည်။
ဆင်တူယိုးမှား ပုံမှားရိုက်ခြင်းများ သတိပြုပါ။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို
အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန်ဒေါက်တာ

မှန်စပေါ့ကို ဆေးထိုးရာတွင် ၁ ကြိမ်ထဲ ဆေးအပြည့်ရောက်အောင် **အပိုင်ထိုးမှ** ရလာဒ်ကောင်းပါသည်။ ရလာဒ်မကောင်းသော **ဆေးထိုးပြီးသား** ဒဏ်ရာကို ဆေးဟောင်းများ ပိတ်ဆို့နေသဖြင့် ပြန်ထိုး၍မရပါ။

ရန်ကုန် - 09 4211 51119, 09 4500 54449
မန္တလေး - 09 2506 38611, 09 7987 97917

ကြေးမုံစာတည်းရှုထောင့် ၂၁-၃-၂၀၁၅၊ စနေနေ့

# ရာသီဥတုပြောင်းလဲမှုသတိပြု

ယခုအခါ ရာသီဥတုပြောင်းလဲမှုကို အရေးတကြီးပြောဆိုနေကြသည်ကို တွေ့ရပါသည်။ လတ်တလောတွင် အပူရှိန်မြင့်တက်ခြင်းနှင့်အတူ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားနေမှုတို့ကလည်း လူသားတို့၏ ကျန်းမာရေးကို ထိခိုက်မှုရှိနိုင်သဖြင့် သတိပြုရှောင်ရှားရမည့်အချက်များအား မကြာခဏအသိပေးနေသည်ကို မြင်တွေ့ကြားသိနေရပါသည်။

အပူဒဏ်ကြောင့် လူသားတို့သာမက သတ္တဝါများပါ ထိခိုက်မှုရှိလာသည်။ မြစ်ချောင်းအင်းအိုင်နှင့်ကန်များတွင် ရေလျော့နည်းမှုနှင့်အတူ အညစ်အကြေးများကြောင့် ရေထုညစ်ညမ်းမှုရှိလာသည်။ ထိုသို့ဖြစ်ပေါ်လာသောကြောင့် ငါးသတ္တဝါများ သေဆုံးလျော့နည်းမှုရှိလာသည်။ ထိုအချိန်တွင် အာဟာရဓာတ်နှင့် ငါးထည့်သွင်းခြင်းတို့ကို လျှော့ချထားရန်လိုအပ်သည်။

အပူရှိန်ပြင်းထန်သောကြောင့် အချို့ဒေသများတွင် တောမီးလောင်မှုများ ဖြစ်ပေါ်နေသည်။ မကြာသေးမီက ပုပ္ပားတောင်မကြီးတွင် ရှစ်ရက်ကြာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့သောကြောင့် အနီးဝန်းကျင်နေထိုင်သူပြည်သူများ သတိထားနေရသည်။ တောမီးလောင်ကျွမ်းမှုသည် လူတို့၏ ပေါ့ဆမှုကြောင့်ဖြစ်နိုင်သကဲ့သို့ သစ်ပင်သစ်ရွက်မြက်ခြောက်များမှတစ်ဆင့် လောင်ကျွမ်းမှုလည်းဖြစ်နိုင်သည်။ တောမီးလောင်ကျွမ်းမှုသက်သာစေရန်အတွက် မီးတားများ၊ တောမီးလောင်လျှင် ချက်ချင်းငြိမ်းသတ်ခြင်းများကို အနီးဝန်းကျင်ရှိသူများက အသိတရားဖြင့် ဝိုင်းဝန်းဆောင်ရွက်ပါက ကြီးမားသောဆုံးရှုံးမှုမဖြစ်နိုင်ချေ။

အပူရှိန်သည် ယခုမတ်လဆန်းမှစတင်ဖြစ်ပေါ်လာပြီး ပုံမှန်အပူချိန်ဟုဆိုသော်လည်း ဖော်ပြပါအခြေအနေများကြောင့် သာမန်ထက်ပိုပူနေသည်ဟု ခံစားရသည်။ ညပိုင်းနှင့်နံနက်ပိုင်းတွင် အအေးဓာတ်ကိုအနည်းငယ်ခံစားရသော်လည်း မွန်းလွဲပိုင်းတွင် ပြင်းထန်သည့်အပူရှိန်ကို ခံစားရသည်။ ထိုသို့ အပူအအေးကွာခြားချက်များသဖြင့် လူတို့တွင် အပူရှပ်ခြင်း၊ ခေါင်းကိုက်ခြင်း စသည့် အသေးအဖွဲ့ကျန်းမာရေးမှအစ သတိထားရမည်ဖြစ်သည်။

တစ်ဆက်တည်းတွင် အယ်လ်နီညိုရာသီဥတုကို သတိထားစောင့်ကြည့်နေသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဆိုထားသည်။ ကမ္ဘာ့ရာသီဥတုဗဟိုဌာနက အယ်လ်နီညိုမဖြစ်သေးသော်လည်း ဖြစ်နိုင်သည့်အလားအလာရှိသည်ဟု ထုတ်ပြန်ထားသည်။ ပစိဖိတ်သမုဒ္ဒရာ တောင်ကမ္ဘာခြမ်းနှင့် မြောက်ကမ္ဘာခြမ်းတွင် မုန်တိုင်းနှစ်ခုတစ်ပြိုင်တည်းဖြစ်ပေါ်ခဲ့သဖြင့် သမုဒ္ဒရာအတွင်းပိုမိုပူနွေးလာကာ အယ်လ်နီညိုဖြစ်စေရန် အားပေးသလိုဖြစ်လာသည်။

မြန်မာနိုင်ငံတွင် ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်များက အယ်လ်နီညိုရာသီဥတုကို ကြုံတွေ့ခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့် လူတို့၏ကျန်းမာရေးထိခိုက်မှုရှိခဲ့ဖူးသည်။ မြန်မာနိုင်ငံတွင် အယ်လ်နီညိုသက်ရောက်မှုရှိပါက မုတ်သုံပြောင်းလဲခြင်း၊ အချိန်အခါမဟုတ်မုန်တိုင်းဖြစ်ခြင်း၊ မိုးရေချိန်လျော့နည်းခြင်း၊ အပူချိန်မြင့်မားခြင်းနှင့် ပုံမှန်မဟုတ်သော ရာသီဥတုဖြစ်စဉ်များ ဖြစ်ပွားတတ်သည်ကို သတိပြုရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် လူသားအားလုံးအတွက် ကြီးမားသောစိန်ခေါ်မှုများဖြစ်လာနေသည်။ လတ်တလော အပူချိန်မြင့်တက်မှုနှင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားနေမှုတို့ကို လူတို့သတိပြုရှောင်ရှားကြရမည်ဖြစ်သည်။ နေအပူချိန်မြင့်တက်နေစဉ်တွင် ဖြစ်နိုင်လျှင် ပြင်ပသို့ထွက်ခြင်းကိုရှောင်ကြဉ်သင့်ပြီး မဖြစ်မနေထွက်ရမည်ဆိုပါကလည်း အပူဒဏ်ကြောင့် မျက်စိ၊ အရေပြား၊ ဦးခေါင်းတို့မထိခိုက်စေရန် အကာအကွယ်များ သတိပြုယူဆောင်အသုံးပြုကြရန်လိုအပ်ပါသည်။

မျက်မှောက်ကာလတွင် လူတို့အနေဖြင့် လှုပ်ရှားရုန်းကန် ဆောင်ရွက်ရမှု များပြားလှပါသည်။ ထိုသို့ များပြားသည်မှန်သော်လည်း လက်ရှိဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဖြစ်ပွားနိုင်သည့် ကျန်းမာရေးထိခိုက်မှုများကိုလည်း သတိထားကြရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း မိမိကိုယ်သာအချစ်ဆုံးဖြစ်၍ မိမိကျန်းမာရေးအတွက် သတိပြုသင့်သည်များကို မဖြစ်မနေအလေးထား လိုက်နာဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ ။

# ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၀**

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လက်ရှိပညာရေးကဏ္ဍ စီမံခန့်ခွဲအုပ်ချုပ်မှုပုံစနစ်၊ တက္ကသိုလ်များ သီးခြားရပ်တည်မှု၊ တက္ကသိုလ်တစ်ခုချင်းစီ ဆောင်ရွက်နိုင်မှု အခြေအနေနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲမှုအခြေအနေစသည်တို့ကို အကျယ်တဝင့် ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပညာရပ်ဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ ဝန်ထမ်းရေးရာဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းမှုများကိုလည်းကောင်း၊ အရည်အသွေးမြင့်မားသော ပညာရေးစနစ် ဖြစ်ပေါ်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် တက္ကသိုလ်၊ ကောလိပ်များကို ပညာရေးဝန်ကြီးဌာနမှ ယာယီလွှဲပြောင်းလက်ခံရေးနှင့် အသွင်ကူးပြောင်းရေးကာလအတွင်း ကြုံတွေ့ရသည့် ပြင်ဆင်မှုများကို လည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကောလိပ်ဆိုင်ရာဖွဲ့စည်းအုပ်ချုပ်၊ စီမံထားရှိမှုပုံစနစ်နှင့် ရုံးလုပ်ငန်းဆိုင်ရာ အသွင်ကူးပြောင်းရေးကာလအတွင်း ကြုံတွေ့ပြင်ဆင်ထားသည့် လုပ်ငန်းများကိုလည်းကောင်း၊ ရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်း ရွေးချယ်ခန့်အပ်ရေးနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေဆိုင်ရာများကိုလည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဌာနက ဘဏ္ဍာရေးဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ဘဏ္ဍာငွေသုံးစွဲခြင်း၊ ကျောင်းသား ကျောင်းသူလက်ခံခြင်း၊ အသွင်ကူးပြောင်းကာလအတွင်း ကြုံတွေ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းများခန့်ထား၊ ရာထူးတိုး၊ ပြောင်းရွှေ့ခြင်း၊ နိုင်ငံခြားပညာတော်သင် စေလွှတ်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းတင်ပြ ဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးကာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၆၃၀၀ | - | ၆၆၇၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၅၇၀၀ | - | ၆၆၆၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၀၉၅. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၇၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၃၄၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၇၆. ၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၄၃၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၀. ၄၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁. ၄၉၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၇၈၅. ၆၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၀. ၁၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



VICTOR အင်္ဂလိပ်စကားပြော
အခြေခံအားနည်းသူများအတွက်သာ
4 - 6:00 pm (Sat, Sun) 20000/-
7 - 8:45 am (Sat, Sun, Mon)
6 - 8:00 pm (Mon, Tue, Wed)
09-5096794 အိမ်စိုင်းသင်သည်။
ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းမထိပ်၊
ဒေဝီကျော်လင်းပိုးထည်ဆိုင်၊ မျက်နှာချင်းဆိုင်

ဆရာ ဦးမြင့်သိန်း
(Yangon University) Since 1984
ရူပဗေဒ – အိမ်ဝိုင်း
Ph: 09- 364 10579

တိုက်ခန်းရောင်းမည်။
သဃ်န်းကျွန်း၊ စံပြဈေးအနီး
ငမိုးရိပ်(၂)လမ်း၊ ဒါဘာခန်း
ဖုန်း - ၀၉ ၂၅၂၂ ၄၃၀၅၀
၀၉ ၄၂၀၀ ၆၆၈၈၀

အမည်ပြောင်း
မြစ်ကြီးနားမြို့၊ လ ခွဲ(၁)၊ ရမ်ပူ၊ ပဥ္စမတန်း(B)မှ (ဘ) ဦးသိန်းနိုင်အောင်၏ သား မောင်အောင်ကောင်းမြတ်အား မောင်ဟိန်းထက်မြက်ဟု ပြောင်းလဲခေါ်ပါရန်။

GOLDEN RICH TRAVELS
ငန်ကောက်၊ ပတ္တာရား၊ အယုဒ္ဓယ၊ ကန်ချနာပူရီ၊ မဲဆောက် 300000, Apl 11
ချင်းမိုင်၊ ချင်းရိုင်၊ ရွှေတြိဂံ၊ မယ်ဆိုင်၊ တာချီလိတ်၊ မဲဆောက် 200000, Apl 11
မြစ်ကြီးနား(မြစ်ဆုံ)၊ အင်းတော်ကြီး(ရွှေမဥ္စူဘုရား) ရွှေဘို 150000, Apl 11
09-250366279,09-31062083,09-791697411,09400011689

၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့်တပ်မတော်နေ့ ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့်
ဆက်သွယ်ရန်လိပ်စာ
အမှတ်(၂၀၅/၉)၊ မြန်နန္ဒာလမ်း၊ အကျွန်ုပ်ဆိုင်ရပ်ကွက်၊ ကော့သောင်းမြို့
ဖုန်း - ၀၉-၂၆၂၀၀၆၈၈၈၁၊ ၀၉-၂၆၂၀၀၆၈၈၁၊ ၀၅၉-၅၂၀၀၀၊ ၀၅၉-၅၂၀၀၉

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝသော်လည်း ရေနှင့်ပတ်သက်သော စိန်ခေါ်မှုများ ရင်ဆိုင်နေရဆဲဖြစ်

**နေပြည်တော်  မတ်  ၂၀**

၂၀၁၅ ခုနှစ် ကမ္ဘာ့ရေနေ့ အခမ်းအနားကို ယနေ့နံနက် (၉)နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-2 ) ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်တောင်စုလွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် လူသားများသည် ဘေးကင်းသော သောက်သုံးရေ၊ ကောင်းမွန်သော မိလ္လာသန့်ရှင်းမှု စနစ်များနှင့် အလှမ်းဝေးကွာဆဲ ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်ရေစီမံခန့်ခွဲမှုဆိုင်ရာ လူထုအသိမြင့်တင်နိုင်ရေး ရှေးရှုကာ ကမ္ဘာ့ကုလသမဂ္ဂမှ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ရေနေ့အခမ်းအနားများအား ကျင်းပခဲ့ကြပါကြောင်း၊ တိုးတက်လျက်ရှိသော လူဦးရေအတွက် ရရှိနိုင်သည့် ရေအရင်းအမြစ်များအား တန်ဖိုးထား မြတ်နိုးစေရန်၊ ရေနှင့်ပတ်သက်သော ဘေးဒုက္ခခံစားနေရသူများအား ကုစားမှုများပေးနိုင်ရန်၊ ပြိုင်ဆိုင်မှုဖြစ်စေပြီး ရေရှည်တည်တံ့ခိုင်မြဲမှုအား ထိပါးစေမည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ အနာဂတ်စိန်ခေါ်မှုများအတွက် ပြင်ဆင်ရန် သတိပေးနေသည့်နေ့လည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝသော်လည်း ရေနှင့်ပတ်သက်သော စိန်ခေါ်မှုများ ရင်ဆိုင်နေရဆဲ ဖြစ်ပါကြောင်း၊ မိုးရွာသွန်းမှု ပျံ့ပျံ့နှံ့နှံ့ မရှိခြင်းနှင့် မြစ်ဝှမ်းဒေသများ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် ရေကြီးသည့် ဒေသများရှိသလို မိုးခေါင်သည့် ဒေသများလည်း ရှိနေပါကြောင်း။ မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေးမြို့များတွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကြီးမားသည့်ပြဿနာများ တွေ့ကြုံနေရပြီး လုံခြုံဘေးကင်းသော သောက်သုံးရေဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်နေပါကြောင်း၊ မိမိတို့နိုင်ငံ ရေသုံးစွဲမှု၏ ၉၀ ရာခိုင်နှုန်းဖြစ်သော ဆည်မြောင်းရေသွင်း စိုက်ပျိုးမှုအား ထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းသည် ကျေးလက်ဒေသတွင် နေထိုင်သည့် နိုင်ငံ့လူဦးရေအများစု၏ အသက်မွေးဝမ်းကျောင်းအတွက် အရေးပါလျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းသည်လည်း ရေအရင်းအမြစ်များမှ ထုတ်ယူသုံးစွဲနေခြင်းဖြစ်ရာ ရေဝေရေလဲဒေသများ ထိန်းသိမ်းမှုအပါအဝင် ရေအရင်းအမြစ်များ ထိန်းသိမ်းရန်အတွက် အကန့်အသတ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ စင်စစ်အားဖြင့် ရေအရင်းအမြစ် ဘက်စုံ စီမံခန့်ခွဲမှုအတွက် ကွဲပြားခြားနားသည့် စိန်ခေါ်မှုများအား ရင်ဆိုင်တွေ့ကြုံခံစားနေရသည့် မိမိတို့အတွက် ရေဆိုင်ရာ အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် နေ့တိုင်းသည် **“ရေနေ့များ”** ဖြစ်နေပါကြောင်း။

မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များ ထိန်းသိမ်းရန်နှင့် စနစ်တကျစီမံခန့်ခွဲရန်အတွက် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအား ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပထမဆုံး အမျိုးသားအဆင့်ရေမူဝါဒအား ထုတ်ပြန်နိုင်ခဲ့ပြီး ရေမူဝါဒ၏မျှော်မှန်းချက်အမြင်မှာ **“မြန်မာနိုင်ငံသည် လာမည့်(၁၀)နှစ် အတွင်း ကောင်းစွာဖွံ့ဖြိုးတိုးတက်သည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုအား အပြည့်အဝ ဆောင်ရွက်ခြင်းဖြင့် ရေကိုထိရောက်စွာ အသုံးချနိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ရေး”** ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် နိုင်ငံသို့ ပြောကြားခဲ့သည့်မိန့်ခွန်း၌ လုံခြုံဘေးကင်းသည့် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် လုံလောက်သော စိုက်ပျိုးရေရရှိရေးအား နိုင်ငံတော်က အဓိကဆောင်ရွက်ရမည့် နယ်ပယ်(၇)ခု အနက် တစ်ခုအဖြစ်ဖော်ပြခဲ့ပါကြောင်း၊ အဆိုပါ ရည်မှန်းချက် အောင်မြင်ရေးအတွက် မိမိတို့အနေဖြင့် အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး နိုင်ငံအနှံ့အပြားရှိ ထိခိုက်နစ်နာ လွယ်သော လူအများထံသို့ သွားရောက်ကာ လိုအပ်ချက်များအား ကူညီဖြေရှင်းပေးခဲ့ပါကြောင်း၊ အထူးလုပ်ငန်းအဖွဲ့များအနေဖြင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများအား တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ရေနှင့်ပတ်သက်သည့် ပြဿနာများအား အစိုးရအဖွဲ့ကိုယ်စား ပူးပေါင်းဖြေရှင်းပေးခဲ့ပါကြောင်း၊ လူထုအားဝန်ဆောင်မှုပေးရာတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် ဆောင်ရွက်ပြီး ရေအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် နှစ်လိုဖွယ်ချဉ်းကပ်မှု ဖြစ်ခဲ့ပါကြောင်း။

လူထုလိုအပ်ချက်များအား ဖြည့်ဆည်းပေးရာတွင် အဓိကဆောင်ရွက်ပေးရမည့် ကိစ္စရပ်ကြီး(၃)ခု အထင်အရှားတွေ့ရှိရပါကြောင်း၊ ပထမကိစ္စရပ်အနေဖြင့် လက်ရှိ ဆည်မြောင်း စနစ်များအား တိုးချဲ့ရန်နှင့် အဆင့်မြှင့်တင်ရန်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ လယ်သမားများအတွက် အဓိက ဖိအားပေးနေသော စိန်ခေါ်မှုပင်ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထိရောက်သော ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု ဆောင်ရွက်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်မြဲမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါ ပါကြောင်း။

ဒုတိယကိစ္စရပ်အနေဖြင့် မြစ်ဝှမ်းဒေသ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းဖြစ်ပြီး ပါဝင်ပတ်သက်သူအားလုံး လက်ခံနိုင်သော မူဝါဒများနှင့် နည်းဗျူဟာများ ချမှတ်ရန်ဖြစ်ပါကြောင်း၊ မကြာသေးမီ နှစ်များအတွင်း နိုင်ငံအနှံ့အပြားတွင် ရေကြီးမှုများ ရင်ဆိုင်ခဲ့ရပြီး မြန်မာနိုင်ငံမြစ်ဝှမ်းဒေသများ၏ ဇလဗေဒကြုံ့ကြုံ့ခံနိုင်မှု ပျက်စီးယိုယွင်းစေမှုများအား ရပ်တန့်ပစ်ရန်နှင့် မြစ်ညာနှင့်မြစ်ကြေရှိ ရေသုံးစွဲသူများအကြား ထိရောက်သည့်ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် မျှော်မှန်းပါကြောင်း၊ မြစ်ကြောင်းအတွင်း ရေကြောင်းပြောင်းလဲသွားမှုများအား ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများအကြား ပူးပေါင်းညှိနှိုင်း ဖြေရှင်းသွားရမှာဖြစ်ပါကြောင်း၊ မြစ်တစ်စင်း၏ ဂေဟစနစ် သက်ဝင်လုပ်ဆောင်ပုံအား လူထုအသိအမြင် နည်းပါးနေဆဲဖြစ်၍ ရေစီမံခန့်ခွဲမှုတွင် လူထုပါဝင်ပူးပေါင်းမှုအတွက် ပညာပေးမှု အစီအစဉ်များ လိုအပ်ပါကြောင်း၊ ရေသွင်းစိုက်ပျိုးမှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ စက်မှုလုပ်ငန်းနှင့် အိမ်သုံးရေအသုံးချမှုတို့အကြားတွင် ယှဉ်ပြိုင်မှုများနှင့် ပဋိပက္ခမှုများသည် အလျင်အမြန် ကြီးထွားလာသော ပြဿနာများဖြစ်ပြီး ကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်းစီမံသွားရန် လိုအပ်ပါကြောင်း။

တတိယကိစ္စရပ်အနေဖြင့် မြို့ပြ အခြေခံအဆောက်အအုံများဖြစ်သော ရေပေးဝေမှုစနစ်၊ မိလ္လာစနစ်၊ ရေနုတ်မြောင်းစနစ်နှင့် မြို့တွင်းစွန့်ပစ်ရေ စီမံခန့်ခွဲမှုများအား တိုးတက်ကောင်းမွန်စေရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း၊ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများရှိ လူနေထူထပ်သောဧရိယာများတွင် ကျေးလက်ဒေသမှ ရွှေ့ပြောင်းအခြေချသူ များပြားလာမှုကြောင့် လက်ရှိအခြေအနေ၌ပင် လက်ခံနိုင်သော အဆင့်အတန်းထက်နိမ့်ကျလျက်ရှိသည့် မြို့ပြဒေသ ရေဆိုင်ရာဝန်ဆောင်မှုများအား ထိခိုက်လာစေပါကြောင်း၊ နိုင်ငံရှိမြို့နေလူဦးရေအများစုသည် သန့်ရှင်းသော သောက်သုံးရေကို လုံလောက်စွာရရှိခြင်း မရှိပါကြောင်း။

အဆိုပါ ရေနှင့်ဆက်နွှယ်သည့် စိန်ခေါ်မှုများအား တုံ့ပြန်ဖြေရှင်းပြီး ဝန်ကြီးဌာန အသီးသီးက ပြည်သူလူထု၏ နေ့စဉ်ဘဝများအတွက် ထူးခြားကောင်းမွန်သည့် ဝန်ဆောင်မှုများအားပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများမှတစ်ဆင့် အနာဂတ်အတွက် အဖြေကောင်းကို ရှာဖွေလျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် အမျိုးသားအဆင့် ရေမူဝါဒကို လက်တွေ့အကောင်အထည်ဖော်သွားရမှာဖြစ်ပါကြောင်း၊ ရေသုံးစွဲသူများအကြား မျှတသော ရေရရှိမှုသေချာစေရန်၊ လူဦးရေအများစုအား အကျိုးဖြစ်ထွန်းစေရန်နှင့် ရေရှည်တည်တံ့စေရေးအတွက် ရေအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်ဆိုသည့် အချက်အား လက်တွေ့အကောင်အထည်ဖော်ရာတွင် ဥပဒေကြောင်းအရ ထိန်းကျောင်းသွားနိုင်ရန်အတွက်လိုအပ်သည့် ရေဥပဒေကိုလည်း အများပါဝင်ချဉ်းကပ်မှုဖြင့် ရေးဆွဲလျက်ရှိပါကြောင်း။

ရေအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် ရေရှည်စီမံကိန်းများ ဆောင်ရွက်ရာတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ပြီး လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင်ဖန်တီးရန်လိုအပ်ပါကြောင်း၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုအား တစ်ရက်တည်း (သို့မဟုတ်) တစ်ပွဲတိုး ချဉ်းကပ်မှုနှင့် အောင်မြင်အောင် မဆောင်ရွက်နိုင်ကြောင်းကိုသတိပြုရမည် ဖြစ်ပါကြောင်း၊ ပူးပေါင်းပါဝင်မှု လုပ်ငန်းစဉ်ဖြင့်သာ တည်ဆောက်သွားရမှာ ဖြစ်ပါကြောင်း၊ ဘက်စုံ ရေအရင်းအမြစ်မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန် ဖွဲ့စည်းမှုဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုသည် အခရာကျပါကြောင်း၊ အဖွဲ့အစည်းများပြီး အခွင့်အာဏာနှင့် စွမ်းဆောင်ရည် မပြည့်ဝခြင်းသည် ချက်ချင်းလက်ငင်း ဖြေရှင်းရမည့် အမွေဆိုးများဖြစ်ပါကြောင်း၊ အထူးလုပ်ငန်းအဖွဲ့များ၏ အတွေ့အကြုံများအား အခြေခံကာ ရေဆိုင်ရာမူဝါဒ လက်သုံးကိရိယာများ စီမံခန့်ခွဲနိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းထားသော အဖွဲ့အစည်းတစ်ရပ် ထူထောင်ပေးရမှာ ဖြစ်ပါကြောင်း။

ရေသည် မိမိတို့အားလုံးအား အတူတကွစုစည်းပေးသည့် ကုန်စည်တစ်ခု ဖြစ်ပါကြောင်း၊ ဘာသာစကားများ ကွဲပြားစေကာမူ ရေသည်ကျွန်တော်တို့အားလုံးအတွက် တစ်သံတည်းထွက်ပါကြောင်း၊ ရေမရှိပါက အသက်ရှင်သန်မှုလည်း မရှိနိုင်ပါကြောင်း၊ ရေသည် မိမိတို့အားလုံး၏ မြို့ရွာများ၊ နိုင်ငံသားများနှင့် နိုင်ငံများ၏ လူမှုစီးပွား နယ်ပယ်အားလုံးတွင် မရှိမဖြစ်ဆက်ကြောင်းဖြစ်သည့်အတွက် ရေအရင်းအမြစ်များအား မျှတစွာသုံးစွဲရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရန် မိမိတို့အားလုံး ပူးပေါင်းပြီး အတူတကွ အလုပ်လုပ်ကြဖို့ လိုအပ်ပါကြောင်း၊ ကောင်းမွန်သော ရေအနာဂတ်အတွက် လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များအားလုံး အနေဖြင့်မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်း ဖိတ်ခေါ်လိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်အဖွဲ့ ရေအထူးပြုအဖွဲ့ခေါင်းဆောင် ဒေါက်တာဂရက်ဂ်ဘရောဒါက “Dynamics of River Basin Management” ခေါင်းစဉ်ဖြင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ ပရော်ဖက်ဆာဒေါက်တာ တော်ကီဂျွန့်ရိုကလော်စန်က “Linking Myanmar and the post-2015 Development Agenda-a New Era for Water resources development and management ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန် သံအမတ်ကြီး မစ္စတာဂျိုအန်ဘိုအားက “ From Vision to Action and From Action to Vision ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက “Process of Myanmar Water Sector Reform and Progresses” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နယ်သာလန်နိုင်ငံ သံအမတ်ကြီးက ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်ထံသို့ “Myanmar IWRM strategic study Report ” အား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် ပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် အစီအစဉ်များအတိုင်း ဆွေးနွေးခြင်း၊ သရုပ်ပြတင်ဆက်ခြင်းနှင့် မေးခွန်းနှင့်ဖြေကြားခြင်းဆိုင်ရာများကို ကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



## ရန်ကုန်တိုင်းဒေသကြီး ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ သံဃာတော်များနှင့် သီလရှင်များ ဝင်ရောက်ဖြေဆိုကြမည်

**ရန်ကုန်  မတ်  ၂၀**

၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၃ ရက်အထိလည်းကောင်း၊ ပထမပြန်စာမေးပွဲကို ဧပြီ ၁ ရက်မှ ၇ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓမ္မာစရိယစာဖြေဌာန ငါးဌာနနှင့် ပထမပြန်စာဖြေဌာန ၄၂ ဌာနတို့၌ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများသို့ သံဃာတော်များနှင့် သီလရှင်များ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဓမ္မာစရိယ စာဖြေဌာန ငါးခုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်မှ သံဃာတော် ၃၃၅၅ ပါး၊ အနောက်ပိုင်းခရိုင်မှ ၂၁၄၂ ပါး၊ မြောက်ပိုင်းခရိုင်မှ ၇၂၀ ပါး၊ တောင်ပိုင်းခရိုင်သန်လျင်မြို့နယ်မှ ၂၀၉ ပါးနှင့် ခရမ်းမြို့နယ်မှ ၂၂ ပါး စုစုပေါင်း သံဃာတော် ၆၄၄၀ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ပထမပြန်စာမေးပွဲစာဖြေဌာန ၄၂ ခုအတွင်း ရဟန်းသာမဏေ ၁၄၈၈၅ ပါး၊ မွန်သံဃာတော် ၁၀၂ ပါး၊ သီလရှင် ၁၂၃၈ ပါး စုစုပေါင်း ၁၆၂၂၅ ပါးနှင့် လူပုဂ္ဂိုလ် ၁၂ ဦးတို့ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

**ရန်ကုန်  မတ်  ၂၀**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးဘွဲ့စာပေးစာယူ သင်တန်းသားများ ကိုယ်တိုင်တက်ရောက်ရမည့် နွေရာသီ အနီးကပ်သင်တန်းနှင့်ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ်(၃၃) ပထမနှစ် သင်တန်းနှင့် အမှတ်စဉ်(၃၂)ဒုတိယနှစ် သင်တန်းများကို ဧပြီ ၂၄ ရက်မှ မေ ၁၅ ရက်အထိ အနီးကပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၁၈ ရက်မှ မေ ၂၂ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်ရန်အတွက် ဧပြီ ၂၃ ရက်(ကြာသပတေးနေ့) နောက်ဆုံးထား သတင်းပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**(သန်းဦး-လေးမျက်နှာ)**

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ အရင်းအနှီးဖြစ်ပါတယ်

ဒေါက်တာကံဇော်

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ပနိုင်ငံများမှ ချေးငွေအထောက်အပံ့ရယူမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တွေ့ဆုံမေးမြန်း ပြောကြားချက်များကို ဖော်ပြအပ်ပါသည် ။**

**ဒေါက်တာကံဇော်**
**ပြည်ထောင်စုဝန်ကြီး**

အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနဲ့ တစ်ပိုင်းက နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းဖြစ်တဲ့ နှစ်စဉ်အမျိုးသားစီမံကိန်း၊ ငါးနှစ်ကာလတို စီမံကိန်းများ၊ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကာလရှည် အမျိုးသားဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းလို့ခေါ်တဲ့ နှစ်(၂၀)၊ နှစ်(၃၀) စီမံကိန်းများနဲ့ မျှော်မှန်းချက်များကို စီမံကိန်းရေးဆွဲခြင်း၊ ကြီးကြပ်ခြင်းနဲ့ အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်နေပြီး နောက်တစ်ပိုင်းကတော့ နိုင်ငံတကာနဲ့ ဆက်ဆံဆောင်ရွက်တဲ့အခါမှာ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေနဲ့ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနအနေနဲ့လည်းကောင်း နိုင်ငံတကာနဲ့ နိုင်ငံခြားဆက်စပ်ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှု၊ ရင်းနှီးမြှုပ်နှံမှုတို့အတွက် အခွင့်အလမ်းတွေဖန်တီးပေးတဲ့ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်(ပါမစ်)တွေ ထုတ်ပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အစရှိသည့် ဥပဒေများနှင့်အညီ ခွင့်ပြုပေးခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

နောက်တစ်ခါ သဘောတူစာချုပ်များလက်မှတ်ရေးထိုးခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများကို ဖန်တီးပေးခြင်း၊ ပါမစ်တွေထုတ်ပေးခြင်းစတဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘက်စုံထောင့်စုံကနေပြီးတော့ ဆောင်ရွက်ပေးနေတဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်ပါတယ်။

နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုလို့ပြောတဲ့အခါမှာ အဓိကအားဖြင့် ယနေ့ထိအောင် နိုင်ငံတိုင်းမှာ အဓိကညွှန်းကိန်းတစ်ခုဖြစ်တဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးခေါ်တဲ့ (GDP)ကို တိုင်းတာနေကြတာရှိပါတယ်။ GDP ကို တွက်ချက်တဲ့အခါမှာ အဓိကအားဖြင့် အရင်းနဲ့ ကုန်ထွက်အချိုးဆိုတာကို အခြေခံပါတယ်။ ဒါကြောင့် အရင်းနဲ့ကုန်ထွက်အချိုးမှာ အရင်းအနှီးများများရင်းနိုင်ရင် ကုန်ထွက်များများရပါမယ်။ ဒါကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဆောင်ရွက်နေမှုဖြစ်ပါတယ်။

အခြေခံအဆောက်အအုံတွေ နည်းနေသေးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ လမ်း၊ တံတား၊ လျှပ်စစ်၊ တယ်လီဖုန်း၊ ရေ စတာတွေ လိုအပ်ပါတယ်။ နောက်တစ်ခါ ရထား၊ ကား၊ သင်္ဘော၊ လေယာဉ်အစရှိတာတွေ၊ ဖွံ့ဖြိုးမှုအားကောင်းဖို့ စက်ရုံတွေ လိုအပ်ပါတယ်။ စက်ရုံတွေ အပြည့်အဝ လည်ပတ်လာတဲ့အချိန်မှာ အရင်းနည်းနည်းနဲ့ ကုန်ထွက်များလာပါတယ်။

ပထမပိုင်းမှာတော့ အရင်းများများထည့်မှ ကုန်ထွက်များများရနိုင်မယ်။ ဒါကြောင့်မို့လို့ ဖွံ့ဖြိုးမှုမှာ အဆင့်နှစ်ဆင့်ရှိပါတယ်။ ကနဦးအဆင့်မှာတော့ အရင်းများများထည့်ရမယ်။ နည်းပညာသိပ်မကောင်းသေးတဲ့အတွက် အရင်းများများထည့်ရတာဖြစ်တယ်။ အဲဒီတော့မှ ကုန်ထွက်များများရမယ်။ နောက်ပိုင်းမှာတော့ နည်းပညာတွေလည်း အားကောင်းလာပြီး လူတွေလည်း ကျွမ်းကျင်လာပြီဆိုရင် တစ်ဦးကျ ထုတ်လုပ်မှုတွေမှာလည်း အားကောင်းလာပြီး အရင်းထည့်မှုနည်းလာပြီး ကုန်ထွက်များများ ရလာပါမယ်။

**များများထုတ်လေ၊ ဈေးတွေကျလာလေဖြစ်ပါတယ်။ ဒီအချိန်ကို ကျွန်တော်တို့ ရောက်နိုင်ဖို့အတွက် အချိန်ကာလတစ်ခု စောင့်ရမှာဖြစ်ပါတယ်။ အခုလက်ရှိကာလကတော့ အရင်းများများထည့်မှ ကုန်ထွက်များများထွက်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံဟာ အခုအချိန်အထိ အရင်းအနှီးဟာ အဓိကလိုအပ်တဲ့ အခြေအနေမှာ ရှိပါတယ်။**

ဒုတိယလိုအပ်တာကတော့ နည်းပညာဖြစ်ပါတယ်။ နည်းပညာတိုးတက်ဖို့ အတွက်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းတွေ၊ နည်းပညာ သင်တန်းတွေ ဖွင့်လှစ်ဆောင်ရွက်နေပါတယ်။

**လက်ရှိအားဖြင့်တော့ နိုင်ငံတကာကနေ အရင်းအနှီးတွေ စီးဝင်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေက အရင်းအနှီးစီးဝင်နေတာဖြစ်ပါတယ်။ ချေးငွေတွေကလည်း အရင်းအနှီး စီးဝင်နေတာဖြစ်ပါတယ်။ ဒီလိုအရင်းအနှီးစီးဝင်လာတဲ့ အကျိုးကျေးဇူးကိုကြည့်မယ်ဆိုရင် တစ်အချက်က ကိုယ့်နိုင်ငံထဲကို အရင်းအနှီးစီးဝင်လာပြီဆိုရင် ဒီအရင်းအနှီးတွေက ကိုယ့်နိုင်ငံထဲမှာ ဒီအတိုင်းနေပါ့မလား၊ ဒီအရင်းအနှီးတွေကို ဘာလုပ်မလဲဆိုတော့ နိုင်ငံတွင်းမှာရှိတဲ့ သူတို့တည်ဆောက်ရေးအတွက်ဖြစ်စေ၊ လုပ်ငန်းလုပ်ဖို့အတွက်ဖြစ်စေ နိုင်ငံတွင်းမှာ ဝယ်လို့ရတဲ့ ပစ္စည်းတွေ အားလုံးကိုဝယ်မှာဖြစ်တော့ နိုင်ငံတွင်းမှာ ထုတ်လုပ်တဲ့ ကုန်စည်တွေရဲ့ ဝယ်လိုအားတွေ တက်လာမှာဖြစ်ပါတယ်။**



ဒါကြောင့် နိုင်ငံတွင်း ထုတ်လုပ်တဲ့သူတွေအတွက်လည်း အကျိုးကျေးဇူးတွေဖြစ်လာပါတယ်။ နိုင်ငံတွင်းမှာ ရှိနေတဲ့ ပစ္စည်းတွေကိုစုစည်းပြီး နိုင်ငံခြားက လိုအပ်တဲ့ငွေအရင်းတွေကို ထည့်သွင်းလိုက်တဲ့အခါမှာ တည်ဆောက်ရေးလုပ်ငန်းတွေလုပ်ရပါမယ်။ တည်ဆောက်ရေးလုပ်ငန်းတွေလုပ်ရင် အရင်ဆုံးတည်ဆောက်ရေးလုပ်သားတွေ အလုပ်ရမယ်။

နောက်တစ်ခါ စက်ရုံလည်ပတ်ပြီဆိုရင် စက်ရုံလုပ်သားတွေ အလုပ်ရမယ်။ အရင်းအနှီးစီးဝင်လာတဲ့အခါမှာ ရမယ့်အခြေအနေတွေက အလုပ်ကြမ်းသမားတွေ၊ ကျွမ်းကျင်မှုနည်းပါးတဲ့ လုပ်သားတွေအထိ အလုပ်ရလာမှာဖြစ်ပါတယ်။ နောက်စက်ရုံလည်ပတ်ပြီဆိုရင်လည်း အလုပ်ကို ကျွမ်းကျင်တဲ့ လုပ်သားတွေ၊ တစ်ဝက် တစ်ပျက်ကျွမ်းကျင်တဲ့ အမျိုးသမီးအလုပ်သမတွေ၊ အမျိုးသားအလုပ်သမားတွေ အစရှိသဖြင့် အလုပ်ရလာမယ်။

နောက်တစ်ခုက ဈေးကွက်တွေပွင့်လင်းလာမယ်။ ထွက်လာတဲ့ကုန်စည်ကို ပြည်တွင်းမှာလည်း ပြန်ရောင်းမှာဖြစ်တဲ့အတွက် ဈေးသက်သက်သာသာနဲ့ ဈေးကွက်ထဲမှာ ပြည်သူတွေ ပိုမိုရွေးချယ်နိုင်မယ့် ဖက်ရှင်တွေ၊ ဒီဇိုင်းတွေ ပိုများလာတော့မှာဖြစ်ပါတယ်။ အခုချိန်မှာ နိုင်ငံခြားကတင်သွင်းပြီးတော့ ဝယ်နေရတာတွေ၊ ဈေးကြီးလို့ မဝယ်နိုင်တာတွေဟာ ပြည်တွင်းဈေးကွက်မှာ ရောက်လာမှာဖြစ်တဲ့အတွက် ပြည်သူတွေအတွက် ရွေးချယ်ပိုင်ခွင့်များလာမှာဖြစ်ပါတယ်။

ပြည်တွင်းထုတ်ကုန်တွေက ဈေးကွက်တွေ ပိုရလာပါမယ်။ နိုင်ငံမှာ အလုပ်အကိုင်တွေအများကြီးတိုးတက်လာမယ်။ နောက်အဲဒီထုတ်ကုန်တွေကို ပြည်တွင်းမှာ ပြန်ရောင်းမှာဖြစ်တဲ့အတွက် ပြည်တွင်းဈေးကွက်မှာလည်း ပြည်သူတွေ ဝယ်ယူစားသုံးနိုင်ဖို့အတွက် ရွေးချယ်စရာတွေ ဈေးသက်သာတဲ့ ကုန်စည်တွေပိုပြီးတော့ တိုးလာမယ်။

ဒီအခြေအနေတွေဟာ တကယ့်ကို အရင်းအနှီးစီးဝင်မှုနဲ့ပေါ်လာတဲ့ ရရှိလာတဲ့အကျိုးဆက်တွေ၊ ပြင်ပအကျိုးဆက်တွေဖြစ်ပါတယ်။ ပြည်တွင်းမှာ ထွက်တာတွေကလည်း ယှဉ်ပြိုင်မှုတွေပေါ်များလာမယ်။

ထုပ်ပိုးတဲ့ပုံစံတွေကအစ တိုးတက်ပြောင်းလဲလာမှုတွေက ပြည်သူတွေရဲ့ စိတ်ကျေနပ်မှုကို ပေးနိုင်တယ်လို့ ပြောကြားလိုပါတယ်။ ဒါတွေကတော့ ရရှိလာတဲ့ အကျိုးရလဒ်တွေဖြစ်ပါတယ်။

ချေးငွေစီမံကိန်းတွေနဲ့ပတ်သက်လို့ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ချေးငွေစီမံကိန်းတစ်ခုဖြစ်လာပြီဆိုရင် သက်ဆိုင်ရာချေးမယ့်နိုင်ငံ (သို့မဟုတ်) အဖွဲ့အစည်း၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် စတာတွေနဲ့ ချေးယူလိုတဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ကို ကျွန်တော်တို့ ဝန်ကြီးဌာနက နှစ်နိုင်ငံ အဖွဲ့အစည်းကြားမှာ ညှိနှိုင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ချေးငွေညှိနှိုင်းပေးခြင်းဖြစ်ပါတယ်။

အဲဒီလိုညှိနှိုင်းပေးတဲ့အခါမှာ ချေးငွေမှာပါဝင်တဲ့ လိုအပ်တဲ့အခြေအနေတွေ ကန့်သတ်ချက်တွေအပေါ်မှာ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီးတော့ သဘောတူညီမှုရမှ နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲမှုဗဟိုကော်မတီကို တင်ပြရပါတယ်။ ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်နဲ့အညီ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောတူညီမှုနဲ့ ချေးငွေစာချုပ်ချုပ်ဆိုဖို့အတွက် တင်ပြပါတယ်။

ဒီစာချုပ်ချုပ်ဆိုဖို့အတွက် ချေးငွေဖြစ်တဲ့အတွက် စာချုပ်ချုပ်ဆိုမှုကို လွှတ်တော်ရဲ့ အတည်ပြုချက်ယူရပါတယ်။ အချို့ကိစ္စတွေမှာ အလျင်အမြန် လုပ်ရတာဖြစ်တဲ့အတွက် ကြိုတင်ခွင့်ပြုချက်တွေ တောင်းပြီးတော့ ချေးငွေလက်မှတ်ထိုးဖို့ ဆောင်ရွက်ရပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ကိုယ်စား လက်မှတ်ထိုးရတဲ့လုပ်ငန်းတွေရှိပါတယ်။ အချို့လုပ်ငန်းတွေမှာကျတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ သက်ဆိုင်ရာချေးတဲ့အဖွဲ့အစည်းတွေ လက်မှတ်ရေးထိုးရတာရှိပါတယ်။

ဒီလိုလက်မှတ်ရေးထိုးတဲ့အခါမှာ ဒီလုပ်ငန်းတွေကို တကယ်ကို ထိရောက်အောင်မြင်လာဖို့ ချေးငွေအကူအညီတွေကို ဘယ်လိုသုံးစွဲနေတယ်၊ သုံးစွဲမှုတွေကို ထိရောက်အောင် သို့မဟုတ် ထင်သာမြင်သာအောင် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံခြားရဲ့ အကူအညီအထောက်အပံ့နဲ့ AID Management Information System (AMIS) အကူအညီအထောက်အပံ့၊ စာရင်းဇယားများဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို ဆောင်ရွက်ပြီးနေပြီဖြစ်ပါတယ်။

**အဲဒီလိုဆောင်ရွက်တာဖြစ်တဲ့အတွက် နိုင်ငံတကာအဆင့်မီပါတယ်။ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေနဲ့ ပတ်သက်ပြီးတော့ အကူအညီအထောက်အပံ့ပေးတဲ့ အဖွဲ့အစည်းက သူ့ရဲ့အကူအညီအထောက်အပံ့ကို ဘယ်တိုင်းဒေသ၊ ဘယ်ပြည်နယ်၊ ဘယ်မြို့နယ်၊ ဘယ်ဒေသမှာ ဘယ်လောက်သုံးစွဲမလဲ။ လူဦးရေဘယ်လောက်ကို အကျိုးသက်ရောက်မှုလုပ်မလဲ၊ ဒီဟာကို သူ့ရဲ့ Code Number နဲ့ ဖွင့်လိုက်ရင် ဒါတွေဟာ သိရှိနိုင်မှာဖြစ်ပါတယ်။**

သို့သော် သူက အကူအညီအထောက်အပံ့နဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ကူညီထောက်ပံ့ပေးတဲ့အဖွဲ့အစည်းတွေကသာလျှင် သူ့ရဲ့ကူညီထောက်ပံ့ငွေကို Online ပေါ်မှာ သူတို့ပေးထားတဲ့ Password နဲ့ဖွင့်ပြီး ကြည့်နိုင်ပါတယ်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံးကိုတော့ နှစ်စဉ်ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှာ ကျန်တဲ့လူတွေကို အသိပေးမှာဖြစ်ပြီးတော့ အမြဲတမ်း Web ပေါ်မှာ သိနိုင်ဖို့ရာ ခုနကပြောတဲ့ Password နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းက မိမိရဲ့လုပ်ငန်းတွေ ဘယ်ကိုရောက်နေပြီ၊ ဘယ်အဆင့်ရောက်နေပြီ၊ ဘယ်လောက်ထိအောင် အကျိုးသက်ရောက်နေပြီ၊ ဘယ်အချိန်မှာ ဘယ်အကူအညီအထောက်အပံ့တွေ ထပ်ထည့်ရမလဲ၊ ဘယ်အချိန်မှာတော့ အကူအညီအထောက်အပံ့တွေ ဘယ်နေရာကို ရွှေ့မယ်ဆိုတာတွေကို သိနိုင်ပါတယ်။ ထိုနည်းတူစွာ သက်ဆိုင်ရာ ချေးငွေတွေနဲ့ပတ်သက်ပြီး သိရှိနိုင်ဖို့အတွက် ကူညီထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်စနစ်ကို ကျွန်တော်တို့ ဆောင်ရွက်ဖို့ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးကြပ်မှုအဖွဲ့တွေနဲ့ စနစ်တကျဆောင်ရွက်နေတာဖြစ်တယ်။ တစ်ဖက်ကလည်း ဒါတွေအားလုံးဟာ တကယ်တော့ ချေးငွေရော၊ အကူအညီ အထောက်အပံ့ရော၊ နိုင်ငံ့ဘဏ္ဍာငွေတွေရောဟာ ပြည်သူ့ဘဏ္ဍာများဖြစ်တဲ့အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် Public Finance Management System (PFM) နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးကြပ်မှုအဖွဲ့၊ ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေအားလုံးနဲ့ စံကိုက်ဖြစ်အောင် ဆောင်ရွက်နေတာက ကျွန်တော်တို့ဝန်ကြီးဌာန အပါအဝင် အဓိကကတော့ ဘဏ္ဍာရေးဝန်ကြီးဌာနဖြစ်ပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ စာရင်းစစ်ချုပ်ရုံးလည်း ပါပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းတွေပါဝင်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်လည်းပါတယ်။ အဲ့ဒါတွေနဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် ပြည်သူ့ဘဏ္ဍာ ဘယ်အချိန်မှာ၊ ဘယ်နေရာမှာ ဘယ်လိုသုံးမယ်ဆိုတာကို အတိအကျ ဖော်ပြနိုင်လာပြီဖြစ်ပါတယ်။

**ဒါကြောင့်မို့ အဲ့ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံဟာ PFM ဆိုတဲ့ Public Finance Management System နဲ့ စနစ်တကျဆောင်ရွက်နေပြီး နိုင်ငံတကာအဆင့်နဲ့အညီ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။**

မြန်မာနိုင်ငံကို အာဆီယံမှာ အများနဲ့ပခုံးချင်းယှဉ်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် အဆင့်ဆင့်ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်ရှိလည်း ဆက်လက်ဆောင်ရွက်ဖို့ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသားစီမံကိန်းထဲက နှစ်ရှည်စီမံကိန်းများ၊ (၅)နှစ်ကာလတိုစီမံကိန်း၊ နှစ်(၂၀)နှစ်ရှည်စီမံကိန်းတွေကို ချမှတ်ပြီးတော့ စနစ်တကျ ဆောင်ရွက်နေပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဖွံ့ဖြိုးမှုအတွက် လိုအပ်တဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ အခြေခံအဆောက်အအုံတွေ၊ လူမှုရေး အဆောက်အအုံတွေ၊ အပေါ်ထပ်အဆောက်အအုံတွေကို စနစ်တကျ၊ နည်းလမ်းတကျ ပြည်သူတွေရဲ့အဓိက လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ပြည်သူဗဟိုပြု အစီအစဉ်တွေ စီစဉ်ဆောင်ရွက်ဖို့ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ အရှိန်အဟုန်ရလာတာကို ပြည်သူအားလုံး လက်တွေ့ခံစားမြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာပဲကြည့်ကြည့်၊ တယ်လီဖုန်း ဆက်သွယ်ရေးမှာပဲကြည့်ကြည့်၊ လျှပ်စစ်ရရှိမှုမှာပဲကြည့်ကြည့်၊ တခြားဘက်စုံဖွံ့ဖြိုးမှုတွေမှာပဲ ကြည့်ကြည့်၊ ဈေးကွက်ဖွံ့ဖြိုးမှုတွေမှာပဲ ကြည့်ကြည့်၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ အလုပ်အကိုင်ရရှိလာတာမှာပဲကြည့်ကြည့် နေရာတိုင်းမှာ၊ ဘက်စုံထောင့်စုံမှာ၊ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

**ကမ္ဘာ့နိုင်ငံတွေအနေနဲ့လည်း ဒီလိုဖွံ့ဖြိုးတိုးတက်လာတာကိုကြည့်ပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ရရှိလာတာကို အားရစွာနဲ့ ပါဝင်ဆောင်ရွက်လာကြတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကမ္ဘာ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံကို ဘယ်လိုဝင်ရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံရမလဲ၊ မြန်မာနိုင်ငံရဲ့ အရှိန်အဟုန်ကောင်းတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ်မှာ ဘယ်လိုလာပြီးတော့ အလုပ်အကိုင်တွေလုပ်ဖို့ လုပ်မလဲ၊ ဘယ်လို ကုန်ပစ္စည်းတွေလာထုတ်မလဲဆိုတာ စဉ်းစားပြီးတော့မှ နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။**

မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ ကိန်းဂဏန်းတွေ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ဆောင်ရွက်ချက်တွေကို အချိန်အခါအလျောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း ထုတ်ပြန်နေတာဖြစ်သလို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနရဲ့ ကြေညာချက်၊ ထုတ်ပြန်ချက်တွေမှာလည်း မြင်တွေ့ကြပြီးသားဖြစ်ပါတယ်။

**အရင်းအနှီးစီးဝင်မှုနဲ့ပတ်သက်လို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ အရင်းအနှီးဖြစ်ပါတယ်။ အရင်းအနှီးကို ကျွန်တော်တို့ နေရာပေါင်းစုံက ရရှိနိုင်ပါတယ်။**

နေရာပေါင်းစုံက ရရှိနိုင်တယ်ဆိုတာ ပြည်တွင်းကရရှိနိုင်သလို ပြည်တွင်းရရှိမှုနဲ့ မလုံလောက်တော့ဘူးဆိုရင် ပြည်ပကနေပြီးတော့ရရှိဖို့အတွက် ဆောင်ရွက်ကြတာဖြစ်ပါတယ်။ အရင်းအနှီးစီးဝင်မှု(သို့မဟုတ်) အရင်းအနှီးတည်ဆောက်မှု (Capital Formation) ကနေ ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်တဲ့ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ကို ထုတ်လုပ်ပေးနိုင်ဖို့အတွက် အရင်းအနှီးဟာ မရှိမဖြစ်လိုအပ်တဲ့ အဓိကအရာဖြစ်ပါတယ်။ ဒါကြောင့် ဒီအရင်းအနှီးလိုအပ်ချက်ကို ရှာဖွေတဲ့အခါမှာ နိုင်ငံတော်မှာဆိုရင် ပြည်တွင်းစုဆောင်းမှု ဘယ်လောက်ရှိသလဲ။ စုဆောင်းတယ်ဆိုတာ ပြည်သူတွေရဲ့ စုဆောင်းမှုပေါ့။ ဒါဘဏ်တွေမှာလည်း တွေ့နိုင်ပါတယ်။ နောက်ပုဂ္ဂလိကကဏ္ဍစုဆောင်းမှုတွေမှာလည်း တွေ့နိုင်ပါတယ်။ အဲဒီစုဆောင်းမှုတွေကို ဒီအတိုင်းစုဆောင်းမှုအတိုင်းထားလို့မရဘဲနဲ့ ဒီစုဆောင်းမှုတွေကို ပြန်ပြီးတော့ အတိုးအပွားဖြစ်အောင်၊ စုဆောင်းမှုအတိုင်းထားရင် အတိုးအပွားမဖြစ်ပါဘူး။ ဒါကြောင့် စုဆောင်းမှုတွေကို အတိုးအပွားဖြစ်အောင် ရင်းနှီးမြှုပ်နှံမှုအဖြစ်ပြောင်းလဲရတာဖြစ်တဲ့အတွက် ဒီရင်းနှီးမြှုပ်နှံမှုကို ပြောင်းလဲဖို့အတွက် စုဆောင်းမှုမှသည် ရင်းနှီးမြှုပ်နှံမှုသို့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တိုးမြှင့်လစာစရိတ်နှုန်းထားများ ပြည်ထောင်စုလွှတ်တော်က ပေးပို့သည့်အဆိုအရ လျာထားတွက်ချက်တင်ပြထား

**နေပြည်တော်　　မတ်　　၂၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း တင်သွင်းသည့် **"၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြုရေးနှင့် အခွန်အခများ ကောက်ခံရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်စေခြင်းဖြင့် အာဏာခွဲဝေခြင်း (Power Sharing)၊ သယံဇာတခွဲဝေခြင်း(Resource Sharing)၊ အခွန်အခခွဲဝေခြင်း (Tax Sharing)တို့ ပီပီပြင်ပြင် ပေါ်ပေါက်လာစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးရှိ ဥပဒေ၊ နည်းဥပဒေများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ လက်တွေ့အသုံးချဆောင်ရွက်နိုင်ရေးလိုအပ်သည့် ဥပဒေနှင့် နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"**အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုရှင်က အဆိုတင်သွင်းရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပေးအပ်ထားသည့် အခွင့်အရေးများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များက ထိထိရောက်ရောက်အသုံးချပြီး မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ယခုလေးနှစ်တာကာလကျော်လွန်လာသည်အထိ အပြည့်အဝအသုံးချဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို အာဏာခွဲဝေခြင်း၊ သယံဇာတခွဲဝေခြင်း၊ အခွန်အခခွဲဝေခြင်းတို့အား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ လုပ်ပိုင်ခွင့်ကို ခွဲဝေပေးမည်ဆိုပါက ယခုထက်ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ အကျိုးပိုမိုခံစားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအနေဖြင့် အခြေခံဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ရရှိအသုံးချနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ရှုထောင့်မျိုးစုံမှ ဆွေးနွေးကြပြီး လွှတ်တော်နာယကက ပြောကြားရာတွင် ယခုအဆိုကို ကြိုဆိုပါကြောင်း၊ ထောက်ခံပါကြောင်း၊ အဆိုအတိုင်း ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ကြမည်ဆိုလျှင် ယနေ့မိမိတို့လိုချင်နေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ ပြည်ထောင်စုလွှတ်တော်အတွင်း ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလေ့လာသုံးသပ်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရန်စဉ်းစားသည့်နေရာတွင် ယခုတင်သွင်းသည့် အဆိုကို အလေးထားဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဆိုနှင့်ပတ်သက်၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁)(၂)(၃)(၅)ပါ ပြဋ္ဌာန်းချက်များအပြင် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုရေးဆွဲပြီး နိုင်ငံတော်၏မူဝါဒကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့တိုင်းဒေသကြီးနှင့် ပြည်နယ်များဘက်မှ တောင်းဆိုသည့် (Power Sharing, Resource Sharing, Tax Sharing)တို့နှင့်ပတ်သက်၍ အကြံပြုညှိနှိုင်းတောင်းဆိုတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဥပဒေဟောင်းများကို ဖျက်သိမ်းပြီး အသစ်ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်ရန် (သို့မဟုတ်) မရှိသေးသည့်ဥပဒေဖြစ်ပါက ဥပဒေအသစ်ရေးဆွဲ၍ ထည့်သွင်းပေးရန်၊ ရှိပြီးသားဥပဒေတွင် ဖြည့်စွက်ချက် Amendment ဖြင့် ထည့်ရန်၊ နည်းဥပဒေရေးဆွဲရာတွင် ထည့်သွင်းသွားရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများကသာ ဆက်လက်တာဝန်ယူရန်ဖြစ်ပါက ပြည်ထောင်စုမှသာ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြရန်မူအားဖြင့် ညှိနှိုင်းဆုံးဖြတ်ထားရှိပါကြောင်း။



ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း။



ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)နှင့် (၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်များသို့ ကဏ္ဍအလိုက် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ် ဇယား(၁)နှင့် (၂)လေ့လာသုံးသပ်ရေးကော်မတီကို စနစ်တကျ တာဝန်ပေးအပ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်ဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအကြား Power Sharing , Resource Sharing, Tax Sharing ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းရေးနှင့်ပတ်သက်၍ တည်ဆဲဥပဒေများတွင် ပြင်ဆင်ချက်များထည့်သွင်း၍ ဆောင်ရွက်ခြင်း၊ ဥပဒေမရှိသေးပါကလည်း အသစ်ပြဋ္ဌာန်းရေးဆွဲဆောင်ရွက်ခြင်း၊ နည်းဥပဒေများတွင် ရေးဆွဲထည့်သွင်းခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်ကို ကော်မတီအနေဖြင့် ဆက်လက်ကြီးကြပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းတင်သွင်းသည့် **"ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းထားသည့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအတည်ပြုနိုင်ရန် တိုးမြှင့်ပြင်ဆင်ပေးမည့် လစာနှုန်းထားများ လျာထားချက်စာရင်းကို ၂၃-၃-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပေးပို့နိုင်ရေး ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုရှင်က အဆိုတင်သွင်းရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးရေးကို ပြည်ထောင်စုအစိုးရအဖွဲ့က လျာထားရေးဆွဲထားပြီးဖြစ်သည်ဟု သိရှိရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ရာထူးအဆင့်အလိုက် လစာနှုန်းထားများ တိုးမြှင့်ပေးမည့်လျာထားချက်စာရင်းကို သိရှိမှသာ ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် လွှတ်တော်သို့ အဆိုပြုတင်ပြနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဝန်ထမ်းအင်အား လစာစားရိတ်များနှင့်ပတ်သက်၍ တင်ပြရမည်ဆိုပါက ကာကွယ်ရေးအပါအဝင် မြို့ပြဝန်ထမ်းဦးရေသည် (၁) သန်း (၄)သိန်းခန့်ရှိပါကြောင်း၊ ပြည်ထောင်စု၏တစ်နှစ်စာ လစာကုန်ကျစရိတ်ကို တွက်မည်ဆိုပါက (၂ ဒသမ ၁)ထရီလီယံခန့်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအပါအဝင် နိုင်ငံတော်တစ်ခုလုံးအနေဖြင့်ဆိုပါက စုစုပေါင်း လစာစရိတ်သည် (၂ ဒသမ ၃) ထရီလီယံကျော်ဖြစ်ပါကြောင်း၊ တစ်လကုန်ကျစရိတ်ဖြင့်တွက်ပါက ဝန်ထမ်းများအတွက် နိုင်ငံတော်မှကျခံနေရသည့် အသုံးစရိတ်သည် (၂၀၀)ဘီလီယံကျော်ခန့်ရှိသည်ကိုတင်ပြလိုပါကြောင်း၊ ပင်စင်စားအင်အားအနေဖြင့် ကြည့်မည်ဆိုပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်စာရင်းအရ ကြည့်လျှင်(၈)သိန်းကျော်ရှိသည့်အတွက် ပင်စင်အတွက် တစ်နှစ်ကုန်ကျစရိတ်သည် ဘီလီယံ(၅၀၀)ကျော် သုံးစွဲကုန်ကျရပါကြောင်း၊ ပင်စင်စားများအတွက် တစ်လအသုံးစရိတ်ငွေ ၄၅ ဘီလီယံခန့် ကုန်ကျပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများနှင့် ပင်စင်စားများအားလုံးအတွက် တစ်လလျှင် (၂၃၇)ဘီလီယံကျော်ခန့် အသုံးစရိတ် သုံးစွဲနေပြီး တစ်နှစ်အတွက်ဆိုလျှင် ထရီလီယံပေါင်း (၂ ဒသမ ၄)ခန့်သုံးစွဲနေရပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးသည် သိသိသာသာ တိုးတက်မှုမရှိသေးပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးအနေဖြင့် လစာနှုန်းတိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်အကျိုးသက်ရောက်မှုများ ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များမှာ ထိလွယ်ရှလွယ်သည့်အတွက် အချိန်ကိုက် အချိန်အခါသင့်ဆောင်ရွက်သင့်ကြောင်း၊ မလိုလားအပ်သည့် နောက်ဆက်တွဲ အကျိုးဆက်များကို ရှောင်ရှားနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

တိုးမြှင့်လစာစရိတ်နှုန်းထားများသည် ပြည်ထောင်စုလွှတ်တော်ကပေးပို့သည့်အဆိုအရ ပြည်ထောင်စုအစိုးရအနေဖြင့် တိုးမြှင့်ပေးနိုင်သည့် နှုန်းထားကိုသာ ဘတ်ဂျက်တွင် လျာထားတွက်ချက်တင်ပြထားခြင်း ဖြစ်ပါကြောင်း၊ ၎င်းလျာထားချက်ပါရှိသည့် ဘတ်ဂျက်ဥပဒေကို လွှတ်တော်က အတည်ပြုသည့်အချိန် သင့်တော်သည့်ကာလတွင် အစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဆုံးဖြတ်သတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ယင်းအဆိုကို အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

■

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူ

**နေပြည်တော်　　မတ်　　၂၀**

အမျိုးသားလွှတ်တော် ၃၁ ရက်မြောက်နေ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ။

ထို့နောက် အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးတို့က ဖတ်ကြားတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်သည် အမျိုးသားပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁/၂၀၁၄ ဖြင့် ၃၀-၉-၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ သို့ရာတွင် ယင်းဥပဒေကို ပြင်ဆင်ပေးရန်အတွက် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ (ကျောင်းသားအဖွဲ့)က တောင်းဆိုပြီးနောက် (၄)ပွင့်ဆိုင် အစည်းအဝေး သဘောတူညီချက်အရ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပညာရေးဝန်ကြီးဌာနက ၁၇-၂-၂၀၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်က ပေးပို့ရာ ၂၀-၂-၂၀၁၅ ရက်တွင် လက်ခံရရှိပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် ဥပဒေကြမ်းကော်မတီနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်များကို ၂၀-၂ -၂၀၁၅ ရက်တွင် လိုအပ်သည်များ လမ်းညွှန်မှုပြုခဲ့ပါကြောင်း။



အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ။

အမျိုးသား လွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန် အမျိုးသားလွှတ်တော်၏ ကြေညာချက်အမှတ် (၁/၂၀၁၅)ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

၎င်းအမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကြားနာသည့် အစီအစဉ်တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုးနှင့်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြားနာခဲ့ကြပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာမှု အစီအစဉ်ကျင်းပသည့် ၅-၃-၂၀၁၅ ရက်မှ ၁၇- ၃-၂၀၁၅ ရက်ထိ ဆွေးနွေးချက်များအပေါ် မီဒီယာများ၏ မေးမြန်းချက်များကို ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

## နှစ် (၇၀) ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်သူ့ပခုံး ပြည့်လက်ရုံး

**ချစ်နိုင်(စိတ်ပညာ)**

***"စစ်တိုက်ရခြင်းသည် လက်နက်များဖြင့် တိုက်ခိုက်ကြရခြင်းဖြစ်၏။ သို့ရာတွင် အနိုင်အရှုံးကို တကယ်အဆုံးအဖြတ်ပေးနိုင်သည်ကား လူသားသာလျှင် ဖြစ်ပေသည်။"***

***ဗိုလ်ချုပ်ကြီး ဂျော့စီ ပက်တန်***

**ငြိမ်းချမ်းရေး**

လူသည် ငြိမ်းချမ်းရေးကို ယေဘုယျအားဖြင့် လိုလားပါသည်။ မည်သူမဆို ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေးသာ နေလိုကြပေသည်။ သို့သော် ကမ္ဘာပေါ်မှာကိုယ့်လူမျိုးတစ်စုတည်းသာနေသည် မဟုတ်။ ကိုယ့်နိုင်ငံတစ်ခုတည်းရှိနေခြင်းမဟုတ်။ နိုင်ငံတစ်နိုင်ငံထဲမှာပင် လူမျိုးပေါင်းများစွာရှိကြသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်းအရွယ်အစား အမျိုးမျိုးနှင့် အရေအတွက် နှစ်ရာကျော်ရှိကြသည်။

စစ်ဆိုသည့်အရာကလည်း ဖြစ်တတ်သည်။ မိမိအလိုဆန္ဒမပါဘဲလည်း ဖြစ်တတ်၏။

စစ်၏သဘောသဘာဝကို အကြမ်းမျှဆိုရလျှင် နှစ်မျိုးနှစ်စားရှိပါသည်။ **(၁) မတရားစစ်ကျူးကျော်စစ်။** ဥပမာပြရလျှင် စက်မှုဖွံ့ဖြိုးပြီး ရေတပ်အင်အားကြီးမားကာ စျေးပေါပေါနှင့်ရနေသော ကုန်ကြမ်းအမျိုးမျိုးကို အလကား အခမဲ့ရယူလိုသော လောဘဇောဖြင့် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ကျွန်းသစ်၊ ရေနံ၊ ဆန်စပါး၊ သဘာဝသယံဇာတကြွယ်ဝသော မြန်မာနိုင်ငံ(စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ပညာရေး၊ စစ်ရေးစသည့် အဘက်ဘက်က ခေတ်နောက်ကျနေသော အခြေအနေ)ကို ၁၈၂၄ တွင်တစ်ကြိမ် (၂ နှစ်ကြာ)၊ ၁၈၅၄ တွင်တစ်ကြိမ် (၈ လကြာ)နှင့် နောက်ဆုံးနေပြည်တော်ရတနာပုံကို သိမ်းယူကာ ဘုရင်နှင့် မိဖုရားကို ဖမ်းဆီးခေါ်ဆောင်သည့်စစ်ပွဲ (၃ လကြာ)အထိ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့၏။

၁၈၂၄ မှ ၁၉၀၀ ပြည့်ကာလအထိ လက်နက်အင်အားမမျှသည့်ကြားက မြန်မာတစ်မျိုးသားလုံးသည် နယ်ချဲ့ကုလားဖြူ ကျူးကျော်သူတို့အား အညံ့မခံ အလံမလှဲ ခုခံတွန်းလှန် တိုက်ခိုက်ခဲ့ကြ၏။

**ခေတ်ဟောင်း**

စိုက်ပျိုးရေးခေတ်၊ လှေခေတ်၊ လှည်းခေတ်တွင်သာ ကျန်ရစ်ကာ ခေတ်နောက်ကျနေခဲ့သော အခြေအနေ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်အောက်မှ စက်မှုခေတ်၊ နိုင်ငံတကာကုန်သွယ်ရောင်းဝယ်ခေတ်၊ စက်ရုံ အလုပ်ရုံနှင့် ထုတ်ကုန်များစွာ တင်ပို့နိုင်ပြီး ကုန်ကြမ်းများစွာ ရှာဖွေနေရသော "အရင်းရှင်နယ်ချဲ့စနစ်" အဆင့်မြင့်နေပြီဖြစ်သည့် အင်္ဂလိပ်ကို မယှဉ်နိုင်။ မတားဆီးနိုင်ခဲ့။

ကုန်ထုတ်လုပ်မှုနှင့် ကုန်လုပ်ဆက်ဆံရေးစနစ်က ခေတ်တစ်ခေတ်ခြား၍ ဥရောပသည် တိုးတက်ထွန်းကားသွားခဲ့ပြီ။ ကုန်ထုတ်လုပ်မှုပညာနှင့် အုပ်ချုပ်မှုပညာတို့တွင် အဆင့်ချင်းမယှဉ်သာအောင် ကွာခြားနေခဲ့ပြီ။ မြင်သာအောင်ယှဉ်ရလျှင် မြန်မာနှင့် အင်္ဂလိပ်စစ်ပွဲသုံးကြိမ်သည် "ကလေးနှင့်လူကြီး လက်ဝှေ့ထိုးပွဲ"ပေတည်း။

သွေးသံရဲရဲနှင့် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ လဲကျအရှုံးပေးခဲ့ရပေသည်။ ရေချိုးထားသကဲ့သို့ သွေးတွေ စိုရွှဲနစ်ကာ ကျွန်ဖြစ်ခဲ့ရသည့်ဘဝကို အိပ်မက်ထဲမှာပင် ယောင်ယမ်းပြီး ငိုယိုမိအောင် အသည်းနာသူကား ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် မောင်အောင်ဆန်း၊ တော်လှန်ရေးခေါင်းဆောင် မင်းကြီး ရွှေလရောင်၏ မြေး။ နောင်အခါ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးဆောင်ထူထောင်သူ အမျိုးသားခေါင်းဆောင်၊ တပ်မတော်၏ ဖခင်ဖြစ်လာသူ။ ဖခင်အသည်းနာထိုက်ပါပေသည်။

**တရားသောစစ်**

**(၂) ဆယ့်ကိုးရာစုတစ်ခေတ်လုံး သူ့ကျွန်ဘဝမကျရစေရေး ပြည်သူအများ အသက်သွေးပေါင်းများစွာ ပေးဆပ်၍ ခုခံကာကွယ်ကြခြင်း၊ တွန်းလှန်တိုက်ခိုက်ခဲ့ကြခြင်းကို "တရားသောစစ်"ဟု ခေါ်ပါ၏။** ကိုယ့်ဘိုးဘွားပိုင်မြေ၊ ကိုယ့်ရေမြေ၊ ကိုယ့်ဝေဟင်ပိုင်နက်တို့ကို ရှေးရှေးသော မြန်မာတိုင်းရင်းသားတို့လည်း နှစ်ပေါင်းများစွာ ကာကွယ်ခုခံခဲ့ကြသည်။ မြောက်ဘက်က အင်အားကြီးမားသော စစ်သည်များကို မိမိတို့တိုင်းရင်းသားတွေက ဝန်ကြီး မဟာသီဟသူရ၊ ဗိုလ်ချုပ် ဗလမင်းထင်၊ ဗိုလ်ချုပ် တိမ်ကြားမင်းခေါင်စသည့် စစ်ခေါင်းဆောင်များ ဦးစီးကာ ဗန်းမော်၊ နမ်းခမ်း၊ ကျိုင်းတုံ စစ်မျက်နှာအားလုံးပင် အောင်မြင်စွာ တွန်းလှန်တိုက်ထုတ်ပစ်လိုက်နိုင်ခဲ့၏။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်လက်ထက် (၄)ကြိမ်စလုံး ကျူးကျော်သူများ အံ့ဩထိတ်လန့်သွားအောင် အတုံးအရုံး ကျဆုံးစေပြီး ဆုတ်ခွာသွားအောင် ချေမှုန်းနိုင်ခဲ့၏။

စင်စစ်မူ မြန်မာလူမျိုးသည် စစ်သားများဖြစ်ကြ၍ စစ်သားတိုင်း မြန်မာတိုင်းရင်းသားပေတည်း။

လူဦးရေ ကြီးမားများပြားလှသည့် နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ ရှင်သန်ခဲ့ရသည်။ ကာကွယ်ရေးစွမ်းအားအမြဲသတိထားခဲ့ရသည်။

ပင်လယ်ဘက်မှ ကျူးကျော်လာသော ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်၊ အင်္ဂလိပ် စသည့် နယ်ချဲ့များကိုလည်း ဟိုင်းကြီးကျွန်းတိုက်ပွဲ၊ သန်လျင်တိုက်ပွဲ စသည်တို့ဖြင့် မြန်မာမင်း ဦးအောင်ဇေယျသည် ဟန့်တားရှင်းလင်းနိုင်ခဲ့သဖြင့် အရှေ့တောင်အာရှနိုင်ငံအများအပြား ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်တို့၏လက်အောက်သို့ ကျရောက်ခဲ့သော်လည်း မြန်မာကား ကိုယ့်ရေမြေ ကိုယ့်နိုင်ငံမှာ ကိုယ့်အရှင်ကိုယ့် သခင်နှင့် နေနိုင်၏။ ရှင်သန်၏။

**ပြည်သူ့စစ်**

စင်စစ် မိမိထက် လူသူအင်အား၊ စစ်လက်နက်နှင့် ဆင်တပ်၊ မြင်းတပ်အင်အား၊ နယ်မြေအကျယ်အဝန်းများစွာသာလွန်ကြသော အိမ်နီးချင်းနိုင်ငံကြီးများ၏ကြားမှာ မြန်မာလူမျိုးက နှစ်ပေါင်းရှည်ကြာ ခိုင်မာရှင်သန်သောတိုင်းပြည်ကို ထူထောင်ရပ်တည်နိုင်ခြင်း၏ အကြောင်းရင်းကား ပြည်သူသည် တပ်မတော်၊ တပ်မတော်သည် ပြည်သူ၊ စစ်တိုက်စွမ်းရည် စစ်ပညာအလွန်တရာ ထူးခြားထူးချွန်သည့် လူမျိုးဖြစ်၍သာတည်း။

နှစ်ပေါင်းထောင်ချီကာ ဤမျှကျယ်ဝန်းသော ရေမြေတောတောင်ကို ရေခဲတောင်မှ ပင်လယ်ကျွန်းပေါင်းများစွာအထိ စိုးမိုးပိုင်သ တန်ခိုးထက်ခဲ့ရခြင်းကား "ပြည်သူ့စစ်မဟာဗျူဟာ"ကို သမိုင်းစဉ်တစ်လျှောက်လုံး မြန်မာတိုင်းရင်းသားတို့ ကျင့်သုံးခဲ့ကြခြင်းကြောင့် ဖြစ်ပါ၏။ ပျားကဲ့သို့ စည်းလုံး၏။ ပျားကဲ့သို့ စည်းကမ်းရှိ၏။ ပျားကဲ့သို့ အဆိပ်ပြင်း၏။ ပျားကဲ့သို့ ဇာတိမာန်ဖြင့် ညီညွတ်ခဲ့၏။ စစ်သံကြားလျှင်၊ ရွှေခေါင်းပိုက်ကာ၊ အိုးစားဘက်ကိုလိုက်လို့ရှာသည်။ စစ်တိုက်ရဲ၏။

ရှေးရှေးသော မြန်မာဘိုးဘေးတို့၏ ကျေးဇူးတရားကား အလွန်ပင်ကြီးမားလှကြောင်း ဆင်ခြင်ကြည့်က သိရပါမည်။ မြန်မာ့နယ်နိမိတ်ပိုင်နက်သည် အင်္ဂလန်ကျွန်းထက်လည်း နှစ်ဆကျယ်၏။ ဂျပန်နိုင်ငံ ကျွန်းကြီးလေးကျွန်းပိုင်ဆိုင်မှု မြေဧရိယာထက်လည်း နှစ်ပြန်ကျယ်၏။ (သို့ရာတွင် သိပ္ပံနှင့် စက်မှုပညာ ခေတ်နောက်ကျ ကျန်ရစ်ခဲ့သဖြင့် အင်္ဂလိပ်၏ ကျူးကျော်သိမ်းပိုက်ခြင်းရော၊ ဂျပန်ဖက်ဆစ်၏ ကျူးကျော်သိမ်းပိုက်ခြင်းကိုပါ မြန်မာတို့ခံခဲ့ရဖူး၏။) သင်ခန်းစာယူစရာအမှန်။

ပုဂံခေတ်၊ တောင်ငူခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် စည်းလုံးညီညွတ်သောအချိန်မှာ အင်အားကောင်း၏။ အင်ဒိုချိုင်းနားကျွန်းဆွယ်နှင့် အရှေ့တောင်အာရှတစ်ခွင်လုံးက လေးစားခန့်ညားရ၏။

ဘုန်းတန်ခိုးနည်းသော မင်းပြိုင်များခေတ်တွင် အချင်းချင်း စစ်ခင်းကာ ပြည်သူအများ ဆင်းရဲငတ်မွတ်ကြရ၏။ စစ်၏အနိဋ္ဌာရုံဖြင့် သေကျေပျက်စီးကြရသည်မှာ ပြည်သူများသာ မြေစာပင်။

ဆယ့်ကိုးရာစုအထိ မြန်မာတို့သည် လခစား အမြဲတမ်းတပ်မတော်ဟူ၍မရှိ။ အမြဲတမ်းလည်း စစ်ကဖြစ်နေခြင်းမရှိ။ စစ်သားဟူ၍ သီးခြားမထားနိုင်။ ပြည်သူအားလုံးက စစ်သား။ ကျေးရွာတိုင်းရှိ ရွာဦးဘုန်းကြီးကျောင်း၌ ကာလသားတိုင်း စစ်ပညာသင်ကြ၏။ ကျိုးသူ၊ ကန်းသူ၊ ခြေမသန်၊ လက်မသန်၊ ဉာဏ်ရည်ကျပ်မပြည့်သူ၊ ရူးသွပ်သူမှအပ လက်ဝှေ့အတတ်၊ ဆင်စီး၊ မြင်းစီး၊ လှေလှော်အတတ်တို့ကို မြန်မာလူငယ်တိုင်း သင်ကြ၏။ တတ်ကြ၏။

**ဘိုးဘွားအမွေ**

ရှေးမြန်မာများက ဓားခုတ်လှံ့ထိုး၊ ဆင်စီး၊ မြင်းစီးဘာကြောင့် လူငယ်တိုင်းသင်ကြားတတ်မြောက်ကြရပါသနည်း။ လူတိုင်း ပြည်သူတိုင်းက စစ်သားပင်တည်း။

ဘိုးဘွားများ အမွေပေးထားရစ်ခဲ့သော မြေကြီးကတောတောင်ရေမြေ၊ မြစ်ချောင်းတွေနှင့် အကျယ်ကြီး။ အလျားတစ်မိုင်×အနံတစ်မိုင်၊ အကျယ်အဝန်း တစ်စတုရန်းမိုင်မှာမှ လူဦးရေ သုံးလေးယောက်နှုန်းသာ။ မြောက်ဘက်ဆို အာသံ၊ မဏိပူရ၊ ကသည်းဒေသ (ယခုအိန္ဒိယပိုင်)လည်း ရှေးကမြန်မာပိုင်၏။ အရှေ့မြောက်ဘက် ဆစ်ဆောင်ပန္နားဆိုသည်ကလည်း (ယခုတရုတ်ပိုင်) ရှေးက မြန်မာ့ပိုင်နက်ထဲမှာဖြစ်၏။ အားလုံးပါဝင် ကာကွယ်ရမည်။

မြန်မာဘုရင် အနော်ရထာ၊ ဘုရင့်နောင်တို့၏ လက်ရေးနှင့် အုတ်ခွက်အမှတ်အသား၊ နယ်မြေပိုင်စိုးမှု ဩဇာအာဏာ သမိုင်းခြေရာများကို ယနေ့ ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှားဒေသများမှာပင် တူးဖော်တွေ့ရှိခဲ့ကြပြီးဖြစ်၏။ တရုတ်သမိုင်းကျမ်းများတွင် အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးတစ်ခွင်လုံး မြန်မာဘုရင့် အာဏာအောက်၌ရှိခဲ့ဖူးကြောင်း မှတ်တမ်းတင်ထားခဲ့၏။ မြန်မာ၏ သမိုင်းအစဉ်အလာ။

ဤသမိုင်းရာဇဝင်ကို သိမြင်ခဲ့သော နိုင်ငံရေးသုခမိန် ဗိုလ်ချုပ်အောင်ဆန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်ကပင် "အရှေ့တောင်အာရှနိုင်ငံများအသင်း" ဖွဲ့စည်းထူထောင်ကာ ကမ္ဘာပေါ်မှာ မိမိတို့က စစ်ရေး၊စီးပွားရေး၊ နိုင်ငံရေး ဩဇာကြီးမားစွာ တည်ဆောက်နိုင်ရမည်ကို မဟာဗျူဟာအရ မျှော်မှန်းချမှတ်ခဲ့သည် မဟုတ်လော။

**အိမ်နီးနားချင်း**

ဘင်္ဂလားဒေ့ရှ်နိုင်ငံထက် မြန်မာက ၅ ဆ ပို၍ကျယ်ဝန်း၏။ ရေပြင်ပိုင်နက်ကိုပင် သူပိုင်ပါသည်၊ ငါပိုင် ပါသည် အငြင်းပွားလာရသဖြင့် နိုင်ငံတကာခုံရုံးမှာတင်၍ စစ်ဆေးကာ မြန်မာပိုင်ကြောင်း အခိုင်အမာ ဆုံးဖြတ်ခံခဲ့ရ၏။

မကြာမီက နိုင်ငံတကာသတင်းတစ်ပုဒ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတပ်မတော်သည် ခေတ်မီစစ်ရေယာဉ်ကြီးများ၊ ခေတ်မီလက်နက်များ (ပြည်ပနိုင်ငံကြီးတစ်ခု၏ အထောက်အပံ့ အကူအညီဖြင့်) ရေပြင်မြေပြင်၊ ကမ်းတက် စစ်ဆင်ရေးကို တပ်မများအဆင့် လေ့ကျင့်နေခဲ့ကြောင်း ဓာတ်ပုံများနှင့်တကွ တွေ့မြင်လိုက်ရ၏။

မြန်မာပြည်သူအချို့ကမူ ကာကွယ်ရေးဝန်ကြီးဌာန ဘတ်ဂျက်အသုံးစရိတ်ကို အတတ်နိုင်ဆုံး လျှော့ချသုံးစွဲရန် (ပြည်ပမှ ညွှန်ကြားသင်ပြပေးခဲ့ကြသည့်အတိုင်း) ဆန္ဒရှိကြကြောင်း ဂျာနယ်အချို့မှာ နှပ်ကြောင်းပေး၍ ရေးသားလာကြ၏။ (ခက်တာပဲ)

လက်နက်များ၊ ခဲယမ်းများသည် စားလည်းမစားရပါ။ ထားသဖြင့် ပွားလည်းပွားများမလာပါ။ သို့ရာတွင် နိုင်ငံချင်းယှဉ်ကြရပြီဆိုလျှင် ဆယ့်ကိုးရာစုကာလကဲ့သို့ ဓားနှင့်လှံနှင့် ထိုးကွင်းမင်ကြောင်နှင့် ဟန်ရေးပြရုံမျှနှင့် မပြီးပြတ်နိုင်ပါ။ လူလူချင်း ယှဉ်ပြိုင်ခြင်းမှန်သော်လည်း လက်နက်စွမ်းရည် ထိရောက်မှုချင်းကလည်း ညံ့ဖျင်းနေ၍ မရပါ။ သတ္တိချင်းယှဉ်ကြရုံမျှဖြင့် မပြီးပါ။ နည်းပညာ အတတ်ပညာမှာလည်း သူတကာထက် သာကြရပါမည်။ ခေတ်မီရပါမည်။ ခေတ်မီလေယာဉ်တစ်စင်း၊ ခေတ်မီစစ်သင်္ဘောတစ်စင်း၏ တန်ဖိုးကလည်း မည်မျှ ရှိမည်ထင်ပါသနည်း။ သိအောင်လေ့လာကြည့်ပါ။

၂၀၁၃-၂၀၁၄ ခုနှစ်ကာလတွင် အိမ်နီးချင်း ငါးနိုင်ငံ၏ တစ်နိုင်ငံချင်း စစ်အသုံးစရိတ် ကာကွယ်ရေးဘတ်ဂျက်သည် မည်မျှရှိကြပါသနည်း။ သိကြရပါမည်။

ဤအချက်အလက်၊ အကြောင်းအရာ၊ အခြေအနေများကို ကောင်းစွာလေ့လာသိမြင်ခြင်းမရှိဘဲ အသုံးစရိတ်လျှော့ချဖြတ်တောက်ပါဟု အသိဉာဏ် အဆင်ခြင်နည်းစွာ အဆိုတင်ပါက မိမိနိုင်ငံ မိမိလူမျိုးကို အညွန့်ချိုးသလိုသာ ဖြစ်ပါလိမ့်မည်။ ရှေ့နောက်ဝဲယာ သုံးသပ်ဆင်ခြင်ပြီးမှ တင်ပြသင့်ပါ၏။

ရှေးခေတ်ပုဂံပြည်ကြီး စည်ပင်ဝပြောပုံကို မြင်ယောင်ကြည့်လိုက်ပါ။ အမျိုးသားစာဆို ဆရာဇော်ဂျီ (၁၉၀၇-၁၉၉၀)၏ မြန်မာများ ဓားထက်ခဲ့ပုံ ကဗျာလင်္ကာ ပုဂံသီချင်းကို ကြားယောင်ကြည့်ပါ -

**ရှေးခေတ်ပုဂံပြည်**

မောင်တို့ကြားကုန်လော့၊
မယ်တို့ကြားကုန်လော့၊
ရှေးဖျား ပုဂံပြေမှာဖြင့်
မြန်မာတတွေမှာ ရတနာရွှေငွေအပေါင်းငဲ့ပြင်
မင်းကောင်းနော်ရထာတဲ့
မော်စရာ ဟိုတစ်ခေတ်ကိုဖြင့်
ဉာဏ်သစ်ကာ တရွှင်ရွှင်နဲ့
ဘဝင်မှာ အမြင်မှန်းကာပ့ါ
တမ်းတ၍ ကြည်ညိုပါ။
ဩော်. . . ပြေမြန်မာခေတ်ထူး
ရာဇဝင်မှာ စာတင်လို့ကျူးခဲ့ကြ
ငထွေရူး လုံးလက်ဖယ်
ညောင်ဦးနယ် ကိုရွှေဖိုး
ရွှေထီးလောင်း မင်းကျန်စစ်
ထီမထင်အောင် ပြည်ခွင်ကို ချစ်ခဲ့ကြ
ရဲစစ်တပ်ခြံအရံ၊ မြန်မာနယ့်တရိုး
ရန်ထိုထိုကို၊ ရန်လိုလျှင် ချိုးခဲ့၍
မြို့ရိုးမြင့် ပြေပုဂံ၊ ရဲစစ်တပ်အပြန်မှာ. . .။
အောင်လံတွေ ရောင်ပြန်မြူးကာပ့ါ
တပ်ဦးမှာ တချီချီနဲ့
အောင်ရွှေစည် အောင်သံညှင်းလိုက်တော့
ပြည်တွင်းမှာ ညံဆူဆူနဲ့
ကျန်ရစ်သူ ပုဂံသားတို့မှာလ
အားတက်ကြမှာ။
"လာစမ်းဟဲ့ မေ့သား
အမယ်မင်း ထွားလိုက်တာ
စစ်သားကြီးလုံးလုံး၊ ဗိုလ်မှူးကြီးရှုံးလောက်ရဲ့
ပခုံးနဲ့လက်ပြင်၊ ကြောခြင်က သံချောင်း
တစ်နှစ်တွင်းမှာ၊ ချက်ချင်းပဲပြောင်းရော့
ကောင်းလိုက်ပေ့ မေ့သား
ဤဇမ္ဗူတလူ ရှားလောက်ရဲ့
မယ်ဘွားမှာလေ
ပန်းသပြေနှင့် ညောင်ရေသွန်းလောင်း
ပြည်ကြီးရှင် အနိုင်ရလို့
ငါ့သားလှပြန်လာကြောင်းကို
နေ့တိုင်းပဲ တောင်းရတယ်။"
"အမယ် မမ၊
သားလှတွက်တာ၊ နောင်များဖြင့် ပူပါနဲ့
ပုဂံမှာမွေး၊ ပုဂံသွေးမို့
အလေးမမူ၊ အသက်ပင်လှူခဲ့ပေ့ါ
ပြည်သူသက်စွန့်၊ လက်ရုံးအင်သည်တအားနဲ့
ဘယ်တိုင်းခြား ဝံ့မတုန်း"တဲ့။
ယာလက်ရုံးငဲ့ပြင်
နှလုံးမှာ ဖြူစင်ကြယ်နဲ့
လူတွင်ကျယ် ပုဂံသားတွေတို့
ကိုယ့်အားကို ကိုယ်ယုံ ကိုးကာပ့ါ
ကိုယ့်မျိုးဂုဏ် တစ်မာန်တက်ပေလိမ့်
ဓားထက်တဲ့ပုဂံမှာ
မြန်မာတို့ ခေတ်ဟောင်း။
. . . . . . . . . . . . . . . . . . . .
လယ်တွင်းသား ပြည်တော်သား
အသည်သား မင်းမှုထမ်း
တစိတ်ဝမ်း တလက်ညီ
ပြည်ရေးကို ပြိုင်တူချီကြတော့
ပြည်တော်မြတ်ပဲ့တင်သံ၊
ဘဝဂ်က ပြန်ပါရော့။
. . . . . . . . . . . . . . . . . . . .

စာမျက်နှာ ၇ သို့

နိုင်ငံချင်းယှဉ်ကြရပြီဆိုလျှင် ဆယ့်ကိုးရာစုကာလကဲ့သို့ ဓားနှင့်လှံနှင့် ထိုးကွင်းမင်ကြောင်နှင့် ဟန်ရေးပြရုံမျှနှင့် မပြီးပြတ်နိုင်ပါ။ လူလူချင်း ယှဉ်ပြိုင်ခြင်းမှန်သော်လည်း လက်နက်စွမ်းရည် ထိရောက်မှုချင်းကလည်း ညံ့ဖျင်းနေ၍ မရပါ။ သတ္တိချင်းယှဉ်ကြရုံမျှဖြင့် မပြီးပါ။ နည်းပညာ အတတ်ပညာမှာလည်း သူတကာထက် သာကြရပါမည်။

စာမျက်နှာ ၆ မှ

ပြည်လုံးညီညာတော့
ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ ဝင်းခဲ့သတဲ့
သည်မင်း သည်ပြည်ထောင်ဖြင့်
မလေးမောင် ချစ်မငြီးနိုင်ဘူ
ရွှေစည်းခုံ ခြေတော်ရင်းဆီက
ခေတ်ဟောင်းစံ ပုဂံသီချင်းကိုဖြင့်
ညှင်းဆိုခဲ့ကြောင်း။ ။

**ဆရာဇော်ဂျီ(၁၉၀၇-၁၉၉၀)**
**၁၉၃၆၊ မေလ၊ ဂန္ထလောက။**

ပြည်သူတွေညီညာ ညီညွတ်ခဲ့ကြသဖြင့် မြန်မာပြည်ကြီး စည်ပင်ဖွံ့ဖြိုးခဲ့၏။ တိုးတက်ခဲ့၏။ လက်ညှိုးထိုး၍ မလွဲနိုင်သော ကောင်းမှုကုသိုလ်စေတီပုထိုးများကို ယနေ့ခေတ် နိုင်ငံခြားသားများ အံ့အားသင့် ချီးကျူးရလောက် ထူးချွန်ခဲ့၏။

အချုပ်အခြာအာဏာဆိုသည်မှာ လူငယ်များက အသက်ပေး၍ ကာကွယ်ကြရပါသည်။ လွတ်လပ်ရေး ဆုံးရှုံးသွားခဲ့ရပြီဆိုလျှင်လည်း ကျားမမရွေး၊ အသက်အရွယ်မရွေး၊ ဘာသာလူမျိုးမရွေး၊ အသက်သွေးတွေ ပေးပြီး စွန့်လွှတ်တိုက်ခိုက်ရပြန်ပါ၏။ ပြည်သူ့ကြားက ပြည်သူ့သားလေး ရန်သူထောင်ထားသောဖုံးကို တိုက်မိပြီး ကျဆုံးသွားရပုံကို စာဖတ်သူ အနီးကပ်ရှုမြင်ကြည့်လိုက်ပါ။ စာဆိုကဝိပညာရှိ ဆရာကြီးမင်းသုဝဏ် မည်သို့ဖွဲ့ဆိုခဲ့ပါလိမ့်။

**သူ့မှာတမ်း**

သူတို့အဆုတ်
ထားခဲ့မြုပ်သည့်
ဗုံးငုတ်တိုက်မှား
မောင်ပြောက်ကျားကို
ရွာသားရွာသူ
မေးကြမြူသည်
အူအူယမ်းငွေ့ ထတုန်းတည်း။
"အမောင်ပြောက်ကျား
ချစ်သူအားကို
ဘာများမှာခဲ့လိုသနည်း"
"ငယ်ကကြင်မြတ်
မိသက်မှတ်ကို
ခွင့်လွှတ်ခဲ့ကြောင်း ပြောပါလေ"
"အမောင်ပြောက်ကျား
မိဘအားကို
ဘာများမှာခဲ့လိုသနည်း"
"မွေးသည့်မိခင်
မွေးဖခင်ကို
ဦးတင်ခဲ့ကြောင်း ပြောပါလေ"
"အမောင်ပြောက်ကျား
တိုင်းပြည်အားကို
ဘာများမှာခဲ့လိုသနည်း"
"ခရီးမတ်တတ်
လမ်းခုလတ်တွင်
ကိုယ်လွတ်ရှောင်ခွာ
ခွဲရပါ၍
အားနာခဲ့ကြောင်း ပြောပါလေ. . ."
ယမ်းငွေ့အူအူ၊ တလူလူနှင့်
မေးမြူကြတုန်း၊ အနောက်ကုန်းတွင်
နေလုံးကွယ်လေပြီ တကား။

**မင်းသုဝဏ် (၁၉၀၉-၂၀၀၄)**

သာမန်ပြောက်ကျားရဲဘော်လေးတစ်ဦး၏ ဘဝနိဂုံးပိုင်းဖြစ်စဉ်တစ်ခုကို ဖွဲ့ဆိုထားသော ကဗျာဇာတ်လမ်းတိုလေးပါ။ စကားသံများ၊ မြင်ကွင်းများက နှလုံးသားကို တုန်ခါစေခဲ့ပါ၏။ အသက်ပေါင်းများစွာ စတေးခဲ့ကြရသည့် လွတ်လပ်ရေး။

**နိဂုံး**

တာဝန်သိသော ပြည်သူများ၊ တာဝန်ကျေသော လူကြီးလူငယ် ယောကျာ်းမိန်းမဟူသမျှ၏ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တွန်းလှန်တိုက်ခိုက်ခဲ့ကြရသော မတ်လ ၂၇ ရက် တော်လှန်ရေးကို ဂုဏ်ပြုကြလျက် "တပ်မတော်နေ့"ဟု သတ်မှတ်ခဲ့ကြ၏။

စစ်ကိုလိုလား၍ ပြည်သူ့တပ်မတော်က စစ်ပညာကို လေ့ကျင့်နေကြခြင်းမဟုတ်။ ငြိမ်းချမ်းရေးကို ကာကွယ်ရန် ပြင်ဆင်နေခြင်းသာဖြစ်၏။ သူတစ်ပါးကို ကျူးကျော်သိမ်းပိုက်ရန် အင်အားဖြည့်တင်းရခြင်းမဟုတ်။ ပြည်သူကို လုံခြုံစွာ ကာကွယ်ရန် အသင့်ပြင်ထားရခြင်းဖြစ်၏။

တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"ငါတို့ တပ်မတော်သည် ပြည်သူများမှ ဖြစ်ပေါ်လာ၍ ပြည်သူများ၏ လွတ်လပ်ရေးနှင့် ပြည်သူတို့၏ အကျိုးကို စောင့်ရှောက်ကာကွယ်ရန်ဖြစ်သည်။ ထို့ကြောင့် ငါတို့ တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည်"**ဟု ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)ခေတ်က မိန့်ကြားခဲ့ပေသည်။ ပြည်သူတို့၏ ရင်နှစ်သည်းခြာ သားသမီးများဖြစ်ကြသည့် တပ်မတော်သည် ယခုအခါ ၂၇-၃-၂၀၁၅ မှာ "နှစ်ပေါင်း(၇၀)ပြည့် တပ်မတော်နေ့" ကို ကျင်းပတော့မည်။ တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ရပါစေဟု တောင်းဆုချွေကြပါသည်။ ။

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေး အန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

## နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြု ကဗျာ

## ဂုဏ်ယူကျေနပ်လိုက်ပါ အမေ

★ အလျှုဒါန၊ ပြုကြသူဟာ
လူတကာကို
မြန်မာပီပီ၊ အားကျသည်ဌ်. . .။
★ လက်ဝယ်လှူရန်၊ အဖိုးတန်သည့်
အိမ်၊ ခြံ အသပြာ၊ မရှိပါလည်း
ကြီးစွာ "ချင်"ခြင်း၊ သားရင်တွင်းဝယ်
ချင်းနင်းဝင်ရောက်ခဲ့သည်နောက်. . .။
★ စိတ်မှာခိုင်ကျည်၊ အာဇာနည်သို့
ဆံခြည်မရွံ့ နောက်မတွန့်ဘဲ
စွန့်လွှတ်စွန့်ရဲ၊ သတ္တိခဲပေ့
စစ်ထဲ သားဝင်လိုက်ပါပြီ။
★ ဒို့ညီနောင်ထု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စုကြီး၊ ရှေ့ခရီးဝယ်
ကြည်း ရေ လေထု၊ ဝန်းရံပြု၍
ပြည်သူ့အိုးအိမ်၊ ပြည့်စည်းစိမ်ကို
မသိမ် မညှိုး၊ ဂုဏ်ထည်ဖြိုးအောင်
ကြိုးပမ်းရွက်ဆောင် သွားပါအံ့။
★ ဪ. . .ဘဝနှင့်ချီ၊ အရင်းတည်၍
တိုင်းပြည်အတွက်၊ အသက်ကိုပေး
အသွေးကိုလှူ၊ သားလိုလူကို
ဂုဏ်ယူကျေနပ်လိုက်ပါ အမေ။
အမြတ်ဆုံးအလှူမို့ ပီတိဝေ။ ။

မျိုးမြတ်မြတ်မြင့်မောင်

## စာကြည့်တိုက် နှစ်ပတ်လည်နေ့ကျင်းပမည်

**ရန်ကုန် မတ် ၂၀**

အင်းစိန်မြို့နယ် မြို့သစ် (၈)ရပ်ကွက် ငစိန်လမ်းရှိ အမြင်သစ်စာကြည့်တိုက် နှစ်ပတ်လည်နေ့ကို မတ် ၂၁ ရက် ညနေ ၅ နာရီတွင် အမြင်သစ်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီမှ ကြီးမှူး၍ ကျင်းပမည်ဖြစ်သည်။

စာဖတ်ရှိန်မြင့်တင်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် မတ် ၂၁ ရက် ည ၇ နာရီတွင် စာကြည့်တိုက်ရှေ့၌ ဆရာချစ်ဦးညို၊ ဒါရိုက်တာ ဘုန်းဝေ၊ ရုပ်ရှင်ဟာသသရုပ်ဆောင် ဗေလုဝတို့က စာပေရေးရာများ ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၈၄)

## ဘင်္ဂလားဒေ့ရှ်ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာဂေါက်သီးရိုက်အသင်း ဒုတိယဆုရရှိ

**ရန်ကုန် မတ် ၂၀**

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှ ၁၄ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Kurmitola Golf Club, Dhaka မြို့၌ ကျင်းပသော 30th Bangladesh Amateur Golf Championship 2015 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၁ သင်းမှ ဂေါက်သီးရိုက်အားကစားသမား ၇၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

အသင်းလိုက်ပြိုင်ပွဲတွင် မောင်မောင်ဦးနှင့် ကျော်သက်ဦးတို့ပါဝင်သော (မြန်မာအသင်း)က စုစုပေါင်း ၂၉၂ ချက်ဖြင့် ဒုတိယဆုရရှိခဲ့သည်။ အိမ်ရှင် ဘင်္ဂလားဒေ့ရှ် (A)အသင်းက မြန်မာအသင်းထက် ၁၁ ချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၈၁ ချက်ဖြင့် ပထမ၊ ထိုင်းအသင်းက စုစုပေါင်း ၂၉၆ ချက်ဖြင့် တတိယ၊ သီရိလင်္ကာအသင်းက စုစုပေါင်း ၂၉၇ ချက်ဖြင့် စတုတ္ထရရှိကြောင်း သိရသည်။

(ကြေးမုံ)

## နှစ်(၇၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၃၈)ခုမြောက် ကော့သောင်းဘဏ်ခွဲဖွင့်

**နေပြည်တော် မတ် ၂၀**

၂၀၁၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အင်းဝဘဏ်လီမိတက်၏ (၃၈)ခုမြောက် ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် မြနန္ဒာလမ်း အမှတ် (၂၀၅/၉)တွင် ကျင်းပရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်ဌေး၊ တပ်မတော် အရာရှိကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီးဇော်လွင်၊ ကော့သောင်း တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကော့သောင်းခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အင်းဝဘဏ်လီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးမြသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


ရှေးဦးစွာ တာဝန်ရှိသူများက ကော့သောင်းဘဏ်ခွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အင်းဝဘဏ်လီမိတက် အမှတ်တံဆိပ်နှင့် ကော့သောင်းဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဘဏ်ခွဲအတွင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယခုဖွင့်လှစ်သော ကော့သောင်းဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၃၈)ခုမြောက် ဘဏ်ခွဲဖြစ်ပြီး အဆိုပါဘဏ်ခွဲမှတစ်ဆင့် ဘဏ်လုပ်ငန်းကိစ္စအဝဝကို မြန်မာပြည်အနှံ့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီး ဖြစ်ကြောင်း၊ ထို့အပြင် မိတ်ဖက်ဘဏ်ခွဲများဖြစ်သော မြဝတီဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အရှေ့တိုင်းဘဏ်များနှင့်လည်း ငွေပို့ ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ကြောင်းနှင့် ကမ်းရိုးတန်းဒေသရှိ ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ဘဏ်ခွဲ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

(မြဝတီ)

## သွေးသည်အသက်



ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးတို့သည် လေယာဉ်မှူး နှစ်ဦးနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခေတ္တရပ်နားနေသည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar impulse-2 အား ကြည့်ရှုပြီး လေယာဉ်မှူးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

Solar impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို ဆွစ်ဇာလန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်က စတင်ပြုလုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇွန် ၂ ရက်တွင် ပထမဆုံးပျံသန်းမှုကို payerne ရှိ ပုဂ္ဂလိကလေယာဉ်ကွင်းတွင် စမ်းသပ်ပျံသန်းခဲ့သည်။ အဆိုပါလေယာဉ်သည် အလေးချိန်ပေါင် ၅၁၀၀(တန်အားဖြင့် ၂ ဒသမ ၃ တန်) အလေးချိန်ရှိသည်။ လေယာဉ်၏ တောင်ပံသည် ၇၂ မီတာရှည်လျားပြီး အပိုင်းသုံးပိုင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ထို့ပြင် တောင်ပံများတွင် ဆိုလာဆဲလ်ပေါင်း ၁၇၀၀၀ ပါရှိပြီး တစ်နာရီ ကီလိုမီတာ ၇၀ နှင့် အမြင့် ၁၂၀၀၀ မီတာအထိ ပျံသန်းနိုင်ကြောင်း သိရသည်။

Solar impulse-2 လေယာဉ်၏ ကမ္ဘာပတ်ခရီးစဉ်ကို ယခုနှစ် မတ်လ ၉ ရက် ညနေပိုင်းက စတင်ခဲ့ရာ လေယာဉ်မှူး Andre Borshberg က အာရပ်စော်ဘွားများနိုင်ငံ (UAE) Abu Dhabi လေဆိပ်မှ အိုမန်နိုင်ငံ Muscat မြို့သို့ ပျံသန်းချိန် ၁၃ နာရီ ၁ မိနစ်ဖြင့် လည်းကောင်း၊ မတ် ၁၀ ရက်တွင် လေယာဉ်မှူး Bertrand Piccard က အိုမန်နိုင်ငံ Muscat မြို့မှ အိန္ဒိယနိုင်ငံ Ahmedabad မြို့သို့ ပျံသန်းချိန် ၁၅ နာရီ မိနစ် ၂၀ ဖြင့် လည်းကောင်း၊ လေယာဉ်မှူး Andre Borshberg က အိန္ဒိယနိုင်ငံ Ahmedabad မြို့မှ Varanasi မြို့သို့ လည်းကောင်း၊ မောင်းနှင်ပျံသန်းခဲ့ပြီး မတ် ၁၉ ရက်တွင် လေယာဉ်မှူး Bertrand Piccard က Varanasi မြို့မှ မြန်မာနိုင်ငံ မန္တလေးမြို့သို့ ပျံသန်းချိန် ၁၅ နာရီကျော်ဖြင့် လည်းကောင်း မောင်းနှင်ပျံသန်းခဲ့သည်။

အဆိုပါ Solar impulse-2 သည် မြန်မာနိုင်ငံရှိ မန္တလေး၊ တရုတ်နိုင်ငံရှိ Chongqing နှင့် Nanjing၊ အမေရိကန်နိုင်ငံရှိ ဟာဝိုင်ရီနှင့် Phoenix၊ အမေရိကန်အလယ်ပိုင်း နယူးယောက်၊ ဥရောပတောင်ပိုင်း သို့မဟုတ် အာဖရိကမြောက်ပိုင်းသို့ ကမ္ဘာတစ်ပတ် အဆင့်ဆင့်ဖြတ်သန်းမောင်းနှင်မည်ဖြစ်ပြီး ဩဂုတ်လတွင် Abu Dhabiသို့ ခရီးဆုံးပျံသန်း ဝင်ရောက်မည်ဖြစ်သည်။

ထို့သို့ ကမ္ဘာတစ်ပတ် ဖြတ်သန်းပျံသန်းပြီး ရပ်နားရာဒေသများတွင် Solar impulse-2 တီထွင်ခဲ့သည့် ဆွစ်ဇာလန်နိုင်ငံ၏ ဆန်းသစ်တီထွင်မှု အတွေ့အကြုံနှင့် နည်းပညာများကို ပြန်လည်မျှဝေသွားမည်ဟု သိရသည်။ ထိုသို့ မြန်မာနိုင်ငံ မန္တလေးမြို့တွင် သုံးရက်ကြာ ရောက်ရှိရပ်နားပြီး မီဒီယာတွေ့ဆုံပွဲများနှင့် ဆွေးနွေးပွဲများကို ပြုလုပ်မည်ဖြစ်သည်။




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လေယာဉ်မှူးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

Solar impulse-2 ခရီးစဉ်တွင် မြန်မာနိုင်ငံသို့ ခရီးတစ်ထောက် နားဖြစ်ခဲ့ခြင်းမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာလက သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဆွစ်ဇာလန်နိုင်ငံခရီးစဉ်တွင် ဆွစ်ဇာလန်နိုင်ငံသမ္မတက ခရီးတစ်ထောက်ရပ်နားရန် ကမ်းလှမ်းခဲ့သောကြောင့်ဟု သိရှိရသည်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော နေရောင်ခြည်စွမ်းအင်သုံး Solar impulse-2 ၏ပျံသန်းမှုကုန်ကျစရိတ်သည် CHF-400000 ကုန်ကျမည်ဟု ခန့်မှန်းထားပြီး ၂၀၁၄ ခုနှစ်က ပျံသန်းခဲ့သည့် Solar impulse-1သည် CHF-500000 ကုန်ကျခဲ့သည့်အတွက် ပျံသန်းမှုကုန်ကျစရိတ်သက်သာကြောင်း သိရှိရသည်။

ထို့ကြောင့် တီထွင်ကြံဆပြီး ဖြစ်မြောက်အောင်မြင်စေရန် ဆောင်ရွက်ခြင်းသည် လူသားတို့၏ စွမ်းရည်ဖြစ်ပါကြောင်း၊ သဘာဝစွမ်းအင်ဖြင့် ဝေဟင်၌ပျံသန်းနိုင်သည်ကို သက်သေပြလိုက်သည့် ဆွစ်ဇာလန်နိုင်ငံမှ Solar Impulse-2 သည် သဘာဝအလျောက်ရရှိသည့် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုထားပြီး သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာခဲ့ကြရာ နေ့လယ်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

■

# Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

**မန္တလေး မတ် ၂၀**

Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၈ နာရီခွဲက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းရှိ ယာယီစခန်း၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ Solar Impulse-2 လေယာဉ်မှူးများ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**




ရှင်းလင်းပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Solar Impulse မန်နေဂျင်းဒါရိုက်တာ မစ္စတာဂရက်ဂိုရီဘလတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ခရစ္စတိုဘာဂျန်နာတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ကမ္ဘာတစ်ပတ် ပတ်နိုင်ရန် စီစဉ်မှုများနှင့် ဆိုလာလေယာဉ်စီမံကိန်းဆောင်ရွက်မှုများအား ပရိုဂျက်တာဖြင့် ပြသရှင်းလင်းသည်။

ဆက်လက်၍ Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ လေယာဉ်မှူးများဖြစ်ကြသည့် ဘတ်ထရန်ပတ်ကဒ်နှင့် အန်ဒရီဘော့ချ်ဘတ်ဂ်တို့က Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် တီထွင်ဖန်တီးမှုသမိုင်းတစ်ခေတ်ဆန်းသည့် ဖြစ်ရပ်ဖြစ်ပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသည် သာယာဝပြောမှုနှင့် ငြိမ်းချမ်းခြင်းတို့၏ အရင်းအမြစ်တစ်ရပ်ဖြစ်ပါကြောင်း၊ တူညီသည့် စွန့်ဦးတီထွင်မှုစိတ်အား ထက်သန်မှုဖြစ်စဉ်တွင် ပါဝင်ရသည့်အတွက် များစွာကြည်နူးဝမ်းမြောက်မိပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာများအား ထိထိရောက်ရောက် အသုံးချခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများမှ ပိုင်းခြားခွဲထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ ဆိုလာနည်းပညာသည် နောင်လာမည့် မျိုးဆက်သစ်များ၏ လူမှုဖွံ့ဖြိုးတိုးတက်မှုများအား ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ကမ္ဘာတစ်ပတ်ပျံသန်းနိုင်ရေး ပံ့ပိုးကူညီကြသည့် ကုမ္ပဏီများကိုယ်စား ရှင်ဒလာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ မစ္စတာ စတီဗင်ဖော်စတာ၊ အပ်ဖ်အမ်အိုင်ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာဆော့ချ်ပန်(ခ) ဦးသိမ်းဝေတို့က Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ကမ္ဘာတစ်ပတ်ပျံသန်းနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ လေယာဉ်မှူးများ ဖြစ်ကြသည့် ဘတ်ထရန်ပတ်ကဒ်နှင့် အန်ဒရီဘော့ချ်ဘတ်ဂ်တို့က ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်၍ Solar Impulse-2 နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်အား လာရောက်လေ့လာကြသည့် ကင်းထောက်မောင်မယ်များ၊ နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများအား ဆွစ်ဇာလန်နိုင်ငံ ABB ကုမ္ပဏီ၊ မြန်မာနိုင်ငံဌာနေအုပ်ချုပ်မှုဒါရိုက်တာ မစ္စတာချိုင်ရော့ပီရာဝါနာရတ်က ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**



# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ရပ်နားစဉ် လာရောက်လေ့လာသူများပြားသတင်းစာများအခမဲ့ဖြန့်ဝေပေး၍ အကျိုးရှိ

**မန္တလေး မတ် ၂၀**

နေရောင်ခြည် စွမ်းအင်တစ်မျိုးတည်းကိုသာအသုံးပြုပြီး ကမ္ဘာတစ်ပတ် ပျံသန်းမည့် Solar Impulse-2 လေယာဉ်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရောက်ရှိရပ်နားစဉ်အတွင်း နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ လာရောက်လေ့လာလျက်ရှိကြသည်။

ထိုသို့လေ့လာစဉ် “Solar Impulse-2 လေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ”သတင်းပါ မြန်မာ့အလင်း၊ ကြေးမုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ် မြန်မာသတင်းစာများကို အခမဲ့ဖြန့်ဝေပေးခဲ့ရာ **(ဝဲပုံ)** လာရောက်လေ့လာသူများအတွက် အကျိုးရှိသကဲ့သို့ လေယာဉ်ပျံသန်းမှုအစီအစဉ် အထောက်အကူပြုအဖွဲ့မှ ဆွစ်ဇာလန်နိုင်ငံသူတစ်ဦးကလည်း ယခုကဲ့သို့ လေယာဉ်နှင့်ပတ်သက်သည့်သတင်းကို အလေးထားဖော်ပြပေးသည့်အတွက် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်းနှင့် ပျံသန်းမှုခရီးစဉ်မှတ်တမ်းအဖြစ် ယူဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **အေးမြ(မန်းကိုယ်ပွား)**

ပြည်တွင်းရေးရာ

# ဆိုလာလေယာဉ်လေ့လာမှုမှတစ်ဆင့် ဆန်းသစ်သောတီထွင်ကြံဆမှုနှင့် စိတ်ကူးစိတ်သန်းများရရှိမည်ဟု ယုံကြည်

**မန္တလေး မတ် ၂၀**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)၌ ခရီးတစ်ထောက်ခိုနားနေသော ကမ္ဘာပတ်နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 လေယာဉ်အား လေကြောင်းနှင့် အာကာသတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာလျက်ရှိသည်။

အဆိုပါလေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းကာ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများ လေ့လာနိုင်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရသည်။ ထို့သို့ ကျောင်းများ၊ တက္ကသိုလ်များမှ လာရောက်လေ့လာရာတွင် လေကြောင်းနှင့်အာကာသပညာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်၊ ကင်းထောက်လူငယ်မောင်မယ် ၆၀ ကျော်နှင့် အခြားသော ကျောင်းများနှင့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူ ပြည်သူအများအပြား စိတ်ဝင်တစား လာရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

Mobile hangar အတွင်း၌ ထားရှိသော နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 လေယာဉ်အား ကျောင်းသား ကျောင်းသူများ ၁၀ ယောက် တစ်အုပ်စု စနစ်ဖြင့် ဆိုလာလေယာဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲအပြီးမှ စတင်ကာ စနစ်တကျကြည့်ရှုစေခဲ့ပြီး ညနေပိုင်းတွင် စိတ်ဝင်စားသည့် ပြည်သူများအား ဝင်ရောက်လေ့လာကြည့်ရှုခွင့်ပြုခဲ့သည်။ လေယာဉ်မှူးများအနေဖြင့်လည်း အဆိုပါ လေယာဉ်အား အာရှတိုက်သို့ ပထမဆုံးအကြိမ် စတင်ပျံသန်းချိန်တွင် မြန်မာနိုင်ငံ၏ နွေးထွေးစွာကြိုဆိုမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကြောင့် ကျေနပ်ဝမ်းသာမှု အပြည့်အဝပေးစွမ်းနိုင်သည်ဟု မှတ်ယူကြမည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွက်လည်း ကမ္ဘာတစ်ပတ်ဆိုလာလေယာဉ် ဆင်းသက်သည့် အရှေ့တောင်အာရှနိုင်ငံများအနက် တစ်ခုတည်းသောနိုင်ငံဖြစ်ခြင်းကြောင့် ဂုဏ်ယူဖွယ်ရာဖြစ်သည့်အပြင် ရေရှည်တည်တံ့မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ပေးစွမ်းနိုင်မည့် စွမ်းအင်နည်းပညာ၏ အရေးပါပုံကို ကောင်းစွာနားလည် သဘောပေါက်လာကြမည်ဖြစ်သည်။ ထို့အပြင် ဆိုလာလေယာဉ်သည် အနုစိတ်တည်ဆောက်ခြင်းနည်းပညာ၊ တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်ခြင်း၊ မတူညီသောနည်းပညာများ ပေါင်းစပ်မှုတို့နှင့်အတူ ကျွမ်းကျင်မှုများ၊ စိတ်ကူးစိတ်သန်းများဖြင့် ပုံဖော်ထားခြင်းကြောင့် ဆိုလာလေယာဉ်ကို လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများအနေဖြင့် ဆိုလာလေယာဉ်မှတစ်ဆင့် ဆန်းသစ်သောတီထွင်ကြံဆမှု၊ စိတ်ကူးစိတ်သန်းများ မလွဲမသွေရရှိမည်ဟု ယုံကြည်မိပါသည်။

မင်းမင်းဇော်၊ နိုင်လင်းကြည်၊ ကျော်ထိုက်စိုး





မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)၌ ကမ္ဘာပတ်နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 လေယာဉ်အား ကျောင်းသား ကျောင်းသူများ၊ ကင်းထောက်လူငယ်မောင်မယ်များနှင့် စိတ်ပါဝင်စားသူ ပြည်သူအများအပြား လာရောက်လေ့လာကြည့်ရှုကြစဉ်။

# မျှဝေလိုသူများနှင့် လေ့လာသူများ၏ ရင်တွင်းပီတိစကားသံများ

အမေး၊ အရေး
မင်းမင်းဇော်၊ နိုင်လင်းကြည်
ဓာတ်ပုံ - ကျော်ထိုက်စိုး

**နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် မတ် ၁၉ ရက် ညပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောင်မြင်စွာဆင်းသက်ရောက်ရှိခဲ့ပြီဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အဆင့်မြင့်နည်းပညာတို့ ပေါင်းစပ်၍မဖြစ်နိုင်ဟုယူဆခဲ့သည်ကို ဖြစ်နိုင်သည်ဟု သက်သေပြနိုင်သည့်အတွက် ကမ္ဘာတစ်ရပ်လုံး အထူးစိတ်ဝင်စားခဲ့ကြသည်။ အဆင့်မြင့်နည်းပညာအား လေ့လာလိုသူများပြားခဲ့သည်။ နည်းပညာသစ်တီထွင်ဆန်းသစ်သူများကလည်း ပြန်လည်မျှဝေပေးလိုကြသည်။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း လွယ်လင့်တကူလေ့လာနိုင်ရန် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် နည်းပညာပြန်လည်မျှဝေပေးလိုသူများနှင့် လေ့လာသူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေပေးလိုက်ရပါသည်။**



မစ္စတာ အာနီလူချန်



မစ္စတာ ခရစ္စတိုဘာဂျန်နာ

**မစ္စတာ အာနီလူချန် (ဒါရိုက်တာ၊ အက်ဖ်အမ်အိုင် ကုမ္ပဏီ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုအုပ်စု)**

စိတ်အားထက်သန်တက်ကြွမှုကိုဖြစ်စေတယ်ဆိုတဲ့ စကားလုံးတွေကို ကျွန်တော် အနှစ်သက်ဆုံးဖြစ်ပါတယ်။ စိတ်အားထက်သန်မှုတွေ၊ ဆန်းသစ်တီထွင်မှုတွေရယ် ပေါင်းစပ်လိုက်ရင် မဖြစ်နိုင်ဘူးဆိုတဲ့အရာတွေဟာ နောက်ဆုံးမှာတော့ဖြစ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကြိုတင်ပြင်ဆင်မှုတွေ၊ ပူးပေါင်းကူညီဆောင်ရွက်ပေးမှုတွေက ကျွန်တော်တို့အဖွဲ့ဝင်တွေအတွက် အားရကျေနပ်စရာပါပဲ။

**မစ္စတာ ခရစ္စတိုဘာဂျန်နာ**
**မြန်မာနိုင်ငံဆိုင်ရာဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး**

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဆိုတဲ့စိတ်ကူးရဲ့အစဟာ ဆွစ်ဇာလန်နိုင်ငံက စတင်တာပါ။ ကျွန်တော်တို့လေယာဉ်မှူးတွေဟာ လေယာဉ်ချည်းပဲသယ်လာတာမဟုတ်ပါဘူး။ စွန့်ဦးတီထွင်လိုစိတ်တွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအတွေးအမြင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ကို မျိုးစေ့ချပေးမယ်ဆိုတာတွေပါသယ်ဆောင်လာခဲ့တာပါ။ စိတ်ကူးစိတ်သန်းတွေ၊ စွမ်းအင်ကဏ္ဍတွေမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ မျှော်လင့်ချက်အိပ်မက်တွေကိုပါ သယ်လာခဲ့တာဖြစ်ပါတယ်။ ပြင်ဆင်ကြိုဆိုမှုတွေအတွက် အားလုံးက ဝမ်းသာပီတိဖြစ်နေကြတယ်။

**ဒေါ်မြမြဝိုင်း [အလယ်တန်းပြဆရာမ၊ အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး]**

ဒီနေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဟာ အရှေ့တောင်အာရှနိုင်ငံတွေထဲကမှ ကျွန်မတို့တိုင်းပြည်မှာ ဆင်းတယ်ဆိုတာဂုဏ်ယူစရာပါ။ နောင်လာမယ့်မျိုးဆက်သစ်တွေအနေနဲ့ နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုနိုင်ရင်ဆိုတဲ့ အတွေးတွေကနေ စက်မှုလုပ်ငန်းတွေအထိ ကလေးတွေအတွက် ပိုမိုဗဟုသုတရပြီး အမြင်တွေပွင့်လင်းစေပါတယ်။ အခု နေရောင်ခြည်စွမ်းအင်အသုံးပြုတဲ့ လေယာဉ်ကို ကလေးတွေ ကိုယ်တွေ့မြင်တွေ့ရပြီလေ။ နောင်ကို ကျွန်မတို့နိုင်ငံအတွက် မျှော်မှန်းနိုင်တာပေ့ါ။

**ခွန်မောင်ဆွေ(နည်းပြ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်)**

အခု ဒီကို လာလေ့လာဖြစ်တာက လေကြောင်းတက္ကသိုလ်နဲ့ သက်ဆိုင်တဲ့ နည်းပညာတွေကို စိတ်ဝင်စားလို့ လာရောက်လေ့လာခြင်းပဲဖြစ်ပါတယ်။



မောင်စွမ်းထက်ယဉ်ထွေး



မနှင်းစက်မိုးဦး



ဒေါ်မြမြဝိုင်း



ခွန်မောင်ဆွေ

နည်းပညာအသစ်အဆန်းတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ရရှိပါတယ်။ နည်းပညာသစ်တွေက အလွန်စိတ်လှုပ်ရှားစရာကောင်းပါတယ်။ အခု ကျောင်းသား ၁၀၀ ကျော်နဲ့ လာရောက်လေ့လာခြင်းဖြစ်ပါတယ်။

**မောင်စွမ်းထက်ယဉ်ထွေး[ကင်းထောက်လူငယ်၊ ဆဋ္ဌမတန်း၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၊ မန္တလေးမြို့]**

ဒီနေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကိုလေ့လာရတာ သားအတွက် အထူးအဆန်းဖြစ်တယ်။ အံ့ဩတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အခြားလောင်စာဆီတွေ မပါလို့ပါပဲ။ သား လေယာဉ်စီးချင်တယ်။ သား စာကြိုးစားမယ်။ အခုလာရောက်လေ့လာတဲ့ သားအပါအဝင် ကင်းထောက်လူငယ်မောင်မယ်တွေ ၆၀ ကျော်ပါဝင်ပါတယ်။

**မနှင်းစက်မိုးဦး(ကင်းထောက်လူငယ်၊ သတ္တမတန်း၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၊ မန္တလေးမြို့)**

ဒီဆိုလာလေယာဉ်ကို လေ့လာရတာ ပညာရပ်ဆိုင်ရာဗဟုသုတတွေရတယ်။ နေရောင်ခြည်ကိုပဲသုံးတယ်ဆိုတာကတော့ အံ့ဩစရာပါပဲ။ သမီးတို့လည်း တီထွင်မှုတွေ လုပ်နိုင်အောင်ကြိုးစားမယ်။

# ပြည်တွင်းရေးရာ

ကျောဖုံးမှ

နေ့စားဆရာ ဆရာမများအား ခန့်ထားပေးနိုင်မှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် ကျောင်းသားဦးရေနှင့် ဆရာအချိုးမှာ လုံလောက်မှုမရှိသေးပါကြောင်း၊ အထူးသဖြင့် နယ်မြို့များတွင် အပြည့်အဝမရရှိကြပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍလိုအပ်ချက်ဖြစ်သည့် အဆောက်အအုံ၊ သင်ထောက်ကူပစ္စည်း၊ ဆရာ ဆရာမလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် အင်္ဂလိပ်ဘာသာရပ်ကျွမ်းကျင်မှုရှိစေရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ ပြည်ပခရီးစဉ်တွင် ဆောင်ရွက်ခဲ့မှုကြောင့် ဗြိတိသျှကောင်စီ၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အင်္ဂလိပ်ဘာသာရပ်သင် ဆရာ ဆရာမများအား စေလွှတ်၍ သင်ကြားပေးခဲ့ပါကြောင်း၊ အဆောက်အအုံသစ်များ တည်ဆောက်ရာတွင် လိုအပ်သည့် အရည်အသွေး ပြည့်မီစေရန်အတွက် သုံးစွဲသည့်ပစ္စည်းများကို တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများက တပည့်များကို အရည်အသွေးထက်မြက်စေရန် သင်ကြားပေးရန် လိုအပ်သကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏ အရည်အသွေးကို တိုးတက်စေရန် ကြိုးစားနေရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းဝင်းအတွင်း အလျား ပေ ၉၀၊ အနံ ပေ ၃၀ RC တစ်ထပ်ဆောင်နှင့် အလျား ပေ ၂၀၀၊ အနံ ပေ ၃၀ RCC နှစ်ထပ် စာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် လားရှိုးတက္ကသိုလ်သို့ရောက်ရှိပြီး သုံးထပ်စာသင်ဆောင်အသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းကြောင်း၊ တည်နေရာ အကျယ်အဝန်း၊ သုံးထပ်စာသင်ဆောင်၊ ပါမောက္ခချုပ်အိမ်၊ ဝန်ထမ်းအိမ်ရာလေးခန်းတွဲ လေးထပ် သုံးလုံးတည်ဆောက်နေမှု၊ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း အိပ်ဆောင်နှင့် နားနေဆောင်၊ ကျောင်းသားအိပ်ဆောင်(၂)ရေရရှိရေးအတွက် ဘဏ္ဍာငွေရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက တက္ကသိုလ်တစ်ခု၏ ဂုဏ်ပုဒ်သည် ယင်းတက္ကသိုလ်၏ အရည်အသွေးပင်ဖြစ်ပြီး မွေးထုတ်လိုက်သည့် ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြင့်မားပြီး အခြားတက္ကသိုလ်များနှင့် ယှဉ်ပြိုင်နိုင်မှသာ အဆိုပါတက္ကသိုလ်၏ပုံရိပ်မှာ မြင့်တက်နေမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဖြစ်အောင်ဆိုလျှင် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၏ အရည်အသွေးကြိုးစားမှုနှင့် ခေတ်မီသင်ထောက်ကူပစ္စည်းများပြည့်စုံရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကျောင်းသား ကျောင်းသူများ၏ ပင်ကိုဉာဏ်ရည်ဉာဏ်သွေး ကြိုးစားအားထုတ်မှုသင်ယူရသည့်အခြေအနေ အဆင်ပြေမှုရှိစေရန် ဝန်းကျင်ကောင်းလိုအပ်ပြီး နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆွေးနွေးနိုင်စေရန်နှင့် သုတေသနနှင့်ဖွံ့ဖြိုးရေးကိစ္စရပ်များ တိုးတက်လာစေရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်အုပ်ချုပ်ရေးပိုင်းဆိုင်ရာအနေဖြင့်လည်း ဖြည့်ဆည်းပေးရန်ရှိသည်များကို ဖြည့်ဆည်းပေးရန်နှင့် ဘဏ္ဍာရေးသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ အသုံးပြုရန် လိုအပ်ပါကြောင်း၊ တည်ဆောက်ရေးကိစ္စနှင့် အခြားလိုအပ်ချက်များအပေါ် အသုံးပြုသည့် အခါတွင်လည်း အရည်အသွေးမနိမ့်ကျစေရန်နှင့် အလေအလွင့်မဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ကို နှစ်စဉ်တိုးမြှင့်ပေးလျက်ရှိပြီး ယခုဆိုလျှင် ဝန်ကြီးဌာန ၃၀ ကျော်တွင် ဦးစားပေးအဆင့်(၅)တွင် ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ တက္ကသိုလ်ပညာရေးအရည်အသွေးမြင့်မားလာအောင်၊ နိုင်ငံတကာအဆင့်ထိမြင့်မားလာအောင် ဘဏ္ဍာရေးမလုံလောက်မှု ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းလမ်းများအတိုင်း ပညာရေးဥပဒေနှင့်အညီ တက္ကသိုလ်နှင့်ကောလိပ်များကို သီးခြားရပ်တည်သွားနိုင်ရန်နှင့် စီမံခန့်ခွဲသွားနိုင်စေရန် မူများချမှတ်နေပြီးဖြစ်ပါကြောင်း၊ မိမိတက္ကသိုလ်အလိုက် လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိပါက တက္ကသိုလ်တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင်ရှိလာပြီး ရေရှည်ပို၍ တိုးတက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းနိုင်ငံ၏ပညာရေးအတက်အကျပေါ်တွင်မူတည်ပါကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေသည့် တိုင်းပြည်များသည် အစစအရာရာဖွံ့ဖြိုးတိုးတက်ပါကြောင်း၊ သို့ဖြစ်၍ ပညာရေးကဏ္ဍတွင်ပါဝင်နေကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးလုပ်ဆောင်မှုသည် တိုင်းပြည်၏အနာဂတ်ကို ဖော်ဆောင်နေသည့်အတွက် ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် လားရှိုးမြို့ ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်အတွင်း ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဘဏ္ဍာရေးနှစ်အလိုက် နယ်စပ်ဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်မြို့တွင် သီလရှင်ကျောင်းတည်ဆောက်နေမှုနှင့် သာသနာရေးဆိုင်ရာများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ရှမ်းပြည်နယ်အတွင်း အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေးနေမှုနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး မြို့ရေပေးဝေရေးအတွက် ရေရှည်ကောင်းမွန်အောင် စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် လျှပ်စစ်မီး၊ ရေရရှိရေး ဆောင်ရွက်ပေးရာတွင် အရည်အသွေးပြည့်မီစေရန် လိုအပ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရန်မှာလည်း လိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါကြောင်း၊ ထို့ပြင်ကြားနာမှု အစီအစဉ်တွင် ပြောကြားသော ဆွေးနွေးချက်များကို ပြည်သူများသိရှိနိုင်ရန် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ပေးပါကြောင်း၊ ကြားနာမှုအစီအစဉ်များကိုလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝေဖန်ပိုင်းခြား သုံးသပ်အကြံပြုဆွေးနွေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမကြီး၌ အစည်းအဝေးပြီးဆုံးချိန်များတွင် ပြသခဲ့ပါကြောင်း။

အထက်ပါ ကြားနာမှုအစီအစဉ်သို့ တက်ရောက်အကြံပေးဆွေးနွေးသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအပြင် အများပြည်သူက စာဖြင့်လည်းကောင်း၊ Fax/Email တို့ဖြင့် လည်းကောင်း ပေးပို့သည့်အကြံပြုစာ (၃၈၇၉) စောင်ကို လက်ခံရရှိခဲ့ပြီး ယင်းအကြံပြုချက်များအပေါ်တွင်လည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် အလေးအနက်ထား ထည့်သွင်းစဉ်းစားသုံးသပ်ခဲ့ပါကြောင်း၊ ထိုသို့ကြားနာမှုအစီအစဉ်တွင် တင်ပြခဲ့သော ဆွေးနွေးအကြံပြုချက်များ၊ အမျိုးသားလွှတ်တော်ရုံးသို့ သီးခြားပေးပို့သော အကြံပြုချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ ထည့်သွင်းစဉ်းစား ဆွေးနွေးသုံးသပ်ခဲ့ကြပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များက မြန်မာနိုင်ငံသားအားလုံးအပေါ် ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် တန်ဖိုးထားမှုများကို အစွန့်ရှည်အောင် ထိန်းသိမ်းနိုင်စွမ်းရှိစေမည့် နိုင်ငံသူ နိုင်ငံသားအားလုံး ပညာရေးတွင် တန်းတူရည်တူ တိုးတက်ခံစားရရှိစေမည့် အခွင့်အလမ်းပွင့်သည့်ပညာရေးစနစ်တစ်ခုကို ဦးတည်၍ ပြည်သူများ၏အကျိုးဖြစ်ထွန်းစေခြင်းငှာ အမှန်တကယ်လိုက်နာကျင့်သုံးနိုင်သည့် ဥပဒေဖြစ်စေရန်အတွက် ဤအစီရင်ခံစာကို ပြုစုတင်ပြအပ်ပါကြောင်း။

ဆက်လက်၍ လေ့လာတွေ့ရှိချက်များနှင့် ကော်မတီ၏သဘောထားမှတ်ချက်များကို တင်ပြရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်နှင့်အတူ ဤဥပဒေကြမ်းကြားနာမှုအစီအစဉ်တွင် တက်ရောက်ဆွေးနွေးခဲ့သည့် ဒီမိုကရေစီလှုပ်ရှားမှုဦးဆောင်ကော်မတီဝင် ကျောင်းသားကိုယ်စားလှယ်(၉)ဦး၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER)မှ ပုဂ္ဂိုလ်(၂၀)ဦး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်(၃၄)ဦး၊ ကျောင်းသားလှုပ်ရှားမှုစစ်ကြောင်းများကို ကူညီပံ့ပိုးပေးခဲ့ကြသော ပြည်သူ/အဖွဲ့အစည်းများမှ(၄)ဦး၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၄)ဦးနှင့် အကြံပြုစာပေးပို့ခဲ့ကြသော ပြည်သူများမှ(၁၅)ဦးတို့၏ အကြံပြုဆွေးနွေးချက်များ၊ ပြည်သူတို့ထံမှ အကြံပြုစာများကို စိစစ်သုံးသပ်ခဲ့ကြပါကြောင်း၊ ထိုသို့သုံးသပ်ရာ၌ ဘက်စုံထောင့်စုံမှ သုံးသပ်သည့်အပြင် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင် ကျောင်းသားကိုယ်စားလှယ်များ၏ လေးပွင့်ဆိုင်အစည်းအဝေး၌ တင်ပြအတည်ပြုထားသည့် တောင်းဆိုချက်(၁၁)ချက်၊ ပြင်ဆင်သည့်ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲ တစ်ခုချင်းအပေါ် ၎င်းကျောင်းသားကိုယ်စားလှယ်များ၏ တင်ပြချက်များကို အဓိကအခြေခံ၍ စဉ်းစားကာ လက်ခံသင့်သည့် ပြဋ္ဌာန်းချက်(၁၃)ချက်၊ ဥပဒေရေးထုံးနှင့်အညီ ပြုပြင်ရေးသားသင့်သည့် ပြဋ္ဌာန်းချက် (၂၅) ချက်၊ စကားရပ်အစားထိုး ပြင်ဆင်ရေးသားသင့်သည့် ပြဋ္ဌာန်းချက်(၂၄)ချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့် ပြဋ္ဌာန်းချက်(၁၉)ချက်စသည်ဖြင့် ကဏ္ဍခွဲခြား ရရှိခဲ့ပါကြောင်း။

အဆိုပါ ခွဲခြားရရှိသည့်အတိုင်း ပြင်ဆင်ဖြည့်စွက်ချက်များ ဆောင်ရွက်ပြီး ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်အပြည့်အစုံကို ဤအစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်၏ အနာဂတ်ပညာရေးအဆင့်မြင့်မားရေးအတွက် အမျိုးသားရေးအမြင်ဖြင့် ရှုမြင်သုံးသပ်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဆိုပြုတင်သွင်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေပြုရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း စသည်ဖြင့် ဖတ်ကြားတင်သွင်းခဲ့သည်။ **(သတင်းစဉ်)**

## တပ်မတော်စစ်ကြောင်းများက ပွိုင့်-၁၉၆၅ တောင်ကုန်းအား သိမ်းပိုက်ရရှိ

**နေပြည်တော် မတ် ၂၀**

တပ်မတော်စစ်ကြောင်းများက လော်ကွားကျိုင်း မြောက်ဘက်ရှိ သောင်းကျန်းသူများအခိုင်အမာခြေကုပ်ယူ ခုခံလျက်ရှိသော ပွိုင့်-၁၉၆၅ တောင်ကုန်းအား ယနေ့နံနက်ပိုင်းမှစတင်၍ထိုးဖောက်တိုက်စစ်ဆင်နွှဲခဲ့ရာ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး မွန်းလွဲပိုင်းတွင် ၎င်းတောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့သည်။ ၎င်းတောင်ကုန်းပေါ်တွင် လူ ၂၀၀ ခန့်ကောင်းစွာ တပ်ဖြန့်နိုင်သော ဗုံးခိုကျင်းများ၊ ခေါင်ကတုတ်ပါ ပစ်ကျင်းများ၊ မြေခွေးကျင်းများနှင့် လူနေတဲကြီး ၁၀ လုံးခန့်တို့အား တည်ဆောက်အခြေပြုထားကြောင်း သိရှိရသည်။ အလားတူ ပွိုင့်-၁၉၆၅ ၏ မြောက်ဘက်ရှိ ပွိုင့်-၁၉၅၁ နှင့် ပွိုင့်-၁၉၆၈ အပါအဝင် အနီးပတ်ဝန်းကျင်ရှိတောင်ကုန်းများအား လေကြောင်းမှ တိုက်ခိုက်ချေမှုန်းခဲ့သည်။

ထို့ပြင် မတ် ၁၉ ရက်က နှစ်နိုင်ငံနယ်စပ်နှင့် မီတာ ၁၅၀၀ ခန့်အကွာရှိ သောင်းကျန်းသူတို့အတွက် အရေးကြီးသော စစ်နည်းဗျူဟာအရ အရေးကြီးသော တောင်ကုန်းများဖြစ်သည့် ပွိုင့်-၁၅၆၄ နှင့် ရှင်ခုတ်ထန် မြောက်ဘက် တောင်ကြောတို့အား ထိုးစစ်ဆင်တိုက်ခိုက်၍ သောင်းကျန်းသူ အင်အားစုများအား ရင်ဆိုင်ထိန်းချုပ်တိုက်ခိုက်လျက်ရှိသည်။

အဆိုပါ တိုက်ပွဲဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ တရုတ်စက်လတ် တစ်လက်၊ ကျည်မျိုးစုံ အတောင့် ၇၁၀၊ လက်ပစ်ဗုံး ခြောက်လုံး၊ TNLA ယူနီဖောင်း တစ်စုံ၊ ကိုးကန့်သောင်းကျန်းသူ ယူနီဖောင်း ၁၀ စုံ၊ မြန်မာ/ရခိုင်ဘာသာ မှတ်စုစာအုပ်တစ်အုပ်နှင့် လူ ၂၀၀ ခန့် အသုံးပြုနိုင်သော အုပ်ချုပ်မှု အထောက်အကူပြု ပစ္စည်းမျိုးစုံတို့အား သိမ်းဆည်းရရှိခဲ့သည်။ တပ်မတော်မှ စစ်သည်သုံးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိစစ်သည် ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**



## ပြည်တွင်းရေးရာ

# (၄၁) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မော်လမြိုင် မတ် ၂၀**

၂၀၁၅ ခုနှစ် (၄၁) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မအားကစားကွင်း၌ မတ် ၁၉ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပခဲ့ရာ**(ယာပုံ)** အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ သီရိပျံချီ ဦးအုန်းမြင့်နှင့်ဇနီး၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ KNLA ငြိမ်းချမ်းရေး အဖွဲ့တပ်မဟာ (၁)မှ ဗိုလ်မှူးချုပ်စောကျော်လင်း၊ ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်သူလူထု စုစုပေါင်း အင်အား ၆၀၀၀ ကျော် စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိအဖွဲ့နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုပြီး နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ (၄၁) နှစ်မြောက် မွန်ပြည်နယ်နေ့သို့ ပေးပို့သည့် သဝဏ်လွှာကို မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးအုန်းမြင့်က ဖတ်ကြားသည်။ ယင်းနောက် မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်နှင့် KNLA ငြိမ်းချမ်းရေးအဖွဲ့ တပ်မဟာ (၁)မှ ဗိုလ်မှူးချုပ် စောကျော်လင်းတို့က အသီးသီးဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဂုဏ်ဆောင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနား တက်






ရောက်လာကြသည့် ဧည့်ပရိသတ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ 21 Paradise သဘာဝရေပူစမ်း အပန်းဖြေစခန်း ဖွင့်ပွဲသို့ တက်ရောက်ခဲ့ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် 21 Paradise ဟိုတယ်လုပ်ငန်းရှင် ဦးခင်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အပန်းဖြေစခန်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက သဘာဝရေပူစမ်း အပန်းဖြေစခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နံနက် ၁၁ နာရီတွင် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေတွင် ကျင်းပသည့် (၄၁) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်း၊ အရောင်းပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားမှခံဦးအား ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဌာနဆိုင်ရာပြခန်းများနှင့် အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲသို့ လာရောက်ဖျော်ဖြေပေးကြသည့် တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ညနေ ၄ နာရီတွင် စက်စဲကမ်းခြေ၌ သဲသောင်ပြင် အားကစားပြိုင်ပွဲများကို ကျင်းပပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

မတ် ၁၉ ရက်တွင် စက်စဲကမ်းခြေ၌ ကျင်းပသည့် (၄၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ပြည်တွင်း ပြည်ပမှ ခရီးသွားများ၊ ဒေသခံပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်အတွက် (၇)ကြိမ်မြောက် အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။** (ဓာတ်ပုံ-MPC)

# (၇) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် စတုတ္ထနေ့ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၂၀**

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) အတွက် (၇) ကြိမ်မြောက် အစည်းအဝေး စတုတ္ထနေ့ကို မတ်လ ၂၀ ရက်နေ့တွင် ဆက်လက်ကျင်းပသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA)တွင် အခန်း (၇) ခန်း ရှိသည့်အနက် အခန်း (၅) အထိ ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးပါက စာချုပ်ပါ အချက်များအား တာဝန်ယူ၊ တာဝန်ခံပြီး အကောင်အထည်ဖော်မည့် ယန္တရားတစ်ခု ဖန်တီးနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ ဆွေးနွေးရာတွင် အသေးစိတ် အချိန်ယူဆွေးနွေးခဲ့ရပြီး အရေးအကြီးဆုံး အစိတ်အပိုင်းတစ်ခုအား နှစ်ဖက်သဘောတူ ဆွေးနွေးနိုင်ခဲ့ကြောင်း ဆွေးနွေးပွဲအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်းက "သတင်းကောင်းကတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုလို့ရှိရင် ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတဲ့ ယန္တရားဖန်တီးမှုကို ကျွန်တော်တို့အနေနဲ့ သဘောတူနိုင်ပြီ ဖြစ်ပါတယ်။ ဒါက အင်မတန်မှ အရေးကြီးတဲ့အချက် သဘောတူနိုင်တဲ့အတွက် အင်မတန်အောင်မြင်တဲ့အချက်လို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ဆွေးနွေးပွဲအပြီးတွင် မီဒီယာများအား ပြောကြားသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးပါက ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်းသွားမည်ဖြစ်သည်။ ပူးတွဲစောင့်ကြည့်ရေးကော်မတီအား ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုကော်မတီအပါအဝင် လိုအပ်ပါက လုပ်ငန်းအထောက်အကူပြုကော်မတီနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုကော်မတီများကို ဖွဲ့စည်းသွားမည်ဖြစ်သည်။ ယင်းသို့ ကော်မတီများဖွဲ့စည်းရခြင်းမှာ NCA စာချုပ် ချုပ်ဆိုပြီးပါက ပိုမိုခိုင်မာစေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် အစီအစဉ်ချမှတ်ထားခြင်းဖြစ်သည်ဟု ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်းက ပြောကြားသည်။

(၇) ကြိမ်မြောက် UPWC နှင့် NCCT တို့၏ တွေ့ဆုံဆွေးနွေးပွဲ စတုတ္ထနေ့အထိ နှစ်ဖက်သဘောတူညီမှုများ ရရှိခဲ့သည်။ မတ်လ ၂၁ ရက်နေ့ ဆွေးနွေးပွဲ၌ ဆွေးနွေးဆဲဖြစ်သည့် Road Map (လမ်းပြမြေပုံ)နှင့် အခန်း (၅) တွင် ကျန်ရှိသည့် အပိုဒ်ခွဲငယ်နှစ်ခု၊ အခန်း (၆)နှင့် အခန်း (၇) တို့ကို ပဉ္စမရက်မြောက်နေ့အဖြစ် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

### ❐ (၂၈)ကြိမ်မြောက်မှ

ရယူနိုင်ခဲ့သလို နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၄ ခုနှစ် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင်လည်း မြန်မာအားကစားအဖွဲ့ ရရှိသည့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်အားလုံးကို ပိုက်ကျော်ခြင်းအဖွဲ့ကသာ ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအဖွဲ့အနေဖြင့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး နိုင်ငံတကာပြိုင်ပွဲများကိုလည်း ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိသည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က "ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကတည်းက စတင်ပြင်ဆင်ခဲ့ပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်ခဲ့သလို အခု ၂၀၁၅ ခုနှစ်အတွင်းမှာတော့ စူပါစီးရီးပိုက်ကျော်ခြင်းပြိုင်ပွဲတွေကို ယှဉ်ပြိုင်နေပါတယ်။ စူပါစီးရီးပြိုင်ပွဲတွေကိုတော့ မျိုးဆက်သစ်တွေ စေလွှတ်ယှဉ်ပြိုင်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မလေးရှား၊ ထိုင်းတို့ကို ယှဉ်ကစားနိုင်ခဲ့ပေမယ့် မျိုးဆက်သစ်မွေးထုတ်ပေးနိုင်မှုက အရမ်းကို အားနည်းနေပါတယ်။ ဒါကြောင့် အခြေခံကျပြီး မျိုးဆက်သစ်တွေ မွေးထုတ်ပေးနိုင်မယ့် သင်တန်းကျောင်းဖွင့်လှစ်ဖို့ ပြုလုပ်နေတာပါ။ ဒ့ါအပြင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နဲ့ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ရဲ့ ဥက္ကဋ္ဌ ဖြစ်တာကြောင့် အားကစားနည်း နှစ်ခုစလုံးမှာ မျိုးဆက်သစ်ကစားသမားတွေ ထွက်ပေါ်လာဖို့ သင်တန်းကျောင်းတစ်ခု ဖွင့်လှစ်သွားဖို့ရှိပါတယ်။ အဲဒီ သင်တန်းကျောင်းကို မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်နားတည်ဆောက်ဖို့ စီစဉ်ထားပြီး တည်ဆောက်ခွင့်ရဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားပါတယ်။

ကျွန်တော်ဝယ်ယူထားတဲ့ မြေကို အဖွဲ့ချုပ်ပိုင်အဖြစ် လှူဒါန်းသွားမှာဖြစ်ပြီး ပိုက်ကျော်ခြင်းနဲ့ ခြင်းလုံးမျိုးဆက်သစ် ကစားသမားတွေသင်ကြားပေးဖို့ သင်တန်းကျောင်း တည်ဆောက်မှာပါ။ နိုင်ငံတကာကို လေ့လာကြည့်တဲ့အခါမှာ အားကစားသင်တန်းကျောင်းတွေရဲ့ ဘေးမှာ ဆိုင်တွေ၊ ဟိုတယ်တွေ တည်ဆောက်ထားပြီး အဲဒီကရတဲ့ငွေနဲ့ အဖွဲ့ချုပ်တွေက ကိုယ်ပိုင်ရန်ပုံငွေအဖြစ် အသုံးပြုနိုင်မှာပါ။ ကျွန်တော့်အနေနဲ့လည်း သင်တန်းကျောင်းဘေးမှာ ဟိုတယ်တစ်ခု တည်ဆောက်သွားမှာဖြစ်ပြီး အဲဒီကရတဲ့ဝင်ငွေနဲ့ သင်တန်းကျောင်း၊ ပိုက်ကျော်ခြင်းနဲ့ ခြင်းလုံးအဖွဲ့ချုပ်တွေ ရေရှည်ရပ်တည်နိုင်ဖို့ အသုံးပြုသွားမှာပါ။ သင်တန်းကျောင်းကို ခွင့်ပြုချက်ရတာနဲ့ အကောင်အထည်ဖော်သွားမှာဖြစ်ပြီး တစ်နှစ်အတွင်း တည်ဆောက်သွားမှာပါ။ အားကစားနည်းတစ်ခု တိုးတက်အောင်မြင်ဖို့ အဖွဲ့ချုပ်တစ်ခုတည်း ဆောင်ရွက်ဖို့မဖြစ်နိုင်ဘဲ သက်ဆိုင်ရာတာဝန်ရှိသူတွေက ပံ့ပိုးကူညီအားပေးမှသာ အလျင်အမြန်တိုးတက်မှာပါ"ဟု ပြောကြားသည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင်လည်း အမိနိုင်ငံအတွက် အောင်မြင်မှုများ ရယူပေးမည့် အားကစားနည်း ဖြစ်လာနိုင်ပါကြောင်း။ ။

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**၂၁-၃-၂၀၁၅ (စနေနေ့)**

| | |
|---|---|
| ၆း၀၀ | အဖွင့် -မြို့မငြိမ်း(၁၀၅)နှစ်မြောက် အထိမ်းအမှတ် မန္တလေးမြို့မ တူရိယာအသင်းနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု(အပိုင်း-၉) |
| ၆း၂၀ | သုံးသပ်ရှုမြင်မြန်မာရုပ်ရှင် "လူကြီးမင်းခင်ဗျား" |
| ၆း၃၅ | သီချင်းကြီးပဒေသာ |
| ၆း၅၀ | ပျော်ရွှင်စေသောနေ့ရက်များ "ရန်များကိုရှင်းမယ်" (ဇာတ်သိမ်း) |
| ၇း၀၅ | ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ"ကိုယ်ကျင့်တရား" (ဘလိတ်၊ စောမြတ်နိုး၊ ဧငြိမ်းဖြူ) [ဒါရိုက်တာ-သီတာလင်း (Lure Art Academy)] |
| ၈း၀၀ | "ရွှေမြန်မာအငြိမ့်" (ယဉ်ကျေးမှုဝန်ကြီးဌာန) |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း "မချစ်ဘူးမုန်းတယ်" (နိုင်းနိုင်း၊ အေးမြတ်သူ) (ဒါရိုက်တာ-အောင်ဩဘာ) |

### ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**သထုံ မတ် ၂၀**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ကျိုက်ထိုမြို့နယ်အတွင်းရှိ ရေပေးရေးလုပ်ငန်း ၃၁ ခုအား ZF ကုမ္ပဏီက တင်ဒါရယူဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက်က သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်း ကွင်းဆင်းစစ်ဆေးပြီး အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **(ကျေးလက်ဦးစီး)**

# ရွေးကောက်ပွဲဖြစ်စဉ်များတွင် မသန်စွမ်းသူများ ပိုမိုပါဝင်ခွင့်ရရှိလာရေး နိုင်ငံရေးပါတီအချို့နှင့် မသန်စွမ်းအဖွဲ့ခေါင်းဆောင်များ ဆွေးနွေး

**ရန်ကုန် မတ် ၂၀**

ရွေးကောက်ပွဲဖြစ်စဉ်များတွင် မသန်စွမ်းသူများ ပိုမိုပါဝင်ခွင့်ရရှိလာစေရေးအတွက် နိုင်ငံရေးပါတီအချို့နှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကျိုက်ဝိုင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်း (တစ်နည်းအားဖြင့် ၁၃ သိန်းခန့်) သည် မသန်စွမ်းသူများဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသကဲ့သို့ ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် တစ်နည်းနည်းဖြင့် မသန်စွမ်းသူများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကလည်း ဖော်ပြထားသည်။

"မသန်စွမ်းသူတွေ အရေးအတွက်များပြားတဲ့အတွက် လျစ်လျူရှုထားမယ်ဆိုရင် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်နိုင်ပါတယ်။ သူတို့ရဲ့ အခွင့်အရေးတွေကိုသိရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ကို ဖန်တီးပေးလိုက်မယ်ဆိုရင် လူ့အဖွဲ့အစည်းနဲ့ နိုင်ငံကို အကျိုးပြုနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်လာမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ တည်ထောင်သူနှင့် အစီအစဉ်ဒါရိုက်တာ ဦးနေလင်းစိုးက ပြောသည်။

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်နှင့် မသန်စွမ်းသူများ အကျိုးဝင်ရေး၊ မဲပေးရေးလုပ်ငန်းစဉ်များ ဖြစ်ပေါ်လာရေးအတွက် မသန်စွမ်းအဖွဲ့အစည်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အကြား ပူးပေါင်းဆောင်ရွက်မှုများရှိသကဲ့သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ ဖိလစ်ပိုင်နိုင်ငံ ရွေးကောက်ပွဲလုပ်ငန်းစဉ် အတွေ့အကြုံများကိုလည်း သွားရောက်လေ့လာခဲ့သည်ဟု အဆိုပါ အဖွဲ့မှ သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရေးဆွဲထားသည့်(၂၀၁၄-၂၀၁၈)ခုနှစ်အထိ အကောင်အထည်ဖော်သွားမည့် ရွေးကောက်ပွဲဆိုင်ရာမဟာဗျူဟာလုပ်ငန်းစဉ် ငါးနှစ်စီမံကိန်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးရှိလာပြီဖြစ်ရာ လက်တွေ့အကောင်အထည်ဖော်သည့်အဆင့်သို့ရောက်ရန် ဆက်လက်တိုက်တွန်းသွားရမည်ဖြစ်ကြောင်း ဦးနေလင်းစိုးက ဆက်လက်ပြောကြားသည်။

မဲပေးရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများပါဝင်ခွင့်ရရန်မှာ မသန်စွမ်းသူအများစုတွင် အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိခြင်း၊ မဲစာရင်းတွင် နာမည်ပါ၊မပါ ကြည့်ရှုရာတွင် ၎င်းတို့နှင့် လက်လှမ်းမမီနိုင်သည့်နေရာဖြစ်နေခြင်းနှင့် မဲပေးရမည့် မဲရုံများတွင် စားပွဲအမြင့်များကြောင့် မသန်စွမ်းသူများအတွက် အဆင်မပြေမှုများရှိခြင်း၊မိသားစုများနှင့် ပတ်ဝန်းကျင်မှ မသန်စွမ်းသူတစ်ဦးအပေါ် မဲရုံသို့ကိုယ်တိုင်ကိုယ်ကျ မဲလာပေးနိုင်ရေး ဝိုင်းဝန်းပံ့ပိုးမှုမရှိခြင်း၊ မသန်စွမ်းသူများကိုယ်တိုင်၏ အားငယ်ရှက်ကြောက်စိတ်ဖြင့် မဲပေးခွင့်နှင့် သက်ဆိုင်သည့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကိုသိရှိမထားခြင်း စသည်ဖြင့် အခက်အခဲအားနည်းချက်များလည်းရှိနေကြောင်းကို မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ လုပ်ငန်းဆောင်ရွက်ရေး မန်နေဂျာ မယုယသူ က ပြောသည်။

"မြန်မာလူ့အဖွဲ့အစည်းက ကျွန်တော်တို့အပေါ် အမြင်တွေ ပြောင်းပေးဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ လူသားတွေဖြစ်တဲ့အတွက် ကျွန်တော်တို့တွေမှာလည်း အခွင့်အရေးတွေရှိပါတယ်။ နိုင်ငံရေးပါတီတွေဟာ နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေ ဖြစ်တဲ့အတွက် မသန်စွမ်းသူတွေရဲ့ အခွင့်အရေးတွေကိုသိသင့်တယ်။ ပါတီတွေရဲ့ လုပ်ငန်းစဉ်တွေမှာ ကျွန်တော်တို့ပါဝင်ဆောင်ရွက်ခွင့်တွေရှိဖို့လိုတယ်။ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေမှာ မသန်စွမ်းသူတွေအတွက် ဘာအစီအစဉ်တွေရှိသလဲ။ မသန်စွမ်းသူတွေ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေးတွေ ဆုံးရှုံးတဲ့အခါ ကာကွယ်ရပ်တည်ပေးမှုတွေ ဘာတွေရှိသလဲ။ မဲပေးသူ သက်သက်မဟုတ်ပဲ၊ အရည်အချင်းရှိတယ်၊ ပါဝင်ဆောင်ရွက်နိုင်တယ်ဆိုရင် ဝင်ပြီးရွေးကောက်ခံနိုင်တဲ့ အဆင့်ထိအောင် အခွင့်အရေးက ရှိသင့်ပါတယ်။ မသန်စွမ်းမှုကြောင့် မဖြစ်ရဘူးဆိုရင် ဒါဟာ ခွဲခြားဆက်ဆံတာဖြစ်ပါတယ်။ ဒါကြောင့် ပါတီတွေအနေနဲ့ အားပေး၊ ပံ့ပိုးမှုတွေ လုပ်ဖို့လိုပါတယ်"ဟုအခမ်းအနားကို တက်ရောက်သူ မသန်စွမ်းခေါင်းဆောင်တစ်ဦးက သုံးသပ်သည်။

ဆွေးနွေးပွဲအပြီးတွင် မသန်စွမ်းသူများ မဲရုံများ၌ မဲပေးရာတွင် ၎င်းတို့ တွေ့ကြုံနိုင်သည့်အခက်အခဲများကို နိုင်ငံရေးပါတီများက တက်ရောက်လာကြသူများ သိရှိရန် မသန်စွမ်းသူများကဲ့သို့ ခေတ္တခဏကိုယ်တိုင်ခံစားကာ သရုပ်ပြကြသည်။

အဆိုပါဆွေးနွေးပွဲကိုတက်ရောက်သူအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးကျော်စိုးလင်းက "မသန်စွမ်းသူရှိတဲ့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေမှာ မဲရုံက မသန်စွမ်းသူတစ်ယောက် ဝင်လို့ရအောင် သုံးပေအကျယ်ဖြစ်ရမယ်။ စားပွဲခုံတွေသည် သူတို့မီနိုင်တဲ့ အမြင့်အနေအထား ဗီုးချဲ့နဲ့ ထိုင်ပြီးမဲပေးနိုင်ရပါမယ်။ ဒီနေ့ ကျွန်တော်တို့ ကိုယ်တိုင်သိမြင်ခဲ့ရတာတွေကို သူတို့ရဲ့ တောင်းဆိုချက်၊ လိုအပ်ချက်တွေ ပါတီကို ပြန်ပြီးတင်ပြမယ်။ ပါတီကတစ်ဆင့်အစိုးရကိုတိုက်တွန်းပေးဖို့ ကျွန်တော်ကတင်ပြတောင်းဆိုသွားမှာဖြစ်ပါတယ်"ဟုပြောသည်။

ယခင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်တွေ့ဆုံရာတွင် နိုင်ငံရေးနယ်ပယ်တွင် မသန်စွမ်းသူများ ပါဝင်ခွင့်ကို ခြုံငုံပြီးတင်ပြဆွေးနွေးသည်က များသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းပေါင်းစပ်မှုများဆောင်ရွက်ရာတွင် အခါအားလျော်စွာမသန်စွမ်းသူများနှင့် ပတ်သက်၍ ထည့်သွင်းတိုက်တွန်းမှု၊ ညွှန်ကြားမှုများ ပြုလုပ်ပေးရန် တင်ပြသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံခွင့်ရရန် ကြိုးစားသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ သိရသည်။

"ကြိုတင်မဲနဲ့ပတ်သက်ရင်လည်း ကျွန်တော်တို့အဖွဲ့ဝင်တွေအပါအဝင် နီးစပ်တဲ့ မသန်စွမ်းသူတွေကိုယ်တိုင်က ဆန္ဒရှိလို့ မဲပေးတဲ့နေ့မှာမဲရုံသွားပေးချင်တယ်ဆိုရင် အဲဒီအပေါ်မှာရပ်တည်ပါ။ ကြိုတင်မဲလာကောက်ရင် လက်မခံဖို့နဲ့ ဥပဒေအရမမှန်ဘူးဆိုတာ ထောက်ပြဖို့ ပြောထားပါတယ်။ တစ်ဖက်ကလည်းနိုင်ငံရေးအင်အားစုတွေ အထူးသဖြင့် မဲပေးရေးလုပ်ငန်းစဉ် လုပ်နေတဲ့ အဖွဲ့အစည်းတွေကို ကြိုတင်မဲ မသိမ်းသွင်းဖို့၊ မစည်းရုံးဖို့၊ အတင်းအကျပ်ကောက်ခံခြင်းမပြုဖို့ ပြောပါတယ်။ ဥပဒေထဲမှာ မပါသလို၊ ဥပဒေနဲ့မညီတဲ့ အဖြစ်တွေဖြစ်တယ်၊ ဒီလိုအခြေအနေဖြစ်ခဲ့ရင်လည်း သိသင့်သိထိုက်တဲ့သူတွေကို သက်သေအထောက်အထားတွေနဲ့ ဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ သင်ခန်းစာရထားတာဖြစ်တဲ့အတွက် ကြိုတင်မဲတွေကို အားမထားတော့ဘဲ ကိုယ်တိုင်မဲသွားပေးဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ ဦးနေလင်းစိုးက ပြောသည်။

မသန်စွမ်းသူများနှင့်ပတ်သက်၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ပိုင်ခွင့်အားလုံးကို မသန်စွမ်းသူများလည်းသာတူညီမျှ ပြည့်ဝစွာခံစားနိုင်ရေး အကာအကွယ်ပေးရန် ရည်ရွယ်လျက် ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRPD)ကို ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့ပြီး နိုင်ငံပေါင်း ၈၀ ကျော်က ပါဝင်လက်မှတ်ရေးထိုးခဲ့ကာ ၂၀၀၈ ခုနှစ် မေလတွင် အာဏာသက်ဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် ထိုသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာတွင် လက်မှတ်ရေးထိုးခဲ့သည်။

စာချုပ်ပါ အပိုဒ်(၂၉) နိုင်ငံရေးနှင့် ပြည်သူဘဝနယ်ပယ်များ၌ ပါဝင်ဆောင်ရွက်ခြင်းတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု သေချာစေရန် အာမခံစီမံဆောင်ရွက်ပေးရမည်။ မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်ပိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှု သေချာစေရေးအတွက် မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့် အသုံးအဆောင်ပစ္စည်းများ သင့်လျော်အဆင်ပြေစေရန်၊ မသန်စွမ်းသူများအားလျှို့ဝှက်ဆန္ဒမဲပေးနိုင်သည့် အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်းမရှိစေရေး ကာကွယ်ပေးရန်၊ မဲထည့်ရာတွင် မသန်စွမ်းသူတို့ စိတ်ကြိုက်ရွေးချယ်ခေါ်ဆောင်လာသောပုဂ္ဂိုလ်၏ အကူအညီဖြင့် မဲထည့်ခြင်းကို ခွင့်ပြုကူညီရန်တို့ပါရှိသည်။ **(နန္ဒာဝင်း)**

## အောင်တံခွန်(၃)သင်္ဘောနစ်မြုပ်ရာတွင် ပါဝင်ခဲ့သော ဒေသခံပြည်သူ၊ အသက်ဆုံးရှုံးသူ၊ ရှင်သန်လွတ်မြောက်သူများအား ထောက်ပံ့အလှူငွေများပေးအပ်

**စစ်တွေ မတ် ၂၀**

အောင်တံခွန်(၃)သင်္ဘောနစ်မြုပ်ရာတွင် ပါဝင်ခဲ့သူ မြေပုံမြို့နယ်မှ ဒေသခံပြည်သူများအား ထောက်ပံ့အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မတ် ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပသည်။

အဆိုပါထောက်ပံ့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ သေဆုံးသူများ၏ မိသားစုများ၊ အသက်ရှင်ကျန်ရစ်သူဒုက္ခသည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အောင်တံခွန်(၃) သင်္ဘောနစ်မြုပ်ရခြင်းဖြစ်စဉ်နှင့် သေဆုံးသူများအား ဆယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သေဆုံးသူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ သေဆုံးသူ မိသားစုများ ကိုယ်စား အလယ်ပိုင်းရပ်ကွက် ဦးစိုးနိုင်ကလည်းကောင်း၊ အသက်ရှင်ကျန်ရစ်သူ ဒုက္ခသည်များအတွက် ထောက်ပံ့ငွေများကို တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်က ပေးအပ်ရာ အသက်ရှင် လွတ်မြောက်လာသူများ ကိုယ်စား ဒရုံကျေးရွာမှ ဦးညီညီလင်းက လက်ခံရယူသည်။

ထို့နောက် မြေပုံမြို့နယ်ရှိ ကုမ္ပဏီ လုပ်ငန်းရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ Golden home ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ငွေစိုးက ငွေကျပ်သိန်း ၂၀ ကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ MZY ကုမ္ပဏီမှ ဒါရိုက်တာ ဦးမောင်မောင်ယုက ငွေကျပ် ၁၀ သိန်း၊ သဇင်ဂုဏ်ဆောင် ကုမ္ပဏီမှ ဒါရိုက်တာ ဦးတင်ထွန်းက လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ရက္ခသစ္စာကုမ္ပဏီမှ ဒါရိုက်တာ ဦးဘလွင်က ငွေကျပ်ငါးသိန်းတို့ကို လှူဒါန်းရာ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်က လက်ခံရယူသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဖြေဆိုသူ ၄၇၆၆၀ ဦးရှိ

**နေပြည်တော် မတ် ၂၀**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက သမိုင်းဘာသာရပ်ကို ယနေ့ နံနက် ၉ နာရီက ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် သမိုင်းဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ၅၂၈၂၇ ဦးအနက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၄၈၆၆၀ ရှိ၍ ဖြေဆိုရန်ပျက်ကွက်သူ ၄၀၆၅ ဦးရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၁၉-၃-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်း သက်တမ်းတိုး (၂၇) ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး (၃၂) ဦး ပေါင်း လုပ်ငန်းသက်တမ်းတိုး (၅၉) ဦးအား လည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ (၂၇) ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၆) ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၆)ဦး၊ အထွေထွေထုတ်ဝေခွင့် (၇)ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ (၂)ဦး ပေါင်း လုပ်ငန်းအသစ် (၄၈)ဦးတို့အားလည်းကောင်း၊ ထုတ်ဝေလုပ်ငန်း အမည်ပြောင်း (၁)ဦးနှင့် လိပ်စာပြောင်း (၂)ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၈၉၆)ဦးနှင့် အသစ်လျှောက်ထားသူ (၁၄၃)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၀၂)ဦးနှင့် အသစ်လျှောက်ထားသူ (၃၄၂)ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ (၈)ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် (၂၂၉၁) စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူ တစ်ဦး၊ ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ သတင်းအေဂျင်စီအသစ်လျှောက်ထားသူ တစ်ဦးတို့ကို အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပမည့် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံ

မေး/ရေး-မိုးသူဇာစိုး
ဓာတ်ပုံ-ရဲထွဋ်

**ရန်ကုန် မတ် ၂၀**

လွတ်လပ်ပြီး အမှီအခိုကင်းသော သတင်းမီဒီယာသည် ရေရှည်တည်တံ့သော စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမြင့်တင်ရေးနှင့် လူ့အခွင့်အရေးထိန်းသိမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။

နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်း (International Press Institute) နှင့် သတင်းမီဒီယာအဖွဲ့အစည်းများက ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံတိုင်းနှင့် ဒေသတိုင်းတွင် စာနယ်ဇင်းကျင့်ဝတ်များ တိုးတက်ရေး၊ သတင်းနှင့် အချက်အလက်များ လွတ်လပ်စွာစီးဆင်းမှု တိုးတက်ရေး၊ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့ကို ကာကွယ်စောင့်ရှောက်ရေးနှင့် စာနယ်ဇင်းလွတ်လပ်ခွင့်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လက်တွဲဝန်းရံလျက်ရှိရာ မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရွေ့တွင် အားဖြည့်လိုက်ပါလျက်ရှိသည်။

ကမ္ဘာ့သတင်းမီဒီယာမျက်နှာစာနှင့် မြန်မာ့မီဒီယာမျက်နှာစာနှစ်ခု၏ တူညီချက်၊ ခြားနားချက်၊ စံချိန်စံညွှန်းများနှင့် ကျင့်ဝတ်လိုက်နာစောင့်ထိန်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို မျှဝေနိုင်မည့် IPI ၏ စာနယ်ဇင်းဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးကို မတ် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပတော့မည်ဖြစ်ရာ အဆိုပါညီလာခံကြီး၏ ကဏ္ဍအချို့တွင် ဦးဆောင် ဆွေးနွေးသူများအဖြစ် ပါဝင်မည့် မြန်မာမီဒီယာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ ကြိုတင်ပြင်ဆင်မှုများနှင့် အားဖြည့်ဆောင်ရွက်မှုများကို မြန်မာ့သတင်းစဉ်က မျှဝေဖော်ပြအပ်ပါသည်။

**ဦးစိုးမြင့်**
**အယ်ဒီတာချုပ်**
**မဇ္ဈိမမီဒီယာဂရု**

နိုင်ငံတကာ သတင်းမီဒီယာ အင်စတီကျု (International Press Institute)ဆိုတာ နိုင်ငံပေါင်း ၆၅ နိုင်ငံမှာရှိတဲ့ သတင်းစာဆရာတွေ၊ အယ်ဒီတာတွေ၊ မီဒီယာအဖွဲ့အစည်းတွေနဲ့ သတင်းခန်းစီမံခန့်ခွဲသူတွေ စတဲ့သတင်းမီဒီယာဆိုင်ရာပုဂ္ဂိုလ်တွေ ပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ အဓိကက သတင်းစာဆရာတွေပါဝင်တဲ့ ပုံနှိပ်၊ အသံလွှင့်၊ ရေဒီယို စတဲ့ မီဒီယာအဖွဲ့အစည်းတွေကိုအခြေခံပြီး ဖွဲ့ထားတာ။ ကမ္ဘာတစ်ဝန်းက သတင်းမီဒီယာ အဖွဲ့အစည်းတွေထဲမှာ သက်တမ်းအကြာဆုံးအဖွဲ့ပါ။ ဒီအဖွဲ့မှာ နိုင်ငံတကာက ထင်ရှားကျော်ကြားတဲ့ သတင်းစာဆရာတွေ၊ မီဒီယာအဖွဲ့အစည်းတွေ တော်တော်များများ ပါဝင်ပါတယ်။

IPI World Congress ကို IPI အဖွဲ့ဝင်တွေ ရှိတဲ့နိုင်ငံတွေမှာ တစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ၆၅ ကြိမ်မြောက် ညီလာခံအဖြစ် ကျင်းပမှာပါ။ မနှစ်က Cape Town မှာ၊ နောက်နှစ်ယူအေအီးမှာ ကျင်းပမှာပါ။

နိုင်ငံတကာက မီဒီယာဆိုင်ရာ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်တဲ့ အဖွဲ့အစည်းတွေကိုလည်း ဒီပွဲမှာ ဆုတွေ ချီးမြှင့်လေ့ရှိပါတယ်။ မဇ္ဈိမမီဒီယာက IPI ကချီးမြှင့်တဲ့ လွတ်လပ်သော သတင်းမီဒီယာရှေ့ဆောင်ဆု (Free Media Pioneer Award) ကို ၂၀၀၇ ခုနှစ်က ရရှိဖူးပါတယ်။ ဒီနှစ်မှာလည်း ချီးမြှင့်မှာပါ။ ဒီအဖွဲ့အစည်းက မြန်မာနိုင်ငံမှာ ကျင်းပနိုင်ဖို့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်



ဦးစိုးမြင့်။

ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့တာ၊ ကျွန်တော်တို့ မဇ္ဈိမမီဒီယာအနေနဲ့က ဒီနှစ်မှာ Local Host အနေနဲ့ ပါဝင်ထားတယ်။

မီဒီယာနဲ့ ပတ်သက်လို့ နိုင်ငံတကာအဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်တွေ ပါဝင်တဲ့ပွဲတွေတော့ မြန်မာနိုင်ငံမှာ အရင်က ကျင်းပဖူးပါတယ်။ IPI အနေနဲ့ ဒါကပထမဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှာ ကျင်းပနိုင်ဖို့ ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် မြန်မာနိုင်ငံက မီဒီယာအဖွဲ့အစည်းတွေ ဝိုင်းဝန်းပြီး ကူညီပံ့ပိုးကြတာဖြစ်ပါတယ်။ နှစ်စဉ်ကျင်းပနေတဲ့ Congress ကို ဒီနှစ်က မြန်မာပြည်မှာ လာလုပ်တာဖြစ်ပါတယ်။

ဒီနှစ်မှာ ထူးခြားတာက မြန်မာနိုင်ငံကလည်း မီဒီယာပြုပြင်ပြောင်းလဲရေးကို လုပ်နေတဲ့ကာလဖြစ်တော့ မီဒီယာလွတ်လပ်ခွင့် အခြေအနေ ဘယ်လောက်ရှိနေပြီ၊ ဘယ်လောက် ရုန်းကန်လှုပ်ရှားနေရလဲဆိုတာတွေလည်း ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ နောက်တစ်ချက်က မြန်မာနိုင်ငံမှာ ဒီနှစ်က ရွေးကောက်ပွဲကျင်းပမယ့်နှစ်ဖြစ်ပြီး ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ မီဒီယာတွေအနေနဲ့ ဘယ်လိုရေးသားလို့ရမလဲ၊ ဘယ်လိုရေးသားကြမလဲဆိုတာတွေကို နိုင်ငံတကာက အတွေ့အကြုံတွေကို တက်ရောက်လာတဲ့ သတင်းမီဒီယာဆိုင်ရာ ပုဂ္ဂိုလ်တွေက ဆွေးနွေးမှာပါ။ မြန်မာနိုင်ငံက သတင်းထောက်တွေနဲ့ နိုင်ငံပေါင်း ၆၅ နိုင်ငံက IPI အဖွဲ့ဝင် ၂၀၀ လောက် တက်ရောက်ဆွေးနွေးကြမယ့်ပွဲလို့ ယေဘုယျအားဖြင့် ပြောလို့ရပါတယ်။

မြန်မာနိုင်ငံမှာ ဒီနှစ်ကျင်းပတဲ့ အစီအစဉ်မှာ ထူးခြားတာက မြန်မာနိုင်ငံရဲ့ မီဒီယာလွတ်လပ်ခွင့်နဲ့ ပတ်သက်တဲ့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်း၊ အားသာချက်၊ အားနည်းချက်၊ လူမှုမီဒီယာက အမုန်းပွားစေတဲ့ စကားလုံးသုံးစွဲမှု၊ အမျိုးသမီးနဲ့ မီဒီယာအခန်းကဏ္ဍတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးမယ်။ ယေဘုယျအားဖြင့် ဒီကဏ္ဍတွေက ကမ္ဘာတစ်ဝန်းမှာလည်း ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲရေးကာလမှာ ရင်ဆိုင်နေရတဲ့ကိစ္စတွေကို ဒီကအတွေ့အကြုံတွေ မျှဝေပေါင်းစပ်ဆွေးနွေးကြတာပါ။

ဒီဆွေးနွေးပွဲမှာ အတွေ့အကြုံရှိတဲ့ အမျိုးသမီး၊ အမျိုးသား သတင်းစာဆရာတွေ ပါဝင်ပါတယ်။ ပုဂ္ဂလိကမှာဆိုရင် ကရင်သတင်းဌာနက အယ်ဒီတာ ဒေါ်နန်းဖောဝေ၊ မြစ်မခမီဒီယာက ဒေါ်မေသကြီန်ဟိန်း၊



ဦးသီဟစော။

ဆရာဦးသီဟစော၊ NLD က အမတ်ကိုဖြိုးမင်းသိန်း ၊ အစိုးရဘက်ကဆိုရင် ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်တို့ ပါဝင်ပြီး အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံရေးပါတီတွေ နိုင်ငံတကာနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ပါဝင်ဆွေးနွေးကြမှာပါ။

ဒီဆွေးနွေးပွဲမှာ နိုင်ငံပေါင်း နှစ်ဆယ်ကျော် သုံးဆယ်လောက်က တက်ရောက်ဖို့ သေချာပြီးသားပါ။ လူပေါင်း ၂၀၀ ကျော်လောက် လာကြမယ်လို့ မျှော်လင့်ထားပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံ ဒေသစုံက သတင်းထောက်တွေကိုလည်း ဒီမှာ တက်ရောက်ဆွေးနွေးနိုင်ဖို့ ဂျာမန်အဖွဲ့အစည်း၊ အမေရိကန်သံရုံး၊ ယူနက်စကို စတဲ့ အဖွဲ့တွေပါဝင်တဲ့ မြန်မာမီဒီယာ ဖွံ့ဖြိုးမှုအဖွဲ့အစည်းအသီးသီးက ထောက်ပံ့ကူညီမှုတွေ ပေးထားပါတယ်။ ဒီအဖွဲ့အစည်းတွေက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ သတင်းထောက် ၅၀ ကို ပညာသင်ဆုလို ရွေးချယ်ပြီး တည်းခိုကျွေးမွေးရေးကအစ စီစဉ်ပေးတယ်လို့ သိရပါတယ်။

ညီလာခံ ကျင်းပနေတဲ့အတွင်းမှာ သင်တန်းအနေနဲ့က ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းကို ဒီက သတင်းထောက်တွေအတွက် ကျယ်ကျယ်ပြန့်ပြန့်ကို သင်ကြားပို့ချသွားမယ့် အစီအစဉ် ပါဝင်ပါတယ်။ ဒေသတွင်းရော နိုင်ငံတကာမှာပါ သတင်းမီဒီယာတိုးတက်မှုကို ဆောင်ရွက်နေတဲ့ မြန်မာသတင်းစာဆရာတွေအနေနဲ့ ထိတွေ့ဆက်ဆံကြတာမှာ နိုင်ငံတကာက အတွေ့အကြုံတွေ အများကြီးရစေသလို ကိုယ့်ဆီက အတွေ့အကြုံတွေ မျှဝေနိုင်ပါတယ်။ သတင်းမီဒီယာဆိုင်ရာ ကျွမ်းကျင်မှုတွေကို လေ့လာသင်ယူခွင့်တွေ ရတဲ့အတွက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ နိုင်ငံအလိုက်ဖြစ်စေ ဒီလိုထိတွေ့ထားတာ နှစ်ဦးနှစ်ဖက် အကျိုးရှိပါတယ်။

သတင်းမီဒီယာ လွတ်လပ်ခွင့်ဆိုတာ တစ်နိုင်ငံတည်းမှာပဲ စိန်ခေါ်မှုရှိတာမဟုတ်ဘဲ နိုင်ငံတိုင်းမှာလည်း စိန်ခေါ်မှုရှိတယ်။ ဒီလို စိန်ခေါ်မှုတွေရှိလာရင်လည်း ပူးပေါင်းဆောင်ရွက်မှုကို အားတက်အောင် အပြန်အလှန်ဆောင်ရွက်လို့ရပါတယ်။

**ဦးသီဟစော**
**ဒုတိယဥက္ကဋ္ဌ**
**မြန်မာနိုင်ငံ**
**သတင်းစာဆရာများအသင်း**

IPI Congress က တစ်နှစ်တစ်ကြိမ် ကျင်းပတာမှာ ဒီနှစ်ကို မြန်မာနိုင်ငံမှာ လာရောက် ကျင်းပတာ ဖြစ်ပါတယ်။ ဒီလိုကျင်းပတာမှာ Theme တစ်ခုရှိတာမှာ ဒီနှစ်က "On the Path to a Free Media" ဆိုတဲ့ "လွတ်လပ်သောမီဒီယာသို့ သွားရာလမ်းကြောင်း"ဆိုတဲ့ ခေါင်းစဉ်အောက်မှာ နိုင်ငံတကာက အယ်ဒီတာ၊ သတင်းစာဆရာတွေက လာရောက်ဆွေးနွေးကြမှာပါ။ မီဒီယာလွတ်လပ်ခွင့်တွေရရှိအောင် သွားနေတဲ့ လမ်းကြောင်းမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကို သတင်းသမားတွေ၊ သတင်းအဖွဲ့အစည်းတွေ ဘယ်လိုရင်ဆိုင် ကျော်လွှားကြသလဲ၊ ဘယ်လိုကျော်လွှားကြမလဲ။ ဆိုတာတွေကို ဆွေးနွေးကြမှာပါ။

ဒီမှာ သတင်းလွတ်လပ်ခွင့်တွေ ပိုရလာတဲ့အခါ MJA တို့လို သတင်းစာဆရာများအသင်းက နိုင်ငံတကာ သတင်းစာများအဖွဲ့ချုပ်မှာ အသင်းဝင်ခဲ့တယ်။ ဆိုလိုချင်တာက မြန်မာသတင်းမီဒီယာအဖွဲ့အစည်းအသီးသီးက နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ထိတွေ့ဆက်ဆံမှုတွေ ပိုများလာတယ်။

ဒီဆွေးနွေးပွဲမှာ ကျွန်တော်ပြောရမယ့် အကြောင်းအရာက Hate Speech ဆိုတဲ့ အမုန်းစကားကဏ္ဍဖြစ်ပါတယ်။ ပုံနှိပ်၊ အသံလွှင့်နဲ့ ဒစ်ဂျစ်တယ်မီဒီယာတွေမှာပါ သုံးနှုန်းတဲ့ ရေးသားပြောဆိုတဲ့ အမုန်းစကားတွေကြောင့် ပြဿနာတွေ ပိုပြီးဖြစ်လာတယ်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့် အဲဒါက အမုန်းပွားစေတဲ့ စာသားတွေ၊ အကြောင်းအရာတွေ ဖြစ်နေတာမျိုးပါ။ Hate Speech ကြောင့် ဘာတွေပိုဆိုးသွားလဲ။ ဒါတွေ ဘယ်လိုရှောင်ရှားကြမလဲ။ ဒီလိုပဲ ပြင်သစ်မှာ ဖြစ်ခဲ့တဲ့ ချာလီဟက်ဘ်ဒိုဆိုတဲ့ မဂ္ဂဇင်းတိုက်က ဘာသာရေးပုတ်ခတ်တဲ့ ကာတွန်းရေးတဲ့အတွက် လာရောက်ပစ်ခတ်တာတွေ။ ဒီလိုမျိုး Hate Speech နဲ့ပတ်သက်တဲ့ ကဏ္ဍတွေကို ကျွန်တော်ဆွေးနွေးမှာပါ။

အဓိက ဒီပွဲကို IPI ကပဲစီစဉ်ပြီး ဒီက ပံ့ပိုးကူညီပေးရတာပေါ့။ ပြုပြင်ပြောင်းလဲရေးကို နိုင်ငံကသွားနေတဲ့ အချိန်မှာ မီဒီယာကလည်း ပွင့်လင်းစရှိသေးတယ်။ သတင်းမီဒီယာ လွတ်လပ်ခွင့်အညွှန်းကိန်း (Freedom of Press Index) ဆိုတာ ပြင်သစ်မှာ အခြေစိုက်တဲ့ နယ်စည်းမခြား သတင်းစာဆရာများအဖွဲ့က ပြုစုထားတာရှိပါတယ်။ အဲဒါမှာဆိုရင် လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်လောက်က နိုင်ငံပေါင်း ၁၈၀ လောက်မှာ မြန်မာနိုင်ငံက ၁၇၂ လောက်ရှိခဲ့တယ်။ အခု ၂၀၁၄ စာရင်းအရဆိုရင် ၁၄၅ အထိ မြင့်တက်ခဲ့တယ်။ ဒါပေမယ့် ကိုယ့်အထက်မှာ ၁၄၄ နိုင်ငံရှိသေးတယ်။ သတင်းလောကမှာ အမြင့်ကြီးထိ မရောက်သေးဘူး။ အတိုင်းအတာတစ်ခုအထိတော့ တိုးတက်မှုရှိလာပြီလို့ ပြောလို့ရတယ်။

တကယ်တမ်း သတင်းလွတ်လပ်ခွင့်တွေ ရှိတယ်ဆိုတဲ့ နိုင်ငံတွေက အမေရိကန်၊ အင်္ဂလန်၊ ဂျပန်တို့ မဟုတ်ဘဲ နော်ဝေ၊ ဒိန်းမတ်၊ ဆွီဒင်ဆိုတဲ့ ဥရောပနိုင်ငံတွေ ဖြစ်တယ်။ အဲ့ဒီအဆင့်တွေ ရောက်ဖို့တော့ လိုသေးတယ်။ အရှေ့တောင်အာရှမှာတော့ တက်သင့်သလောက် အပေါ်ကို ရောက်ခဲ့တယ်။ ကိုယ့်အထက်မှာ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့လောက်ပဲရှိတယ်။ ကျန်တဲ့ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှားတို့က ကျွန်တော်တို့နောက်မှာ ရှိတယ်။ ဒါ့ကြောင့် အရှေ့တောင်အာရှမှာတော့ အလယ်အဆင့်ကို ကျော်လာပြီ။ ဒီလိုမျိုး နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြရာမှာ ဒီကအခြေအနေကိုလည်း သိခွင့်ရတယ်။ တခြားနိုင်ငံတွေအနေနဲ့လည်း သတင်းလွတ်လပ်ခွင့်အဆင့်တွေ တိုးတက်အောင် ဘယ်လိုနည်းလမ်းတွေနဲ့ သွားသလဲ၊ ဘယ်လိုစိန်ခေါ်မှု အခက်အခဲတွေရှိလဲ၊ ဘယ်လိုဝိုင်းဝန်းဖြေရှင်းကြသလဲဆိုတာကိုလည်း သိခွင့်ရတယ်။

ဒီလိုဆွေးနွေးပွဲတွေ ကျင်းပခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ မီဒီယာလွတ်လပ်ခွင့်နဲ့ မီဒီယာလောက တိုးတက်မှုအတွက် အထောက်အကူပြုတယ်လို့ထင်တယ်။ နောက်တစ်ခုက မီဒီယာလွတ်လပ်ခွင့်ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအတွက် အရေးကြီးတယ်လို့ ထင်တယ်။ တစ်ကမ္ဘာလုံးက ကျွန်တော်တို့နိုင်ငံကို စောင့်ကြည့်နေတာ။ ဘယ်လောက်အထိ ပြောင်းလဲနေလဲ၊ အောင်မြင်နေလား၊ နောက်ပြန်လှည့်နေပြီလား စသဖြင့် အမြင်တွေနဲ့ ကြည့်တဲ့အခါမှာ သတင်းလွတ်လပ်ခွင့် အညွှန်းကိန်းက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို တိုက်ရိုက်လွှမ်းမိုးမှုဖြစ်တယ်။ ဒါကြောင့်မို့ မီဒီယာလွတ်လပ်ခွင့်က တိုင်းပြည်အတွက် အရေးကြီးတယ်။ ကိုယ့်တိုင်းပြည်ကို ကမ္ဘာက မြင်တဲ့ပုံရိပ်အတွက်လည်း အရေးကြီးပါတယ်။

IPI World Congress ကို သတင်းမီဒီယာဆိုင်ရာလုပ်ငန်းများ အောင်မြင်သော အပြောင်းအလဲဆီသို့ ချီတက်နိုင်ရေးနှင့် စာနယ်ဇင်းကျင့်ဝတ်များ၊ မီဒီယာလွတ်လပ်မှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှုများကို အထောက်အပံ့ဖြစ်စေနိုင်မည့် စင်္ကြံတစ်ခုအဖြစ် ဆောင်ရွက်ကာ နိုင်ငံတကာနှင့် ဒေသတွင်း ပညာဆိုင်ရာအမြင်များ ဖလှယ်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်တွင်းပြည်ပ သတင်းစာဆရာများက သက်ဆိုင်ရာ သတင်းမီဒီယာကဏ္ဍအလိုက် ဆွေးနွေးကြမည်ဖြစ်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်၌ မတ် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။




## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်/ကောလိပ် စာမေးပွဲများ ကျင်းပလျက်ရှိ

**ရန်ကုန် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များနှင့် ကောလိပ်တို့တွင် စာမေးပွဲများကို မတ် ၁၉ ရက်မှ စတင်ကာ နံနက်ပိုင်း၊ မွန်းလွဲပိုင်းခွဲ၍ တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။

စာမေးပွဲများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တို့က မတ် ၂၆ ရက်အထိနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်က မတ် ၃၀ ရက်အထိ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့က မတ် ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါစာမေးပွဲများတွင် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်/ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူ ၅၀၆၈၂ ဦးတို့က အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရှိရသည်။

**(ကိုချစ်)**

# တရုတ်-ဂျပန် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲ လေးနှစ်အတွင်း ပထမဆုံးအကြိမ်ကျင်းပ

**တိုကျို မတ် ၂၀**

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် လေးနှစ်အတွင်း ပထမဆုံးအကြိမ် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကို မတ် ၁၉ ရက်က ကျင်းပခဲ့ကြကြောင်း၊ ကမ္ဘာစစ်ကာလအတွင်းက ဂျပန်နိုင်ငံ၏ ကျူးကျော်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ ပင်လယ်ရေကြောင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုနှင့် ပတ်သက်၍လည်းကောင်း ဆက်ဆံရေး ထိခိုက်ရမှုများ ရှိခဲ့လင့်ကစား နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်မြှင့်တင်ရန် သဘောတူညီကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။



တရုတ်နှင့် ဂျပန်နိုင်ငံတို့၏ လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ လက်နက်ကိုင် တပ်ဖွဲ့များအကြား အချိန်နှင့် တစ်ပြေးညီ ချိတ်ဆက်နိုင်မည့် ဆက်သွယ်ရေး စနစ်တစ်ရပ် ထူထောင်ရေး အစီအစဉ် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ အချိန်ဇယား သတ်မှတ်နိုင်ခြင်း မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် အရှေ့တရုတ်ပင်လယ်ရှိ ပိုင်နက်နယ်မြေ အငြင်းပွားနေသော ကျွန်းများအနီး စစ်လေယာဉ်များ အပြန်အလှန်ဝဲပျံကာ အင်အားပြသည့် ဖြစ်ရပ်များ ရှိခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် စစ်အင်အားတိုးချဲ့မှုကို ကန့်သတ်ပိတ်ပင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ တရုတ်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒသည် ပွင့်လင်းမြင်သာမှုမရှိဟု ဂျပန်အစိုးရက ဝေဖန်ခဲ့သည်။

**ရိုက်တာ။**

# အမေရိကန်သံရုံးအား ဗုံးခွဲမည်ဟု ခြိမ်းခြောက်သူကို ဖမ်းဆီး

**တိုကျို မတ် ၂၀**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အမေရိကန်သံရုံးအား ဗုံးခွဲမည်ဟု ခြိမ်းခြောက်သော အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

အိုကီနာဝါ၌ နေထိုင်သည့် မစ်ဆူ ယိုရှိကာမီယာသည် ၎င်းကျွန်းပေါ်မှ အမေရိကန်စစ်စခန်း ရှပ်ဝဗ်ကို ခြိမ်းခြောက်သကဲ့သို့ သံရုံးကိုလည်း ဗုံးခွဲမည်ဟု ဖုန်းဆက်ခြိမ်းခြောက်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

အမေရိကန်သံအမတ် ကာဂိုလိုင်းကနေဒီနှင့် အခြားသံတမန် အရာရှိများကို သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့ရာတွင် နောက်ကွယ်၌ အသက် ၅၂ နှစ်ရှိ ကာမီယာရှိမည်ဟု ယုံကြည်ရကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြသည်။

အမေရိကန် နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျင်းပီဆာကီက အမေရိကန် သံရုံးနှင့်သံအမတ်တို့ကို ခြိမ်းခြောက်ခြင်းနှင့် စပ်လျဉ်း၍ ဂျပန်ရဲတပ်ဖွဲ့က အမျိုးသားတစ်ဦးအား ဖမ်းဆီးထားသည်ဟု ကြာသပတေးနေ့တွင် ပြောခဲ့သည်။

အမေရိကန်သံတမန်များနှင့် သံရုံးအဆောက်အအုံများအား မည်သည့် ခြိမ်းခြောက်မှုမျိုးကိုမဆို အလေးအနက်ထားကြောင်း၊ ဂျပန်အစိုးရအဖွဲ့နှင့် ပူးတွဲလုပ်ဆောင်လျက်ရှိကြောင်း ၎င်းကပြောသည်။

ကာမီယာက ဗုံးခွဲမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု ဂျပန်အာဏာပိုင်များက ပြောသည်။ သို့သော် ယင်းသို့ ခြိမ်းခြောက်ခြင်း၏ နောက်ကွယ်မှ အကြောင်းရင်းကိုမူ ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။

သံအမတ်ကနေဒီအား ခြိမ်းခြောက်ခြင်းအတွက် ၎င်းကို တရားစွဲဆိုခြင်း မရှိသေးပေ။

**ဗွီအိုအေ။**

# အိုင်အက်စ်တို့ ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်

**တီကရစ် မတ် ၂၀**

အိုင်အက်စ်စစ်သွေးကြွများက အဆိပ်အတောက်ဖြစ်စေသော ကလိုရင်းဓာတ်ငွေ့များ ထည့်သွင်းထားသည့် ဗုံးများကို အသုံးပြုတိုက်ခိုက်နေပြီဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြထားသည်။

ထိုသို့ ကလိုရင်းဓာတ်ငွေ့များထည့်သွင်းထားသည့်ဗုံးများကြောင့် ဘေးဥပဒ်အန္တရာယ် အလွန်အမင်းရောက်ရှိနိုင်ကြောင်း အီရတ်နိုင်ငံသား ဗုံးရှာဖွေရေး ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

"အိုင်အက်စ်တွေက ဓာတ်ငွေ့ဗုံးတွေကိုသုံးပြီးတိုက်ခိုက်နေကြပြီ။ ဒီလိုသာဆို ပတ်ဝန်းကျင် ထိခိုက်မှုတွေရှိလာမှာပဲ"ဟု ၎င်းက ဘီဘီစီသို့ပြောသည်။

တီကရစ်မြို့တွင် ဓာတုဗုံးပေါက်ကွဲမှုကြောင့်ထွက်ပေါ်လာသည့် မီးခိုးလုံးအဝါရောင်များကို ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ကို ၎င်းက ဘီဘီစီ သတင်းဌာနသို့ပြခဲ့သည်။

ကလိုရင်းကို မည်သည့်စက်ရုံတွင်မဆို လွယ်လင့်တကူရရှိနိုင်ကြောင်းနှင့် ကလိုရင်းသည် အသက်ရှူလမ်းကြောင်းကို ပိတ်ဆို့စေပြီး သေစေနိုင်သည်အထိ ဘေးဥပဒ်ဖြစ်စေနိုင်ကြောင်း တော်ဝင်ယူနိုက်တက်လုပ်ငန်းအင်စတီကျူမှ အကြီးတန်းသုတေသနပြုသူ ဂျနီဖာကိုးလ်က ဆိုသည်။

ဓာတုဗုံးများကို အသုံးပြုခြင်းသည် သာမန်စစ်လက်နက်များကို အသုံးပြုခြင်းထက် ပိုမိုဘေးဥပဒ်ဖြစ်စေသည်။

ကလိုရင်းဓာတ်ငွေ့ကို ပထမကမ္ဘာစစ်တွင် ဗြိတိသျှတို့က စတင်အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။

မကြာသေးမီက ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဆီးရီးယား စစ်ပွဲတွင် ဓာတုပစ္စည်းများအသုံးပြုမှုကို ရှုတ်ချသည့် အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သည်။

ဆီးရီးယားနိုင်ငံတွင်ကလိုရင်းဓာတ်ငွေ့ဗုံးများအသုံးပြုမှုအပေါ် ကမ္ဘာ့ဓာတုလက်နက် စောင့်ကြည့်ရေးအဖွဲ့က ပြင်းထန်စွာရှုတ်ချခဲ့ပြီး နောက်ယင်းဆုံးဖြတ်ချက်ကို အမေရိကန်က ချမှတ်ခဲ့ခြင်းဖြစ်သည်။

**ဘီဘီစီ။**

# အိန္ဒိယနိုင်ငံတွင် မသမာသောနည်းဖြင့် ဖြေဆိုကြသည့် ကျောင်းသား ၆၀၀ ထုတ်ပယ်ခြင်းခံရ



**စာမေးပွဲဖြေဆိုနေသည့် ကျောင်းသားများအား မသမာသော နည်းလမ်းများဖြင့် ကူညီပေးနေသော မိဘများအား တွေ့ရစဉ်။**

**ပတ္တနာ မတ် ၂၀**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မသမာသော နည်းဖြင့် ဖြေဆိုခဲ့ကြသည့် ဂရိတ်(၁၀) ကျောင်းသား ၆၀၀ ခန့်ကို ကျောင်းမှ ထုတ်ပယ်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကပြောကြားခဲ့သည်။

ကျောင်းသားမိဘများနှင့် ကျောင်းသားများ၏ သူငယ်ချင်းများက ကျောင်းသားများ စာမေးပွဲဖြေဆိုနေစဉ် ကျောင်းနံရံများမှ အဖြေများပါသော စာရွက်အပိုင်းအစ များပေးကာ စာဖြေရာတွင် မသမာသောနည်းလမ်းဖြင့် အကူအညီပေးနေခဲ့ကြသည်။ ထိုသို့မသမာသောနည်းလမ်းဖြင့် ကူညီမှုပြုနေသည့် ကျောင်းသား မိဘများကို အင်ဒီးယန်းတီဗွီက ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးထားပြီး နိုင်ငံတစ်ဝန်း ထုတ်လွှင့်ပြသခဲ့သည်။

ဘီဟာပြည်နယ်တစ်ဝန်းရှိ အထက်တန်းကျောင်း ၁၂၀၀ ကျော်တွင် ဂရိတ် (၁၀) ကျောင်းသားပေါင်း ၁ ဒသမ ၄ သန်းကျော်ဖြေဆိုကြသည်။ ဂရိတ် (၁၀) စာမေးပွဲအောင်မြင်မှသာ နောက်ထပ်အဆင့်မြင့်ပညာဆက်လက် သင်ကြားနိုင်မည်ဖြစ်သဖြင့် ယင်းစာမေးပွဲသည် ကျောင်းသားများအတွက် အလွန်ပင်အရေးပါသည်။

စာမေးပွဲတွင် မသမာသောနည်းများဖြင့် ဖြေဆိုခဲ့သည့် ကျောင်းသားအရေအတွက် ရာနှင့်ချီရှိကြောင်း စာမေးပွဲအခန်းတာဝန်ကျ ဆရာ၊ ဆရာမ များကဆိုသည်။

"စာမေးပွဲမှာ မသမာတဲ့နည်းလမ်းနဲ့ဖြေဆိုတာတွေကို တားမြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကျောင်းသားမိဘတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုလိုအပ်တယ်"ဟု အိန္ဒိယအရှေ့ပိုင်းရှိ ဘီဟာပြည်နယ်၏ ပညာရေးဝန်ကြီးကဆိုသည်။

စာစစ်ဌာနကျောင်းများတွင် လုံခြုံရေးရဲများ တာဝန်ချထားသော်လည်း ကျောင်းသားမိဘများကို ပိတ်ပင်တားဆီးရန် မလွယ်ကူကြောင်း ရဲအရာရှိများကပြောသည်။ ကျောင်းသား မိဘ ၂၀ ကျော်ကို ဖမ်းဆီးထားပြီး အချိန်အတော်အတန်ကြာသည့်အခါတွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း ရဲအရာရှိများက ဆက်လက်ပြောကြားခဲ့သည်။

ကျောင်းသားများ စာမေးပွဲဖြေဆိုရာတွင် ရိုးသားမှုရှိရန် အထူးကြပ်မတ်မှုများ လုပ်ဆောင်ရန်လိုအပ်ကြောင်း ပတ္တနာမြို့တရားရုံးချုပ်က ဘီဟာပြည်နယ်ရဲအရာရှိချုပ်ကို သတိပေးပြောကြားထားသည်။

စာမေးပွဲဖြေဆိုရာတွင် မသမာမှုများတွေ့ရှိသဖြင့်စာစစ်ဌာန လေးခုကို နိုင်ငံ့ပညာရေးအာဏာပိုင်များက ဖျက်သိမ်းခဲ့သည်။ မသမာမှုဖြင့် ဖြေဆိုသော ကျောင်းသားများကိုလည်း စာမေးပွဲဖြေဆိုခွင့် သုံးနှစ်ပိတ်ပင်သည်အထိ အရေးယူနိုင်သည့် အပြင် ငွေဒဏ် (သို့) ထောင်ဒဏ်ချမှတ်နိုင်ကြောင်းသိရသည်။ **အေပီ။**

# အေဒင်မြို့ရှိ ယီမင်သမ္မတနန်းတော်အား အမျိုးအမည်မသိ တိုက်လေယာဉ်များ တိုက်ခိုက်

**အေဒင် မတ် ၂၀**

ယီမင်နိုင်ငံ အေဒင်မြို့တော်ရှိ သမ္မတနန်းတော်အား အမျိုးအမည်မသိ တိုက်လေယာဉ်များက မတ် ၁၉ ရက်တွင် တိုက်ခိုက်ခဲ့မှုကြောင့် သမ္မတ အဗ္ဗဒူလာ ပန်ဆောဟာဟီသည် သမ္မတနန်းတော်ကို စွန့်ခွာထွက်ပြေးသွားခဲ့ရကြောင်း၊ ယင်းအမျိုးအမည်မသိ တိုက်လေယာဉ်နှစ်စင်းက ယီမင်သမ္မတ နန်းတော်အား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



သမ္မတနန်းတော်အား ယင်းတိုက်လေယာဉ်များ၏ တိုက်ရိုက်ပစ်ခတ်မှုကို မြေပြင်အခြေစိုက် လေယာဉ်ပစ်တပ်ဖွဲ့များက ပစ်ခတ်ကာကွယ်ခဲ့ကြောင်းနှင့်ယီမင်သမ္မတမှာဘေးကင်းလုံခြုံစွာရှိကြောင်း ယီမင်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ဟူသီသူပုန်များက ယီမင်နိုင်ငံ မြို့တော်ဆာနားကို သိမ်းပိုက်ခဲ့ပြီးနောက် အေဒင်မြို့သည် ယီမင်သမ္မတ၏ အခြေစိုက်စခန်းဖြစ်လာခဲ့သည်။

ယီမင်သမ္မတနန်းတော်အား တိုက်ခိုက်သည့် လေယာဉ်များကို မောင်းနှင်သည့် လေယာဉ်မှူးများသည် ဟူသီသူပုန်အုပ်စိုးသူများအား သစ္စာခံသူများဖြစ်သည်ဟု ယုံကြည်ရဖွယ်ရှိသည်။ အဆိုပါလေကြောင်း စီးနင်းတိုက်ခိုက်မှု၌ လေယာဉ်တစ်စင်းမှာ သမ္မတနန်းတော်မှ မဝေးကွာသော တောင်ကုန်းတစ်ခုအနီး၌ ပျက်ကျခဲ့သည်။ **ရိုက်တာ။**

## အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ်အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

# ဦးဗကြည်၏ပန်းချီကို လေ့လာချက်


**à** သိန်းဖေမြင့်

ဦးဗကြည်သည် အရောင်ကိုပိန်းခြယ်သော မြန်မာ့ရှေးရိုးနည်းကို အခြေခံလျက် ခေတ်အရောင်စပ် နည်းများကို ရောထားသည်။ အထင်ရှားဆုံးသော ဥပမာကား အမှတ် ၁၇ "အရှင်ယသတို့သားအဖ. . ဘုရားနှင့်တွေ့ပုံ" ဖြစ်သည်။ တောကို အစိမ်းရင့်နှင့် ပိန်းဆွဲလိုက်သည်။ မြက်ခင်းကိုအစိမ်းနုဖြင့် ပိန်းဆွဲလိုက်သည်။ သက်န်းကို သီတင်းရောင်ဖြင့်ပိန်းဆွဲလိုက်သည်။ သို့သော် ကောင်းကင်ကား ခေတ်ပန်းချီဆွဲ နည်းဖြစ်၏။ အထက်နားမှာ အပြာ၊ ၎င်းနောက် မိုးကုပ်စက်ဝိုင်းဘက်သို့ တဖြည်းဖြည်းနုနုသွားရာ နောက်ဆုံးအဝါ၊ အနီရောယှက်လာပေသည်။ ကပိလနှင့်ကောလိယမြို့ စစ်ဖြစ်ခါနီးတွင်ကောင်းကင်မှ ငြိမ်းချမ်းရေးတရားဟောတော်မူပုံ၌ကား အရောင်ပိန်းခြယ်နည်းမပါသလောက်ပင်ဖြစ်သွားပေ၏။ ဤကဲ့သို့ အရောင်ပိန်းခြယ်နည်းနှင့်ခေတ်မီအနုအရင့်၊ အလင်းအမှောင်၊ ရောစပ်၍ ရေးခြယ်ရာတွင် အကောင်းဆုံးပုံမှာ ကာဠုဒါယီမထေရ်ပင့်လျှောက်၍ ဘုရားရှင်ကပိလဝတ်ပြည်သို့ ကြွတော်မူပုံဖြစ်သည်ဟုဆိုချင်သည်။ တောင်တန်းက အပြာပိန်း၊ သစ်ပင်က ခရမ်းရောင်ပိန်း၊ သစ်ကိုင်းခြောက်က အနက်ရောင်ပိန်း၊ ပန်းမျိုးစုံက ရောင်မျိုးစုံ၊ ကောင်းကင်နှင့် ရေတံခွန်တို့က အနုအရင့်အလင်းအမှောင်မျိုးစုံစပ်ဟပ်မှု အဆင်ပြေညီညွတ်လှပေ၏။ ဤပုံကို ကြည့်ပြီးသျှင်ဥတ္တမကျော်၏

"လေခ မြေသက်၊ ဈာန်ဝိတတ်သို့
သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်
သင်္ဂီတဝက်၊ ဖက်၍ဆေးစုံ
ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း
တောလုံးလင်းသား
ဟူ၍လည်းကောင်း၊
"တိမ်ညိုမိုလာ၊ တိမ်စူကာနှင့်
တိမ်ပြာရောယှက်၊ မရန်းဖက်၍
တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်
မှောင်ခဲ့တခါ၊ ပြာခဲ့တချို့
ညိုခဲ့တလီ၊ ရီခဲ့တဖုံ
မှုံခဲ့တချက်"ဟူ၍လည်းကောင်း စပ်ဆိုအပ်သော

တောလားကိုသာ သတိရမိလေတော့သည်။

ဤသည်တို့ကား ဦးဗကြည်၏ပန်းချီကားများကို



"မြန်မာ့မူပိုင်ပန်းချီ"လက်ရာများအဖြစ်ဖြင့်ယေဘုယျသဘောချီးကျူးချက်တည်း။

၎င်းပြင် ဦးဗကြည်၏ ပင်ကို"ဗကြည်ကိုယ်ပိုင်" ထူးခြားချက်များကိုလည်း ဖော်ထုတ်လိုသေးသည်။

ပထမအချက်ကား ရုပ်ပုံတို့တွင် အသက်ပါခြင်းတည်း။ ရုပ်ပုံတို့ကိုကြည့်လျှင်လှုပ်ရှားနေသည်ဟု ထင်ရလောက်အောင် ကောင်းပေ၏။ အတောက်ပြောင်ဆုံးသော ဥပမာကား ပုံ အမှတ် ၁၊ သုမေဓာသူဌေးကလေး ပစ္စည်းများစွန့်ကြဲနေပုံတည်း။ စေတနာဗရပွနှင့်လျှံနေသောသုမေဓာသူဌေးကလေးသည် "လာလှည့်ကုန်၊ ယူလှည့်ကုန်၊ စားလှည့်ကုန်" ဟု ဖိတ်ခေါ်နေဟန်ပေါ်နေ၏။ ခါးတောင်းမြှောင်အောင် ကျိုက်၍အထုပ်အပိုးများကို မ နေပုံ၊ အဖိုးအိုက ကျောပိုးယူပုံ၊ မိန်းမများက ခေါင်းရွက်၍ သယ်နေကြပုံ၊ လူငယ်နှစ်ဦးက သေတ္တာကြီးကို တွန်းသွားနေပုံတို့သည် အသက်ဝင်လှ၍မာန်ပါလှပေ၏။

ဒုတိယအချက်၊ ဦးဗကြည်သည် ရုပ်ပုံပါပုဂ္ဂိုလ်အသီးသီးကို သူ့စရိုက်နှင့်သူ ကိုက်ညီသော ရုပ်ဆင်းသဏ္ဌာန်၊ ဟန်ပန်အမူအရာများဖြင့် ဖော်ပြနိုင်ပေ၏။ ဥပမာ ကောသလမင်းကြီးဆိုလျှင် ချောချောလှလှ မင်းသားကလေးမျိုး ဆွဲလိုက်သည်မဟုတ်။ ဝဝဖြိုးဖြိုးနှုတ်ခမ်းမွေးကောင်းကောင်းနှင့် မင်းသားကြီးပုံကို ဆွဲပြ၏။ တိတ္ထိဆရာကြီးများပုံဆိုလျှင်သူ့စရိုက်၊ သူ့အကျင့်နှင့် လျော်ညီသောရုပ်လက္ခဏာပေါ်အောင် ဆွဲထား၏။ မိန်းမရှာရင်း ဘုရားနှင့်တွေ့သော ဘဒ္ဒဝဂ္ဂီညီနောင်တို့ပုံ၌လည်း မင်းပျိုမင်းလွင် ညီနောင်သုံးကျိပ်တို့၏ စရိုက်သဘာဝများပေါ်အောင် ရေးဆွဲဖော်ပြတတ်၏။

တတိယအချက် ဦးဗကြည်သည် အသေးစိတ်ခလေ့ထုံးစံကလေးများကို နားလည်ထားပြီး နေရာနှင့် နေရာ ဖော်ပြတတ်ပေသည်။ ဥပမာ အရှင်အင်္ဂုလိမာလသည် သားမဖွားနိုင်သော မိန်းမအားပရိတ်ရွတ်ပေးနေပုံ၌ သံမှိုမဟုတ်ဘဲစို့ရိုက်ထားသော ခုတင်၊ ဖိနစ်ချွတ်ခုံ၊ ရေမှုတ်စသည်များကို တွေ့နိုင်ပေ၏။ ဟံသာဝတီပြည့်ရှင်ဘုရင်မ ရှင်စောပုသည် တိဂုံဆံတော်ရှင်အား ကြည်ညိုနေပုံ၌ ဂီလာနအမယ်အို ဘုရင်မကြီးအနီးတွင် အနှိပ်သည်ဘုလုံးကိုတွေ့မြင်ရ၏။

ဤသို့လျှင်ဦးဗကြည်၏ပန်းချီကို လေ့လာ၍ နားလည်စွမ်းရှိသလောက် တင်ပြလိုက်ပေရာ ယခုရောက်ရှိနေသော ဦးဗကြည်၏"မြန်မာ့မူပိုင် ပန်းချီ" အဆင့်အတန်းသည် ပြီးပြည့်စုံသွားပြီးဟု မဆိုလိုပါ။ အားလုံး အကုန်ကောင်းပါသည်ဟုလည်း မဆိုလိုပါ။ "မှန်သောအစ၊ အောင်မြင်သောအစ၊ ကောင်းသောအစသာ ဖြစ်သည်"ဟု ဆိုလိုပါသည်။ ဦးဗကြည်သည် လည်းကောင်း၊အခြားမြန်မာပန်းချီဆရာများသည် လည်းကောင်း "မြန်မာ့မူပိုင်ပန်းချီပညာ" သည် ထက် တိုးတက်ပြီး ထွန်းကားပြန့်ပွားလာအောင် ဤ "မှန်ကန်သောလမ်းစ၊ အောင်မြင်သော လမ်းစ"ဖြင့် ဆက်လက်သွားနိုင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။

(၁၉၅၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၁၂၊ အောက်တိုဘာ ၁၉၅၃မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

## တရုံချောင်းတံတား ဆောက်လုပ်မှု ရာနှုန်းပြည့်နီးပါး ပြီးစီး

**တနိုင်း မတ် ၂၀**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့နယ်ခွဲ တရုံကျေးရွာ မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင် မော်တော်ကားလမ်းပေါ်ရှိ တရုံချောင်းကူးတံတား မြစ်ကြီးနား-တံတားအမှတ် ၁/၁၄၃ တည်ဆောက်နေမှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တရုံချောင်းကူးတံတားကို ကချင်ပြည်နယ် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး ရန်ပုံငွေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့ပြီး မေလအတွင်း ဖွင့်လှစ်နိုင်ရန် တည်ဆောက်လျက်ရှိရာ မတ် ၁၇ ရက်တွင် ၉၅ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ယင်းတံတားမှာ အရှည် ၂၀၀၀ ပေ၊ အကျယ် ၂၃ ပေ၊ နှစ်လမ်းသွား ဘေလီတံတားဖြစ်ကာ ယင်းတရုံချောင်းတံတားအား ထိန်ချုံးခရိုင်ဆောက်လုပ်ရေးအဖွဲ့နှင့်အတူ ပါဝါဗျူးကုမ္ပဏီနှင့် ပြည်သူ့ဆောက်လုပ်ရေးဌာန ဆော့လော်မြို့နယ်မှ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းဝင်းတို့က ပူးပေါင်းဆောင်ရွက်တည်ဆောက်နေခြင်းဖြစ်သည်။

**နီတိုး(မော်လူး)**

## မိုးပွင့်အထူးစီမံချက်လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ချောက် မတ် ၂၀**

ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိုးပွင့်အထူးစီမံချက်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၇ ရက် နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းကာ မြို့နယ်ဦးစီးမှူးက မြို့နယ်အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြင့်သီတာ(ချောက်)**

ရွှေထီးပ်တာန်း ❋ ချောင်းသာ(နေ့စဉ်)
✦ ရွှေစက်တော်၊ အလောင်းတော်ကဿပ
✦ ရွှေစက်တော်၊ ပုဂံ၊ ပြောင်ဦး၊ ပုပ္ပါး
✦ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ
✦ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (ဆောင်းကြာ)
ဒီးလုံးဗွားလက်ခံသည်
သကြၤန်တွင်း ပိတ်ရက်မရှိပါ
ကြိုတင်လက်မှတ်ရောင်းပြီ
01-701015,01-710436,09-5403844,09-5044830

သုခလမ်းညွှန် Travels & Tours

| | |
|---|---|
| ◆ မန္တလေး၊ပြင်ဦးလွင်၊ဂုတ်ထိပ်၊ဒီးဒုတ်(ရေတံခွန်နှင့်ရေပြာအိုင်) | Mar 26,Apr 3,10,11,17 |
| ◆ ပုဂံ(ဆီမီး/ပန်း-၁၀၀၀)+ပုပ္ပါး+ပစ္စက္ကူ(Scania ၂ထပ်ကား) | Mar 26, Apr 12,17 |
| ◆ တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော၊လှိုဏ်ဂူ၊ဗီမာန်ဖိုး | Mar 26, Apr 12,17 |
| ◆ နတ်မတောင်-ချင်းဒိုးရာဇလေ | Mar 26, Apr 12,17 |
| ◆ ဒီဒိုရေကန်-ဗလမ်း-ကလော-တမူး-မိုးရေး | Mar 26, Apr 12,17 |
| ◆ မန္တလေး၊ပြင်ဦးလွင်၊မုံရွာ၊စစ်ကိုင်း၊အလောင်းတော်ကဿပ | Apr 13 |
| ◆ ထားဝယ်၊ရှင်ကိုးရှင်၊မောင်းမကန်၊ကန်ရာနာသူရိ | Apr 12,17 |
| ◆ ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊ပစ္စက္ကူ | Apr 12 |

Ph : 01-539459, 09 252929722, 33, 44, 55,66

တရုတ်
စကားပြောရုံပဲဆိုရင်
Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

အဆင့် (1) to (10) နှင့်ဂုဏ်ထူးရှင်များတို့၏ဆရာမ
ဒေါ်မေနန္ဒာဖြိုး B.Sc (Biochemistry) ၏
ဂ၊ ၉၊ ၁၀(တက္ကသိုလ်ဝင်တန်း)ဘာသာစုံအိမ်လိုက်သင်ပါသည်။ (Teaching + Guide)
Ph : 09 420110687 , 09 250002494




ရောင်းမည်
ကျောက်မြောင်း၊ လူစည်၊ နေရာအလွန်ကောင်း၊ ထောင့်ခန်း၊ ဩဘာလမ်းနှင့် ဒဂုံသီရိလမ်းထောင့် MINDစားသောက်ဆိုင်
ဖုန်း-၀၉-၅၁၉၄၆၇၄

ရောင်းမည်
ဒဂုံဆိပ်ကမ်း၊ ရတနာလမ်းပေါ် လေးကွက်တွဲရောင်းမည်။
ဖုန်း-၀၉-၅၀၉၂၈၁၅၊
၀၉-၄၃၀၂၅၅၃၀

ဘုရင့်နောင်ပွဲရုံရောင်းမည်
ပေ(၄၀×၆၀)
ဖုန်း-၀၉-၂၅၀၁၅၃၇၇၈

ရောင်းရန်(ညှိနှိုင်းဈေး)
➢ ဘွိုင်လာနှင့်စက်ပစ္စည်းအစုံစက်ရုံ 80'×120'၊ ရန်ကုန်လမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ငါး၊ ငါးပိ-ဖုန်-(၄)၊ (ပါဝါ၊ ရေ၊ မီးစုံ၊ ဂိုဒေါင်)
➢ အုန်းဆံမျှင်စက်ရုံ
လမုဝရွာ၊ ဒေးဒရဲမြို့နယ်၊ ဖျာပုံ၊ (၄ ဧက)၊ မြစ်ဘေး။ ဖုန်း-၀၉-၂၅၃၂၀၄၆၀၉



# အခန်းဆက်ဝတ္ထုရှည်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*



## သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

***ယမန်နေ့မှအဆက်***

**(၇) ဒုတိယလူတစ်ယောက်**

ထိုနေ့မှစ၍ ကျွန်တော်၊ ခိုင်နှင့် ငြိမ်းမောင်တို့သည် ပိုမိုရင်းနှီးသော သူငယ်ချင်းများဖြစ်လာကြသည်။ ကျွန်တော်တို့နေအိမ်များနှင့် ငြိမ်းမောင်တို့ ခြံတပ်ပုံတိုက်သည်အတန်ဝေးသည်။ ငြိမ်းမောင်သည်နံနက်တိုင်း ကျွန်တော်တို့ထံသို့ ရောက်လာ၍ သုံးယောက်အတူ ကျောင်းတက်ကြသည်။ ညနေ ကျောင်းဆင်းလျှင်လည်း အိမ်တစ်ခေါက်ပြန်ပြီးမှ ငြိမ်းမောင်သည် ကျွန်တော်တို့ဆီ ပြန်လာပြီး အတူတကွ ကစားလေ့ရှိသည်။

ခိုင်သည် ငြိမ်းမောင်ကို အလွန်နိုင်သည်။ ကျွန်တော်တို့ ခြံနောက်ဘက် ကျိုက်ဗောဓိဘုရားတစ်ဝိုက်ရှိ ကုန်းရိုးခင်တန်းနှင့် မြရာရုံများအကြားတွင် ကျွန်တော်တို့သုံးယောက်သည် တူတူပုန်းတမ်း၊ စိန်ပြေးတမ်း၊ ကစားလေ့ရှိသည်။ ထိုအခါမျိုးတွင် ခိုင်သည် သူလိုက်လှည့်ဖြစ်သော်လည်း ငြိမ်းမောင်ကို ဇွတ်လိုက်ခိုင်းသည်။ ခိုင်က သူမိသော် လည်း ဆင်ခြေ အမျိုးမျိုးဖြင့် ဇွတ်ငြင်းတတ်သည်။ ငြိမ်းမောင်တစ်ယောက်မှာလည်း ခိုင်ပြုသမျှ ခံသည်။ ခိုင် ခိုင်းသမျှ လုပ်သည်။ ခိုင့်စကား နားထောင်ကောင်း၍ ငြိမ်းမောင် သေမည်နှစ်ခါ ဖြစ်ခဲ့၏။

တစ်ခါမှာ ငြိမ်းမောင် တာဇံအလုပ်ကောင်း၍ ဖြစ်သည်။ ကျွန်တော်တို့သုံးယောက်လုံး တာဇံကားမှန်သမျှ ကြည့်ကြသည်။ မြရာတောများကို အာဖရိကတောများအဖြစ် သဘောထားကာ ကျွန်တော်တို့ သုံးယောက် တာဇံလုပ်တမ်းကစားလေ့ရှိသည်။ များသောအားဖြင့် ကျွန်တော်က တာဇံလုပ်ရသည်။ ခိုင်သည်လူရိုင်းမလေး လုပ်ရသည်။ ငြိမ်းမောင်မှာမူ မျောက်လုပ်ရသည့် အခါလုပ်သည်။ လူရိုင်းဗိုလ်လုပ်သည့်အခါလုပ်ရသည်။

ကျွန်တော်သည် သစ်ပင်ကောင်းစွာ တက်တတ်ရုံမက သစ်ပင်တစ်ကိုင်းမှ တစ်ကိုင်းသို့ ကိုယ်ကိုလွှဲ၍ လက်စုံလွှတ်ကာ ခုန်ကူးတတ်သည်။ မြရာပင်ငယ်အကိုင်းတစ်ခုတွင် ကြိုးတပ်၍ နွယ်ကြိုးအဖြစ်နှင့် တစ်ပင်မှ တစ်ပင်သို့လည်း ကူးတတ်သည်။ ထို့ကြောင့် ကျွန်တော် တာဇံအမြဲလုပ်ရခြင်းဖြစ်သည်။ ငြိမ်းမောင်မှာသစ်ပင်ကောင်းကောင်း မတက်တတ်။သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ လွှဲကူးရန်မှ ဝေးစွ၊ စိတ်ကူးပင် ထည့်ရဲသူမဟုတ်။ သို့ရာတွင် အမြဲတမ်း မျောက်လုပ်လိုက်၊ လူရိုင်းဗိုလ်လုပ်လိုက်ဖြစ်နေရသည်ကို တစ်နေ့တွင် ငြိမ်းမောင် စိတ်ပျက်လာသည်။ ထို့ကြောင့် သူ တာဇံ တစ်လဲလုပ်ဦးမည်ဟု အဆိုပြုလာသည်။ ကျွန်တော်ကလည်း အားနာသဖြင့် ခွင့်ပြုလိုက်သည်။

ကျွန်တော်က လူရိုင်းဗိုလ်ကြီးလုပ်၍ တာဇံငြိမ်းမောင်နှင့် မင်းသမီး ခိုင်ကို လိုက်ဖမ်းသည်။ တာဇံ ငြိမ်းမောင်သည် မတက်တတ်၊ တက်တတ်ဖြင့် လက်အပွန်းခံကာ မြရာပင်ပေါ်တက်သည်။ ခိုင်ကမူ မြရာ ခြုံကြား လှည့်ပတ်ထွက်ပြေးသည်။ နောက်ဆုံး၌ လူရိုင်းဗိုလ် ကျွန်တော်က ခိုင့်ကို မိသွား၍ ကိုယ်ကို ကြိုးနှင့် ပတ်ကာ ဖမ်းထားသည်။ ကျွန်တော်တို့ဇာတ်လမ်းအရ ဇာတ်လိုက်ကြီး တာဇံငြိမ်းမောင် လာကယ်ရမည်ဖြစ်၏။

ခိုင်သည် ဇာတ်ကားထဲမှ ရုပ်ရှင်မင်းသမီးဟန်အပြည့်ဖြင့် ရုန်းလိုက်၊ အော်လိုက်နှင့် လုပ်နေသည်။ သို့ရာတွင် တာဇံကြီးက ပေါ်မလာ . . .။

တာဇံငြိမ်းမောင်ခမျာမှာ မင်းသမီးကို လာကယ်ရန်ဝေးစွ၊ ရောက်ရှိနေသော သစ်ကိုင်းဖျားတစ်ခုမှ မြေပြင်သို့ရောက်ရန် မည်သို့ပြန်ဆင်းရမှန်းမသိ။ ခိုင်ကသာ ကယ်ပါ၊ ယူပါ တစာစာနှင့် အော်နေသည်။ သစ်ကိုင်းဖျားမှ ငြိမ်းမောင်ခမျာလည်း တုန်တုန်ရီရီ ဖြစ်နေသည်။ ကြာသော် . . . ခိုင် ဒေါပွလာသည်။

"နင် အဖြစ်လည်းမရှိဘဲနဲ့ တာဇံ လုပ်ချင်တယ်၊ ဆင်းခဲ့ . . . မြန်မြန်ဆင်းခဲ့ . ."

"ဆင်းတော့ ဆင်းမှာပေါ့ဟ၊ ဆင်းဖို့ခက်နေလို့ . . "

"နင် တက်တုန်းက ဘယ်လိုလုပ်တက်သလဲ "

"တက်တုန်းက လွယ်လိုက်တာ . . . ဆင်းဖို့ခက်နေလို့ "

ကျွန်တော်သည် ငြိမ်းမောင် ဖြစ်နေပုံကို ငိုအားထက်ရယ်အားသန်မိသည်။ ဗိုက်ရွဲ့ရွဲ့ပုတိုတိုနှင့် တာဇံငြိမ်းမောင်သည် သစ်ကိုင်းဖျားတွင် ရပ်လျက်ရှိ၏။ သူ့လက်နှစ်ဖက်က ခေါင်းပေါ်မှ သစ်ကိုင်း တစ်ကိုင်းကို ကိုင်ထားသည်။ အပေါ်က သစ်ကိုင်းကို အားပြု၍ အောက်သစ်ကိုင်းပေါ်တွင် ဖြည်းဖြည်းလျှောက်လိုက်လာလျှင် ပင်စည်ဆီသို့ရောက်နိုင်သည်။ ငြိမ်းမောင်ကလည်း ထိုအတိုင်း ကြိုးစားသည်။

သို့သော် သူ့ခြေတစ်လှမ်း လှမ်းလိုက်လျှင် အပေါ်သစ်ကိုင်းသည် မြောက်မြောက်ကြွသွားရာ အခြေယိုင်သွားသဖြင့် ငြိမ်းမောင် ရှေ့ဆက် မလျှောက်ရဲ။ အလိုက်မသိသော ခိုင်ကလည်း တကြော်ကြော် " ဆင်းပါဟ . . . ဆင်းပါဟ"နှင့် တိုက်တွန်းနေသည်။ ရယ်နေရာမှ ကျွန်တော်သည် ငြိမ်းမောင်ကို စိုးရိမ်စပြုလာသည်။ ငြိမ်းမောင် ပြန်ဆင်းနည်း တစ်လမ်းသာမြင်သည်။ အပေါ်၌ အားပြုထားသော သစ်ကိုင်းကို လက်နှစ်ဖက် လွှတ်လိုက်၍ ကိုယ်ကို ထိန်းပြီး သတိဖြင့် အောက်သစ်ကိုင်းပေါ် မှောက်ဖက်၍ ဖြည်းဖြည်းချင်း တွယ်တွား၍ ဆင်းရမည်။

ကျွန်တော်က ထိုနည်းကို လှမ်း၍ပြောပြသည်။ ကြံရာမရသော ငြိမ်းမောင်ကလည်း ထိုနည်းကိုပင် ကြိုးစားရသည်။ ကျွန်တော်က အသည်းတယားယားဖြင့် ကြည့်နေခိုက် ငြိမ်းမောင်သည် အပေါ်သစ်ကိုင်းကို လွှတ်လိုက်သည်။ ဒယီးဒယိုင်ဖြစ်နေပြီးမှ ကံအားလျော်စွာ အောက်သစ်ကိုင်းပေါ်၌ ထိုင်လျက် ဖြစ်သွားသော်လည်း သစ်ကိုင်းကို လှမ်းဖက်လိုက်သောအခါ သူ့လက်မောင်းသေးသေးလေးများက သူ့ခန္ဓာကိုယ်ဝဝကိုမနိုင်သောကြောင့် သစ်ကိုင်းကို ဖက်လျက်နှင့် ခန္ဓာကိုယ်သည် တစ်ပတ်လည်ကျလာ၏။ ခြေကုပ်လည်း လွတ်လျက် လက်နှစ်ဖက်ဖြင့်သာ သစ်ကိုင်း၌ တွဲလွဲလေးဖြစ်နေသည်။ သူတွဲလွဲဖြစ်နေရာမှ မြေပြင်သည် ကျွန်တော်တို့ ကလေးအရပ်နှစ်ပြန်မျှ မြင့်သည်။ ငြိမ်းမောင်၏ မျက်နှာ၌ သွေးမရှိတော့ . . . ငိုမဲ့မဲ့လေး ဖြစ်လျက် မျက်ရည်အဝိုင်းသားနှင့် ကျွန်တော့်အား အားကိုးတကြီး ကြည့်နေသည်။ သစ်ကိုင်းကို တွယ်ထားသော လက်နှစ်ဖက်မှာ တဆတ်ဆတ်တုန်နေသည်။ အလိုက်မသိသော ခိုင်က အောက်မှနေပြီး လက်ခုပ်ကလေးတီးကာ ခုန်ဆွခုန်ဆွဖြင့် " တာဇံကွ၊ ငြိမ်းမောင်ကွ " ဟုအော်ဟစ်အားပေးနေသည်။ သို့ရာတွင် တာဇံကြီး ငြိမ်းမောင်၏ အခက်အခဲကို ကျွန်တော်သိသည်။ ထို့ကြောင့် အလွယ်ဆုံးနည်းကို အကြံပေးရသည်။

"ငြိမ်းမောင် လက်ဖြုတ်ပြီး အသာခုန်ချလိုက် . . "

" မချရဲဘူးကွ . . . အမြင့်ကြီး . . . "

"မမြင့်ပါဘူးကွ . . . အောက်ကျရင် ခြေနည်းနည်း ကျင်ရုံပဲရှိမယ်၊ ခုန်ချလိုက်ပါ "

"ဟင့်အင်း . . . ငါ ခုန်မချရဲဘူး . . "

"ခုန်ချပါကွာ . . . မကြောက်ပါနဲ့ . . "

"ဟင့် . . . အင်း . . . ခြေကျိုးလိမ့်မယ် . . "

"မကျိုးပါဘူးကွ . . . လက်ညောင်းပြီး ပြုတ်ကျမှ ဇက်ကျိုးနေလိမ့်မယ် "

ကျွန်တော်က မည်မျှတိုက်တွန်းသော်လည်း ငြိမ်းမောင်က ခုန်မချ။ ထိုအခိုက် ခိုင်က ဝင်အကြံပေးသည်။ငြိမ်းမောင်တွဲလောင်းခိုလျက်ရှိသော သစ်ကိုင်းအောက် မလှမ်းမကမ်းတွင် အခြားသစ်ကိုင်းတစ်ကိုင်း ရှိသေး၏။ ယင်းသစ်ကိုင်းကို လှမ်းတွယ်နိုင်သော် မြေပြင်နှင့် မဝေးတော့။

" ငြိမ်းမောင် . . . ခါတိုင်းလုပ်သလို လုပ်ပါလား . . . ကိုယ်ကို လွှဲပြီး နှစ်တန်းဘားကူးသလို အောက်သစ်ကိုင်းကို လွှဲကူးပါလား "

ကျွန်တော်က ထိတ်လန့်သွားသည်။ ထို့ကြောင့် လှမ်းအော်ရ၏။

"ဟေ့ကောင် ငြိမ်းမောင် . . . မင်းမလုပ်တတ်သေးဘူး၊ ရိုးရိုးသာ ငါပြောသလို ခုန်ချ"

ကျွန်တော် တားမြစ်နေသည့်ကြားမှ ခိုင်က ဝင်မြှောက်ပေးသည်။

"ဘာလို့မလုပ်တတ်ရမှာလဲ . . . လွယ်လွယ်ကလေး၊ လုပ်ပါဟ ငြိမ်းမောင် . . . နင်က တာဇံပဲဟာ "

" ခိုင် ဘာဖြစ်လို့ မြှောက်ပေးနေရတာလဲ၊ ဟေ့ကောင် ငြိမ်းမောင် . . . မလုပ်နဲ့နော် . . . ၊ ဟယ် . . . အမလေး "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


မုံရွေးဇေတဝန်ဆရာတော်

ဂုဏဝါဒကျမ်း ၆၀၀၀ ကျပ်

သမန္တစက္ခုဒီပနီကျမ်း ၉၀၀၀ ကျပ်

ဆန်းထွန်း(မန်းတက္ကသိုလ်)နှင့် ပါရဂူ

ဇော်လဂါမှ ဂဂါသို့ ၅၀၀၀ ကျပ်

ဖန်းရွှေပြည်စာအုပ်တိုက် ဖုန်း-၀၉ ၇၃၀၇၉၉၆၄၊ ၀၉ ၅၁၈၁၇၁၅၊ ၀၉ ၅၁၄၅၇၂၈






အမိုးတန်ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏ အစွမ်းကြောင့် ဆံပင်နီခြင်း၊ ဆံပင်နစ်စွ ဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန်စေပါသည်။ နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့ နက်မှောင်တောက်ပစေပါသည်။

ရန်ကုန် (ရုံးချုပ်) - အမှတ် (A/၂၉)၊ ဦးဝိစာရလမ်း၊ (၁၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၅၈၁၃၉၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄ (၀၉) ၈၆၁၈၀၈၁၊ ၄၉ ၃၁၆၄၀၈

မန္တလေး (ရုံးခွဲ) - အမှတ် (၅၀/၅၁)၊ တတ (၁၂)၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - (၀၂)၅၁၅၂၃၂၀၊ ၅၁၅၂၃၂၂ (၀၉) ၅၀ ၂၀၄၈၉



**မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါက်တာတင်ရှိန်-ဒေါ်စန္ဒာမြင့် တို့၏သားလတ်

**မောင်ဖြိုးမိုးရှိန်**

**M.O.T 1st Class Part B**

**Chief Engineer (SSC Shipping Company Singapore)**

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ

ဦးသိန်း-ဒေါ်လှမြိုင်တို့၏မြေး၊ ဦးဇော်ဝင်း-ဒေါ်ခင်ရီ(ဒုရဲအုပ်-ငြိမ်း) တို့၏တစ်ဦးတည်းသောသမီး

**ဒေါက်တာဟန်နီဦး**

**M.B.,B.S(YGN)**

**Medical Liaison Officer at Parkway Hospitals Singapore Patient Assistance Centre Myanmar**

တို့၏ ၈-၃-၂၀၁၅ ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel Grand Ballroom ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပါယ်ပန်းကုံး ချီမြှင့်ပေးပါသော ဦးဝင်းဖေ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)နှင့်ဇနီး ဒေါက်တာ ဒေါ်စန်းစန်းလွင်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ဝတ်ဆင်ပေးပါသော ဒေါက်တာဦးစိုးတင့်(နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ခွဲစိတ်ပါရဂူဆရာဝန်ကြီး) နှင့်ဇနီး ဒေါ်ခင်မြင့်မြင့်တို့အားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါက်တာခိုင်ခိုင်လေး ဒဂုံမြို့နယ်တွဲဖက်တရားသူကြီးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်သူ ဦးသိန်းလှမော်၊ မင်္ဂလာပန်းခြင်းကိုင် သမီးငယ် မခေတ်မြတ်စန္ဒီထွန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်သူ ဒေါက်တာဟန်နီဦး၊ မင်္ဂလာပန်းကြဲသူ ဒေါက်တာရည်မွန်သူ၊ မင်္ဂလာသတို့သားအရံ မောင်သူရလွင်နှင့် မောင်အောင်သိခ်၊ သတို့သမီးအရံ ဒေါက်တာအေးငြိမ်းမိုး၊ ဒေါက်တာယုလင်းလင်းထွန်း၊ မင်္ဂလာတေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပေးသော The Aces Music Band၊ မိတ်ကပ်နှင့်ဆံပင်အလှပြင် ဒီဇင်ဘာနှင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော 7 Picture အဖွဲ့၊ ပန်းအလှဆင်သူ မေလင်း၊ ဝတ်စုံနှင့် ရတနာဆင်မြန်းပေးသူ တော်ဝင်သူ၊ Dagon ပုံနှိပ်တိုက်၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားအား အဆင်ပြေချောမွေ့စွာ ကျင်းပရန် စီစဉ်ပေးပါသော မမျိုး(Wedding Planner)၊ CD-25မှ ညီငယ်များ၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအပေါင်းတို့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးမိုးရှိန်နှင့်ဒေါက်တာဟန်နီဦး

ပြည်တွင်းရေးရာ

# နေပြည်တော်ကောင်စီနယ်မြေရှိ ဈေးများစနစ်တကျဆောင်ရွက်နေ

**နေပြည်တော် မတ် ၂၀**

နေပြည်တော်ကောင်စီနယ်မြေတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်နေပြည်သူများ ဝန်ထမ်းမိသားစုများ ချိန်ခါမရွေးလွယ်လင့်တကူ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ရပ်ကွက်များနှင့် ဝန်ထမ်းအိမ်ရာများအနီးပတ်ဝန်းကျင် အချက်အချာကျသော နေရာများတွင် ဈေးသစ်များ တည်ဆောက်၍ ကုန်ပစ္စည်းအမျိုးအစားအလိုက် စနစ်တကျ ဖွင့်လှစ်ရောင်းချစေခဲ့ပြီး ဈေးများစည်ကားသိုက်မြိုက်စွာ စည်းကမ်းတကျရောင်းဝယ်ဖောက်ကားနိုင်စေရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဈေးများဌာနမှကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေရှိ လယ်ဝေးမြို့၊ ပျဉ်းမနားမြို့၊ တပ်ကုန်းမြို့တို့တွင် မူလက ဈေးကြီးသုံးဈေးသာရှိခဲ့ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီလက်ထက်တွင် နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ အာဟာရသုခဈေး၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဥတ္တရသီရိအဆင့်မြင့်ဈေး၊ ဒက္ခိဏသီရိဈေးများကို စနစ်တကျအသစ်ဆောက်လုပ်ပေးခဲ့သည်။

နေပြည်တော်မြို့မဈေးကြီးတွင် ပွဲရုံဆိုင်ခန်းများ၊ ယာဉ်ပြင်အလုပ်ရုံများ၊ သားငါးတန်းနှင့်ကုန်စိမ်းတန်း၊ ကုန်ခြောက်ဆိုင်တန်းများ အထည်နှင့်စတိုးဆိုင်တန်းများ၊ ရွှေဆိုင်များသာမက နေပြည်တော်ကိုဗဟိုပြု၍ မြန်မာနိုင်ငံအရပ်ရပ်သို့ သွားလာနိုင်သော အဝေးပြေးကား ဂိတ်ကြီးနှင့် မြို့တွင်းအနှံ့ပြေးဆွဲသော ယာဉ်ငယ်လိုင်းဂိတ်များကို ယှဉ်တွဲ၍ဖွင့်လှစ်ထားသည်။ အလားတူ သပြေကုန်းဈေးနှင့်ဒက္ခိဏသီရိဈေးများပါ နေပြည်တော်မြို့မဈေးနည်းတူ ဖွင့်လှစ်ထားကြောင်း သိရသည်။

အာဟာရသုခဈေးမှာလည်း ၂၄ နာရီ လှုပ်ရှားလည်ပတ်နေပြီး မြန်မာနိုင်ငံအရပ်ရပ်မှ ထွက်ရှိသော(ကုန်စိမ်း)ရာသီသီးနှံအမျိုးမျိုး၊ ရှမ်းပြည်နယ်ထွက်ကုန်များ၊ ကုန်ခြောက်များကို နံနက်ခင်း ၄ နာရီမှ နံနက် ၈ နာရီထိ လက်လီလက်ကားဝယ်ယူတင်ပို့ရောင်းချနေမှုများကို နေ့စဉ်မြင်တွေ့ရသည်။

သီရိရတနာအဆင့်မြင့်ဈေး၊ ဥတ္တရသီရိအဆင့်မြင့်ဈေး၊ ပုဗ္ဗသီရိအဆင့်မြင့်ဈေးများတွင်လည်း အနီးပတ်ဝန်းကျင်ရှိတပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ဝန်ထမ်းများနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ ရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့ရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းအများစု နေထိုင်ကြသောရပ်ကွက်များတွင် အင်ကြင်းဈေး၊ စကားဝါဈေး၊ သရဖီဈေးဟူသော ပန်းအမည်များဖြင့် ဈေးများဖွင့်လှစ်ကာ ရပ်ကွက်နေ ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ လိုအပ်သည့် ကုန်ပစ္စည်းများကိုလိုအပ်သည့် အချိန်တွင် အချိန်မရွေးဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးထားသည်။

ထို့အပြင် ဥတ္တရသီရိမြို့နယ်တွင်လည်း ရွှေသဇင်ဈေး၊ တောင်ဇလပ်ဈေး၊ ဇီဇဝါဈေး ဥတ္တရသီရိကုန်စိမ်း၊ ကုန်ခြောက်၊ သားငါးဈေးများကိုပါ ဖွင့်လှစ်ပေးထားပြီး ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရွှေကြာပင်ရပ်ကွက်တွင်လည်း ရပ်ကွက်နေ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် ရွှေကြာပင်ဈေးကိုလည်း ဖွင့်လှစ်ပေးထားသည်။

ပျဉ်းမနားမြို့တွင် ယခင်မြို့မဈေးကြီးအပြင် မြို့မဈေးနှင့်မနီးမဝေး မင်္ဂလာရပ်ကွက်တွင် (မယ်ဒယ်ချောင်)ဈေးငယ်နှင့် ရွာကောက်ရပ်ကွက်တွင် (ယုဇနဈေး)ဈေးလတ်တစ်ဈေးကို ဖွင့်လှစ်ပေးထားပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအနေဖြင့် ပျဉ်းမနားမြို့နှင့် ၂၇ မိုင်ခန့် ကွာဝေးသော (တောင်ညိုကျေးရွာ)တွင်လည်း ခေတ်မီဈေးကြီး တစ်ဈေးကို စနစ်တကျ ဆောက်လုပ်ပေးထားသည်။

နေပြည်တော်နေပြည်သူများ အပန်းဖြေလမ်းလျှောက်အနားယူရင်း ညနေဈေးများတွင် မိသားစုလိုအပ်သည်များ ဝယ်ယူနိုင်ရန် နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ အာဟာရ သုခဈေး၊ ပုဗ္ဗသီရိဈေး၊ ယုဇနဈေး၊ ဒက္ခိဏသီရိဈေးများတွင် ညဈေးတန်းများပါ တွဲ၍ဖွင့်လှစ်ပေးထားသည်။

နိုင်ငံတော်၏ဆင်းရဲမှုပပျောက်ရေး၊ အလုပ်လက်မဲ့များပပျောက်ရေးတို့အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ဖွင့်လှစ်သောဈေးများတွင် လာရောက်ရောင်းချသူ ခေါင်းရွက်ဗျပ်ထိုး(ပုံကျ) ဈေးသည်များကို ဈေးသည်တစ်ဦးလျှင် ၅၀ ကျပ်သာ ဈေးကောက်ကောက်ခံသည်။

ယခင် လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းမြို့တို့တွင် ဈေးကြီးသုံးဈေးသာရှိခဲ့ရာ ယခုအခါ ကျေးရွာဈေးများ



အလွတ် နေပြည်တော်နှင့်အနီးတစ်ဝိုက် လက်ရှိရောင်းဝယ်ဖောက်ကားနေသော ဈေး ၁၆ ဈေး ဖွင့်လှစ်ပြီးကြောင်းနှင့် ဝန်ထမ်းရပ်ကွက်အသီးသီးတွင်လည်း ဝန်ထမ်းမိသားစုများ တစ်ပိုင်တစ်နိုင်ဝင်ငွေရရှိစေရေးအတွက် ရပ်ကွက်အိမ်ရာ၊ စားသောက်ဆိုင် ၁၁၆ ဆိုင်နှင့်ဆံသဆိုင် ၁၀ ဆိုင်၊ ဝန်ထမ်းလူပျို အပျိုဆောင်များတွင်လည်း စားသောက်ဆိုင် ၁၄ ဆိုင် စုစုပေါင်း ဆိုင် ၁၄၀ ကို ဖွင့်လှစ်ပေးထားသည်။

ဖွင့်လှစ်ပြီးဈေးများတွင်ရှိသော ဆိုင်ခန်းများအားဈေးကောက်ကောက်ခံခြင်းမပြုဘဲ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များနှင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်ရောင်းချသူများကို အဆင်ပြေစေရေးအတွက် ဈေးအသီးသီးတွင် ပုံကျဈေးများပါ ပူးတွဲဖွင့်လှစ်ရောင်းချစေခဲ့သည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနအနေဖြင့် ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုကို ခံယူကာ ဖွင့်လှစ်ပြီးဈေးများတွင် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်အတွက် ဈေးများပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရောင်းချသော ကုန်ပစ္စည်းများသန့်ရှင်းလတ်ဆတ်ရေး၊ အလေးချိန်ခွင်တိကျမှန်ကန်ရေး၊ ဈေးသည်များ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရောင်းချသော ကုန်ပစ္စည်းများ ဓာတုဆိုးဆေးများကင်းရှင်းရေး၊ ဈေးများတွင် မီးဘေးလုံခြုံရေးတို့အတွက် အမြဲတစေကြပ်မတ်စစ်ဆေးနေကြောင်းကိုလည်း တွေ့ရသည်။

သို့ဖြစ်ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည့် နိုင်ငံတော်သစ်ကြီး၏ ပြယုဂ်များဟု ဆိုရပါစေလား။

**ဇော်မင်းအောင်(၁၀၇)**


ပန်းခေတ္တရာ
အဆင့်မြင့်ခရီးသွားလုပ်ငန်း
တောင်ကြီး Mar 28, Apr 12, 17
Mar 28, Apr 12, 17
Mar 28, Apr 12, 17
Apr 12
Apr 12
Apr 12
09-73098523
09-254268089

Golden View Myanmar Travels & Tours
★တောင်ကြီး-အင်းလေး ★မန္တလေး-စစ်ကိုင်း-ပြင်ဦးလွင်၊
★ပုဂံ-ညောင်ဦး-ပုပ္ပါး ★စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ
★ပြည်-အကောက်တောင် ★မော်လမြိုင်-ကျိုက္ကမီ-စက်စဲ
★ကျိုက်ထီးရိုး၊ ★ကရင်ပြည်နယ်-ဘုရင့်ညီဂူ-ရေပူစမ်း၊
3*Hotels, Scania Express Meals , Guide
Call - Ph: 09450011107, 09795739610

တိုက်ခန်းသစ်အမြန်ရောင်းမည်
- သယ်န်းကျွန်း၊ ငမိုးရိပ်(၃)လမ်း၊ (၁၂. ၅×၅၀)ပေ၊ ပ-ထပ်၊ ကြွေပြား/ပါကေးခင်း၊ သိန်း(၃၈၀)ညှိနှိုင်း
- သယ်န်းကျွန်း၊ မွန်တန်းလျားလမ်း၊ (၁၂. ၅×၄၇)ပေ၊ မြေညီထပ်၊ ကြိုပွဲ့င့် သိန်း(၃၀၀)ညှိနှိုင်း
ဖုန်း-၀၉-၉၇၉၅၃၈၅၄၈
၀၉-၄၅၀၀၄၇၅၆၉

ရွှေဝင်းရွှေပုဂံ Travels & Tours
U-20 WORLD CUP
ပွဲကြည့်ခရီးစဉ် နှင့် နယူးဇီလန်အလည်အပတ်ခရီးစဉ်
(၁၀ ညအိပ် - ၁၁ ရက်) { May 28 ထွက်ပြီး June 7 ရက်နေ့ပြန်ရောက်မည်။ }
(တစ်ဦးလျှင်) USD 3900
May 30 မြန်မာ-အမေရိကန်
June 02 မြန်မာ-ယူကရိန်း
June 05 မြန်မာ-နယူးဇီလန်
ပွဲစဉ် (၃) ပွဲကြည့်ခွင့် နှင့် အောက်ကလန်မြို့ နှင့် ဝယ်လင်တန်မြို့ များတွင် နေထိုင်စားသောက် လည်ပတ်စရိတ် အားလုံးအပြီးအစီး
* စာရင်းပိတ်မည့်ရက်စွဲ - April 10 *
4 Star Hotels & All Included
No.67, Baho Rd,Sanchaung Township, Ph: 01-500191,519292,519293,510491, 09-252281456, 09-73003772
81 Rd,Bet 33 x 34 Street, Mandalay, Ph: 09-73013856,09-31693339

ပုံတော်စုံ
မဏိကုဏ္ဍလ
ဝတ္ထုတော်ကြီး
ဖြန့်ချိရေး
သန်းမြင့်မြင့် ပိဋကတ်စာအုပ်ဆိုင်
ခင်ချိုထွန်းစာပေမှ
ထွက်ပြီ
မန္တလေး - နဂါးစာပေနှင့်ထွန်းဦးစာပေတို့တွင် ရရှိနိုင်ပါသည်။
ခင်ချိုထွန်းစာပေ၊ ဖုန်း - ၀၁ - ၅၄၂၀၅၆

LMA TMR 006583 (0115)
လွင်မြင့်အောင်
မြင်းခွာရွက် လက်ဖက်ခြောက်
ISO 9001:2008 နှင့် GMP

# ရှမ်းပြည်နယ် တောင်ကြီးမြို့ ဗုဒ္ဓတက္ကသိုလ်တွင် သံဃာတော်များ နားနေဆောင်ဆောက်မည်

**တောင်ကြီး မတ် ၂၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဆရာတော် သံဃာတော်များ နားနေဆောင်အဆောက်အအုံကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ပန်းတင်ကျေးရွာအုပ်စု ဗောဓိတောင်ကုန်း ပညာဗောဓိလမ်းရှိ ဗုဒ္ဓတက္ကသိုလ်တွင် ဆောက်လုပ်မည်ဖြစ် ကြောင်းသိရသည်။

ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၇ နာရီတွင် ဗုဒ္ဓတက္ကသိုလ်ကျောင်းတည်ဆောက်ရာကွင်း၊ ဆရာတော် သံဃာတော်များနားနေဆောင် အဆောက်အအုံ တည်ဆောက်ရာနေရာတွင် ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် အဖွဲ့ဝင်များသည် မဟာဓမ္မိကာရာမကျောင်း ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး ရတနာပန္နက်တော်များ၊ ရတနာပန္နက်တူများကို ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်ကာ အန္တရာယ်ကင်း ပရိတ်တရားတော် များ နာယူကြည်ညိုခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပရိသတ်များက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပန္နက်တင်မည့် ကျောင်းမြေနေရာအမှတ်(၁)၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ပန္နက်တင်မည့် ကျောင်းမြေနေရာ အမှတ်(၂)၊ ရှမ်းပြည်နယ် ဝန်ကြီးများက ပန္နက်တင်မည့်ကျောင်းမြေနေရာအသီးသီးတွင် နေရာယူပြီး၊ မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် ရတနာပန္နက်တော်များ၊ ရတနာပန္နက်တူများဖြင့် ကိုးချက်ရိုက်၍ ပန္နက်တင် မင်္ဂလာ ပြု လုပ်ပေးပြီး ရတနာပန္နက်တော်များအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ခဲ့ကြသည်။ **စိုင်းသန်းကျော် (တောင်ကြီး)**

# ဘဏ်ချေးငွေများအကုန်ပေးဆပ်နိုင်ရေး နှိုးဆော်ဆောင်ရွက်

**ချောက် မတ် ၂၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ တောင်သူများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးပေးခဲ့သော ချေးငွေများကို မတ်အကုန်တွင် အကျေပေးဆပ်နိုင်ရေးအတွက် နှိုးဆော်ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စပါးနှင့် အခြားသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန်နှင့် တောင်သူများ၏ ဘဝတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ မိုးစပါး၊ ဆောင်းသီးနှံ စသည့် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချောက်မြို့နယ်အတွင်းရှိ ကျေးရွာ ၄၇ ရွာမှ တောင်သူ ၁၂၀၃၁ ဦးတို့အား ၁၈၁၂၅၂၀၀၀၀ ကျပ် ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ ၁၆၈၆၉၅၀၀၀၀ ကျပ် ပေးဆပ်နိုင်ခဲ့ပြီး ကျန်ရှိသည့် ၁၂၅၅၇၀၀၀၀ ကျပ်ကို မတ်အကုန်တွင် အကျေပေးဆပ်နိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပေးဆပ်ရန်ကျန်ရှိသည့် ကျေးရွာ တောင်သူများအားသိရှိနိုင်ရေး ဆွေးနွေးနှိုးဆော်ခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မချို(ချောက်)**



# ကလေးအခွင့်အရေးနှင့်ဥပဒေဆိုင်ရာသင်တန်းပို့ချ

**ချောင်းဆုံ မတ် ၂၀**

EDIHR(Euroption Instrument Democracy Human Richts) စီမံချက်ဖြင့် ရွှေကျွန်းသာကွန်ရက်အဖွဲ့မှ ဦးဆောင်ပြီး ကလေးဥပဒေဆိုင်ရာ သင်တန်းပို့ချခြင်းကို မတ် ၁၇ နံနက် ၉ နာရီက ချောင်းဆုံမြို့နယ်မုတ် ကျေးရွာ (အ. မ. က)ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို (EIDHR) စီမံကိန်းမန်နေဂျာ ဦးသန့်ဇင်ဝင်း၊ ကွင်းဆင်းဝန်ထမ်း ဒေါ်ငြိမ်းငြိမ်သန်းနှင့် ဒေါ်သွယ်သွယ်စိုး၊ ရွှေကျွန်းသာကွန်ရက်ဥက္ကဋ္ဌ ဦးကျော်သောင်းတို့က ကလေးဆိုသည်မှာ အဘယ်နည်း၊ ကလေးဘဝအမျိုးမျိုး ကွဲပြားပုံ၊ ကလေးအခွင့်အရေး အခြေခံမူများ၊ CRC သမိုင်းကြောင်း၊ ကလေးအခွင့်အရေးဆိုင်ရာအကြောင်းအရာများကို CBO အဖွဲ့နှင့် လူငယ်များအဖွဲ့ တစ်ဖွဲ့၊ ကလေးအဖွဲ့ တစ်ဖွဲ့ စုစုပေါင်းနှစ်ဖွဲ့ခွဲပြီး သင်တန်းပို့ချပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# စေတနာ့ဝန်ထမ်းတီဘီကျန်းမာရေးလုပ်သားမွမ်းမံသင်တန်းဖွင့်

**ကနီ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှကြီးမှူး၍ တီဘီသံသယရှိသူများအား ရှာဖွေ၍ ကျန်းမာရေးဌာနများသို့ ညွှန်းပို့ခြင်းဖြင့် တီဘီလူနာများအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်နိုင်ရန် တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးဖြင့် စေတနာ့ဝန်ထမ်း တီဘီဆေးတိုက်ကျွေးသူများအဖြစ် ဆောင်ရွက်နိုင်ရန်နှင့် တီဘီရောဂါအကြောင်း ကျန်းမာရေးပညာပေးခြင်းဖြင့် ပြည်သူလူထုအား တီဘီရောဂါအကြောင်း ပိုမိုသိရှိ ဆောင်ရွက်တတ်စေရန်တို့ကို ရည်ရွယ်ချက်များဖြင့် ပြည်သူ့ဗဟိုပြု စေတနာ့ဝန်ထမ်း တီဘီကျန်းမာရေးလုပ်သားများမွမ်းမံသင်တန်းကို မတ် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးခန်းမ၌ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် တီဘီကျန်းမာရေးလုပ်သား ၁၆ ဦးအား မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဗဟိုအတွင်းရေးမှူး ဦးစိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ (TB Coordinator) ဒေါ်ခင်မျိုးတင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုန်းဝင်းတို့က တီဘီရောဂါကူးစက်ပြန့်ပွားပုံ၊ တီဘီရောဂါလက္ခဏာများ၊ သလိပ်စစ်ဆေးခြင်း၊ သလိပ်ခံယူနည်းများ၊ သလိပ်နမူနာများအား ဓာတ်ခွဲဌာနတွင် ပေးပို့စစ်ဆေးခြင်းနှင့် ရောဂါရှာဖွေဖော်ထုတ်ခြင်းများကို သင်ကြားပို့ချခဲ့သည်။

အဆိုပါ စေတနာ့ဝန်ထမ်းတီဘီကျန်းမာရေးလုပ်သားများမွမ်းမံသင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သန်းဋ္ဌေးအောင်(ကနီ)**

## သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး


### မြိုင်မဟာစည် ရန်ကုန်

### သင်္ကြန်တွင်း (၇)ရက် အထူးတရားစခန်းဖွင့်မည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည် သာသနာ့ရိပ်သာအတွင်း၌ မဟာသင်္ကြန်အတွင်း (၇)ရက် အထူးတရားစခန်းပွဲကို ၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော်(၉)ရက်မှ ၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၁ရက်အထိ ၁၂-၄-၂၀၁၅ရက်မှ ၁၈-၄-၂၀၁၅ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ၊ ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉-၄၂၁၁၅၁၀၃၀၊ ၀၉-၈၆၂၅၂၂၃တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ ယောဂီများ (၁၁)ရက်နေ့ ညနေ ၄း၀၀နာရီအရောက်လာရပါမည်။

### ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပ နယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် မတ်လ ၂၇ ၇က်တွင် တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၆)လမ်း၊ မလွန်ဆန်လျှရေစက်ချ ဓမ္မသဘင်၊ ၂၈ရက်တွင် ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဆွမ်းအောင်ပွဲ ဓမ္မသဘင်၊ (၂၉)ရက်တွင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ဆည်းဆာ ဓမ္မသဘင်နှင့် သန်လျင်မြို့ အေးသစ္စာရပ်ကွက် ဓမ္မသဘင်၊ (၃၁)ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ နေသိဒ္ဓိလမ်း ဓမ္မသဘင်တို့၌ ညစဉ် ၇း၀၀နာရီမှ စ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပါမည်။

### အမှားပြင်ဆင်ခြင်း

၄-၃-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂)တွင် ပါရှိခဲ့သော "၆-၁-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)တွင် ဒေါ်စန္ဒာဦး [၁၂/ဗဟန(နိုင်)၀၇၅၃၅၂]၏ ပတ်သက်မှုမရှိတော့ပါကြောင်း ခေါင်းစဉ်ဖြင့် ထည့်သွင်းခဲ့သည့် ကြေညာချက်နှင့် ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း" ခေါင်းစဉ်ဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝင်းမင်းသန်း[၁၂/ဗဟန(နိုင်)၀၀၃၁၄၉]၏ ညွှန်ကြားချက်အရ ထည့်သွင်း ခဲ့သော ကြော်ငြာတွင်ပါရှိသည့် ပစ္စည်းများအနက် အမှတ်စဉ်(၂) ရန်ကုန်မြို့၊ တောင်ဥက္က လာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း ၂၀ အပိုင်း(က)၊ အမှတ်(၈၇၆)ဟု မှားယွင်း ဖော်ပြချက်အား အမှတ်(၈၆၇)ဟုလည်းကောင်း၊ အမှတ်စဉ်(၆)ပါ 3E/1665 Ractis အစား 3E/1655 Ractis ဟုလည်းကောင်း ပြင်ဆင်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်မို့မို့ဇင်ကို **LL.B,D.B.L,D.I.L,D.M.L** | ဦးမင်းသူ **LL.B** (စဉ်-၅၇၉၃) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၈၅၅၇) | ဖုန်း-၀၉-၄၉၃၃၆၅၇၆၊ ၀၉-၃၃၃၃၇၂၂၉ |
| ဖုန်း-၀၉-၅၁၄၅၆၃၀ | အမှတ်-၉/၁၁၊ ၀၀၄(မြေညီ)၊ ၃၆လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

(RC-1, RUBC, BC)

### စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားအပ်ပါသည်။

သူငယ်ချင်းတို့ရေ -

- အမှတ် (၁) ဒေသကောလိပ် ရန်ကုန် (RC-I)၊ ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေ (RUBC)၊ ဗိုလ်တထောင်ကောလိပ် (BC) မှာ တို့တစ်တွေကို ပညာသင်ပေးခဲ့တဲ့ ဆရာကြီး/ဆရာမကြီးတွေလည်း အိုမင်းရင့်ရော်ကုန်ကြပြီ။ တို့တစ်တွေလည်း အသက်တွေကြီးလာကြပြီမို့ ရာထူးတွေ စည်းစိမ်တွေကို ခဏထားပြီး ကျောင်းတော်ကြီးရဲ့ ဟဒ်ပင်ရိပ်မှာ ငယ်သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး ဆုံတွေ့ရင်း ဆရာကြီး/ဆရာမကြီး (၂၀၀) ကျော်ကို ကန်တော့ကြရအောင် ၂၉-၃-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် (၀၉း၀၀) နာရီ ယခင် RC-I ခန်းမ၊ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် (ဗိုလ်တထောင်) ကို ဆက်ဆက်လာခဲ့ကြပါလို့၊
- မိတ်ဆုံစားပွဲကို ၂၉-၃-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ (၀၆း၀၀) နာရီမှာ M 3 Food Center မှာ ကျင်းပမှာမို့ လက်မှတ်များ+ဝယ်ယူအားပေး ကြရင်း တက်ရောက်ကြပါလို့။

**ဆက်သွယ်ရန်** - ၀၉-၄၂၁၀၀၆၂၆၁၊ ၀၉-၅၁၄၄၁၈၁၊ ၀၉-၅၀၀၇၆၂၁၊ ၀၉-၅၂၀၂၅၃၆၊ ၀၉-၄၂၀၁၅၄၉၆၊ ၀၉-၅၀၉၁၈၅၈၊ ၀၉-၃၁၅၅၁၄၇၂၊ ၀၉-၇၃၂၀၇၆၉၀၊ ၀၉-၇၃၁၇၇၉၄၉။ (၂၂-၃-၂၀၁၅) မွန်းလွဲ (၁း၀၀) နာရီတွင် RC 1 ခန်းမသို့ ညှိနှိုင်းအစည်းအဝေး ကြွရောက်ပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄E၊ မြေကွက်အမှတ်-၁၉၃၊ မြေကွက်တည်နေရာအမှတ်-၁၇/၁၉၊ ၁၆၆လမ်း၊ တာမွေမြို့နယ်ရှိ ရန်ကုန်မြူနီစီပါယ် (ချန်လှပ်ထားသောနေရာ) Open Space အမည်ပေါက်၊ မြူနီစီပါယ်သို့ လွှဲအပ်ပြီး မြေအား ပါရမီရောင်းဝယ်ရေးသမအသင်းလီမိတက်ကိုယ်စား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ထံမှ GP ရရှိသူ ဦးစိုးမိုးထက် [၁၂/တမန(နိုင်)၀၀၁၉၉၈]နှင့် ဦးစိန်မောင်[၁၂/ဗဟန(နိုင်)၀၃၁၇၄၇]တို့မှ ဂရန်သစ် လျှောက်ထားလာရာ (၁)နှစ်ယာယီမြေအသုံးချခွင့် ချထားပေးမည်ဖြစ်သဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၈၇၀၊ မြေကွက်တည်နေရာ-အမှတ်(၈၇၀)၊ သုမိတ္တာ (၂၂)လမ်း၊ ဦးကျင်ရန်[၁၂/ဥကမ(နိုင်)၁၂၁၁၅၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ခင်ပွန်းဦးကျင်ရန် ကွယ်လွန်သဖြင့် ဒေါ်ကျင်အေး[၁၂/ဥကမ(နိုင်)၀၇၄၇၁၀] က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဆရာကန်တော့ပွဲမှာ ဆုံကြပြီး သူငယ်ချင်းတွေ ညစာအတူတူ စားကြရအောင်နော်

၁၉၇၂-၇၆ခုနှစ်၊ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်း သူများရဲ့ ဆရာကန်တော့ပွဲနှင့် သူငယ်ချင်းတွေ ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ/ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက် ပေးကြပါရန် ဖိတ်ကြားပါသည်။

| ဆရာကန်တော့ပွဲအစီအစဉ် | | ညစာစားပွဲအစီအစဉ် |
|---|---|---|
| နေ့ရက် | ၂၈-၃-၂၀၁၅ရက်(စနေနေ့) | ၂၈-၃-၂၀၁၅ရက်(စနေနေ့) |
| အချိန် | နံနက်၉း၀၀နာရီမှ ၁၂း၀၀နာရီထိ | ညနေ ၆း၃၀ နာရီမှ ၉း၃၀ နာရီထိ |
| နေရာ | ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ | ဆီဒိုးနားဟိုတယ်၊ မင်းတုန်းခန်းမ |

ဆက်သွယ်ရန်-

| | |
|---|---|
| ကိုသက်လွင်(ဟိုတယ်ရွှေဂုံတိုင်) | ၀၉-၅၁၃၁၁၈၉ |
| ကိုစိုးမြင့် | ၀၉-၅၀၇၉၄၈၆ |
| ကိုကံဌေး | ၀၉-၅၁၆၇၄၅၃ |
| ကိုတင်ဝင်း(ဆလုံ) | ၀၉-၄၅၀၀၄၀၇၄၁ |
| မကျင်နွဲ့ | ၀၉-၄၂၀၁၃၇၇၄၈ |
| မခင်မြင့်မြင့် | ၀၉-၅၁၇၂၀၀၂ |

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဖြူဖြူ(အငြိမ်းစား)အထက်တန်းပြဆရာမ အ. ထ. က(၁)ကြည့်မြင်တိုင်၊ ပင်စင်စာအုပ် အမှတ်စဉ် 7937 ၏ ဆန်ဖိုးငွေထုတ်ယူရန် ဆန်စာအုပ်ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် သတိပေးကြော်ငြာအပ်ပါသည်။

ဒေါ်ဖြူဖြူ
၈၂(က)၊ သရက်တော(၅)လမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

### တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်လတ်မြို့နယ်၊ အထက်ဆင်ကူးကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာနေ ဦးထွန်းမြင့်၏ သမီး မသူဇာအေး [၁၄/ကလန(နိုင်) ၁၀၂၅၄၅] နှင့် မသူဇာသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ပထမဦးဆုံး | ဦးထွန်းဦး+ဒေါ်ဝင်းမာ

### TV (ရန်ကုန်)

အမျိုးသား/အမျိုးသမီး
ကားမောင်းစက်ပြင်သင်တန်း

(၁)မဆလာစက်မှတ်တိုင်ရှေ့
(၂)၉၇/၉၉၊ ဗညားဒလမ်း၊ (၁၂၄)လမ်းမှတ်တိုင်အနီး
(၃)မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း၊ ဗိုလ်မှူးဗထူးလမ်း။
Ph:09-5041550,09-421150033,09-73044311,
09-42066955,09-260111942(မြောက်ဒဂုံ)
အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင် TV(ရန်ကုန်)နှင့်သင်လိုက်ပါ။

# ထွန်-ရှားလှ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

**ဆိပ်ဖြူ မတ် ၂၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ် ၁၇၂၂ သိန်းဖြင့် ဆိပ်ဖြူမြို့နယ် ပုသိမ်-မုံရွာကားလမ်း ၁၅၇/၇ ရှိ ထွန်ကျေးရွာအနီး ထွန်-ရှားလှကျေးရွာချင်းဆက် မြေသားလမ်း ၁၀ မိုင် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ထွန်-ရှားလှကျေးရွာချင်းဆက်လမ်းကို မတ် ၃ ရက်မှစတင်၍ ဖောက်လုပ်ပေးခဲ့ရာ မတ် ၁၇ ရက်ထိ ၄၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါမြေသားလမ်း ၁၀ မိုင် ဖောက်လုပ်မှုလုပ်ငန်းအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့မှ ကြီးကြပ်၍ ကောင်းမွန်ဆောက်လုပ်ရေးဝန်ဆောင်မှုကုမ္ပဏီမှ စက်ယန္တရားကြီးများဖြင့်တာဝန်ယူဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရှားလှကျေးရွာအုပ်စုသည် ဆိပ်ဖြူမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကုန်းတွင်းပိတ်ကျေးရွာအုပ်စုဖြစ်သည်။ ကျေးလက်နေပြည်သူများအနေဖြင့် ဒေသထွက်ကုန်များ ရောင်းချရန်နှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းမှုကြောင့် ခရီးသွားလာရာ၌ အခက်ခဲများစွာ ရှိခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



# ဆောက်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

**ပုသိမ် မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် ၁၁ ရပ်ကွက်တွင်ရှိ TRUST & GAIN Co.,Ltd မှ ကြီးမှူးကျင်းပသော ဆောက်လုပ်ရေးဆိုင်ရာလုပ်သားများ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါကုမ္ပဏီရှိ Golden Dream ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသိန်းအောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လူအေး၊ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် TRUST& GAIN Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးကြည်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းမှူး ဦးအုန်းမြင့်က သင်တန်းပို့ချမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ပြသထားသော သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါသင်တန်းကို ကျွမ်းကျင်သောလုပ်သားများ အမြန်ဆုံးထွက်ပေါ်လာရေး၊ နိုင်ငံခြားအဆင့်မီ အရည်အသွေးရှိသော အလုပ်သမားများပေါ်ထွက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ တစ်လဖြစ်ပြီး သင်တန်းသား ၄၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# ကျေးလက်ဒေသမီးလင်းရေး ဆိုလာပြားများတပ်ဆင်

**နတ်တလင်း မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်ဘက်ခြမ်း ကျွဲသေကျေးရွာအုပ်စု ကျွဲသေရွာတွင် ဆိုလာပြားများပေးအပ်တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ရွာမှာ ကျေးလက်ဒေသမီးလင်းရေးအတွက် လျှပ်စစ်မီးသွယ်တန်းရေးလုပ်ငန်းမှာ စတင်သွယ်ယူရမယ့်နေရာကလည်း ဝေးတယ်။ ကိုယ့်အားကိုယ်ကိုးပြီး မိမိအိမ်ကိုသွယ်ဖို့ဆိုတာကလည်း ဆင်းရဲနွမ်းပါးသူပေါ်တော့ မသွယ်နိုင်ကြပါဘူး။ အခုဆိုရင် ရွာမှာ ဆိုလာပြားနဲ့ ဆက်စပ်ပစ္စည်းများ ရနေပြီဖြစ်လို့ မီးလင်းနေပါပြီ။ ကျောင်းသားတွေလည်း စာကြည့်နိုင်သလို ညအချိန်အလုပ်လုပ်လို့လည်းရတယ်။ အပန်းဖြေအနားယူချိန် တီဗွီလည်းကြည့်လို့ရတယ်။ ဖုန်းအားကို အချိန်မရွေးသွင်းလို့ရတယ်။ အားလုံးအဆင်ပြေကြတယ်” ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

ယင်းဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်း ၁၄၄ စုံကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၇၁)**

# ဗုဒ္ဓဘာသာ၏အနှစ်သာရများကို သိရှိနားလည်စေရေးအတွက် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း ကာလိမြို့အထက်တန်းကျောင်းတွင် ဖွင့်လှစ်

**ကာလိ မတ် ၂၀**

လွိုင်လင်ခရိုင် ကာလိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် မတ် ၁၆ ရက် နံနက် ၉ နာရီက ပထမအကြိမ် နွေရာသီရက်တိုယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးငြိမ်းထက်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအုန်းမြင့်က ကျောင်းသား၊ ကျောင်းသူလေးများအား ယဉ်ကျေးလိမ္မာသောကလေးငယ်များ ဖြစ်စေရေး၊ ဗုဒ္ဓဘာသာ၏ အနှစ်သာရများကို သိရှိနားလည်စေရေး၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံနှင့်လူမျိုး၊ ယဉ်ကျေးမှုများ မပျောက်ပျက်စေရန် ရည်ရွယ်၍ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား သင်တန်းနည်းပြအဖြစ် ကွန်ဟိန်းမြို့မှ ဆရာမဒေါ်စန်းစန်းဌေးနှင့်အဖွဲ့က ပို့ချပေးမည်ဖြစ်ကာ သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် သင်တန်းတက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တက်ရောက်လာကြသော စေတနာရှင်၊ အလှူရှင်များက လက်ဆွဲအိတ်ငယ်များ၊ ဗလာစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဝင်းမင်းသန်း(ပြန်/ဆက်)**







သင်္ချာကျော်ရှိန် M.Sc. (Maths). Final

၂၀၁၅-၂၀၁၆ စာသင်နှစ်အတွက် ဂုဏ်ထူးတန်း Aircon စာသင်ခန်းမ


ဆယ်တန်း (၃) လပြတ်နှင့်ပုံမှန် (နှစ်လုံးပေါက်) သင်တန်း

သင်္ချာ၊ ဘာသာစုံ ပိုင်းနှင့်ဘော်ဒါ

၁၅-၃-၂၀၁၅ စမည်။

အမှတ်-၂၁၂၊ ပထမထပ်၊ ပန်းဆိုးတန်း(အလယ်)၊ အနော်ရထာလမ်းထိပ်

Ph:09-250359833, 09-253034191, 09-796313677



ဖတ်စရာ

# နွားလှည်းဖြင့် ဘုရားဖူးသည့် ဓလေ့ ရှိနေဆဲ



**ခ** အောင်(ဓာတုဗေဒ)

နှစ်စဉ်အစဉ်အလာမပျက် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်ထိ စည်ကားစွာကျင်းပခဲ့သော ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ရွှေနတ်တောင်စေတီတော်မြတ်ကြီး၏ တပေါင်းပွဲတော်သို့ နွားလှည်းများဖြင့်လာရောက်ကြပြီး ရက်ရှည်နေထိုင်ကာ ဘုရားဖူးသည့်ဓလေ့ မပျောက်မပျက်ရှိနေသေးကြောင်း ယခုနှစ်ဘုရားဖူးရာသီတွင် တွေ့မြင်ရသည်။

ရွှေတောင်မြို့ အရှေ့ဘက်ကျေးရွာများနှင့် အနောက်ဘက် ကျီးသဲ၊ ညောင်စာရေးကျေးရွာများတွင် စပါးပေါ်ပြီးချိန်၊ တောင်ယာမှ နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုးတို့အား ရောင်းချ၍ ငွေရှင်ချိန်၌ ဒေသ၏တန်ခိုးကြီးစေတီတော်ကြီး တပေါင်းပွဲတော်သို့ ဘုရားဖူးလာရောက်ကြသည်။ ရွာတွင်အစောင့်သာသာထားရစ်ကာ ကလေး၊ လူကြီး၊ ကာလသား၊ ကာလသမီးမကျန် ဆန်နှင့် ပန်းကန်ခွက်ယောက်များ၊ နွားစာပါတစ်ပါတည်းတင်ဆောင်၍ နွားလှည်းတွင်နေမပူစေရန် နီးဖြာဖြင့်ပေါင်းမိုးပြုလုပ်ပြီး နွားလှည်း ၅ စီး ၁၀ စီးစုပေါင်းကာ ဘုရားပွဲတော်စည်ကားချိန် မြေကွက်လပ်တွင် လှည်းဝိုင်းများဖွဲ့ပြီး ချက်ပြုတ်စားသောက်ကာ နေ့ဘက်တွင် အနားယူအိပ်စက်၍ ညပိုင်း ဇာတ်ပွဲကြည့်၊ ပွဲတော်လည်ပတ်ကြသည်။

"အဘ ၁၀ နှစ်သားလောက်ကတည်းက မိဘဆွေမျိုးသားချင်းတွေနဲ့ နွားလှည်းစီးပြီး ဘုရားဖူးလာကြတယ်။ အခုအဘ အသက် ၇၀ ရှိပြီ။ ဘုရားရဲ့တန်ခိုးတော်နဲ့ ကျန်းမာတုန်း၊ ဘုရားဖူးရတုန်းပဲ။ ဘုရားပွဲတော်ကိုမလာခင် သုံးရက်လောက်ကတည်းက ကြိုတင်ပြင်ဆင်ရတယ်။ ပွဲတော်ပြန်တော့ မိုးရာသီလယ်ခွင်အတွက် နွားကြိုး၊ ကြိမ်တံခါး၊ တူရွင်း၊ ပေါက်ပြား လိုအပ်တာတွေ အကုန်ဝယ်ရတယ်။ ပွဲတော်မှာရောင်းတဲ့ ငါးပိ၊ ငါးခြောက်၊ ဆားတို့ကို မိုးတွင်းစာဝယ်ပြီး လှည်းတန်းကြီး ဖုန်တလုံးလုံးနဲ့ ပြန်လာတာပါပဲ" ဟု ညောင်စာရေးရွာမှ ဘုရားဖူးလာသည့်အဘက ပြောပြသည်။

ရွှေနတ်တောင်စေတီတော်ကြီး၏ ပွဲတော်တွင် နွားလှည်းသာမက ထော်လာဂျီ၊ တရုတ်ဆိုင်ကယ်များဖြင့် လာရောက်ဘုရားဖူးသူများ အထူးစည်ကားပါသည်။ ၎င်းစေတီတော်ကြီးအား သရေခေတ္တရာပြည့်ရှင် ဒွတ္တပေါင်၊ ဗိဿနိုးမိဖုရား၊ စန္ဒာဒေဝီမိဖုရားတို့မှ ဘီစီ ၅ ရာစုတွင် အသစ်တစ်ဖန်ပြန်လည်ပြုပြင်၍ ခေတ်အဆက်ဆက်တည်ထားကိုးကွယ်ခဲ့သော ဒေသတွင်း တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည်။

# ကျပ်သိန်း ၈၀၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့သည့် ရွှေမေတ္တာမြောက်ယမားချောင်းကူးတံတား ဖွင့်ပွဲကျင်းပမည်

**ပုလဲ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပသို့သွားရာလမ်းပေါ်တွင် ငွေကျပ်သိန်း ၈၀၀၀ ကျော် အကုန်အကျခံကာ တည်ဆောက်ပြီးစီးခဲ့သည့် ပေ ၅၅၀ ရှည်သော မြောက်ယမားချောင်းကူးတံတားသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရွှေမေတ္တာမြောက်မားချောင်းကူးတံတားကြီးဖြစ်မြောက်ရေးနှင့် ရွှေဆံပင်တံတားလမ်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဆရာတော် ဦးဝေပုလ္လက "ဒီရွှေမေတ္တာမြောက်ယမားချောင်းကူးတံတားနဲ့ ရွှေဆံပင်တံတားလမ်းဟာ အလောင်းတော်ကဿပသို့ ဖြတ်သန်းသွားရာမှာ အချက်အချာကျတဲ့နေရာဖြစ်သလို ပုလဲမြို့နယ်နဲ့ ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀ ကျော်၊ လူဦးရေ ၅၀၀၀၀ ကျော်လောက် မှီခိုအားထားသွားလာနေရတဲ့လမ်းလည်းဖြစ်ပါတယ်။

တံတားသစ်ကြီးဖွင့်ပွဲနှင့် ပင့်သံဃာ ၃၅၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂၁ ရက်နှင့် မတ် ၂၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်က ကျွန်တော်တို့ရွာနဲ့အနီးပတ်ဝန်းကျင်ကျေးရွာများရှိ အခြေခံပညာအလယ်တန်းနဲ့ အထက်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားတွေဟာ ဒီမြောက်ယမားချောင်းရဲ့ တစ်ဖက်မှာရှိတဲ့ ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာမှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်းကို သွားရောက်ပညာသင်ကြားရာမှာ မိုးတွင်းဆို ရက်ပေါင်း ၄၀ လောက် ချောင်းရေလျှံခြင်းကြောင့် ကျောင်းပျက်ခဲ့ရတဲ့ကလေးတွေနဲ့ ကျန်းမာရေးကိစ္စများ အရေးပေါ် ပေါ်ပေါက်လာပါက ဆေးရုံဆေးခန်းကို အချိန်မီ မပို့ပေးနိုင်ခဲ့တာကြောင့် အသက်ဆုံးရှုံးခဲ့ရတဲ့သူတွေလည်း ရှိခဲ့ပါတယ်။ ဒီနေ့အချိန်မှာ မပူရတော့ဘူး။ ရွှေဆံပင်တံတားလမ်းနဲ့ မြောက်ယမားချောင်းကူး ရွှေမေတ္တာတံတားကြီးဖြစ်မြောက်အောင်လို့ အကျိုးတော်ဆောင်ဆရာတော်များရဲ့ ဦးဆောင်မှု၊ နိုင်ငံတော်အစိုးနဲ့ မြန်မာနိုင်ငံအတွင်းရှိ စေတနာရှင်၊ အလှူရှင်များရဲ့ လှူဒါန်းငွေများဖြင့် ဆရာဒကာညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ခဲ့လို့ တံတားကြီးလည်း ပြီးစီးခဲ့ပြီဖြစ်ပါတယ်"ဟု ပုလဲမြို့နယ် ပုထိုးသာကျေးရွာမှ ရပ်မိရပ်ဖ ဦးမြအောင်က ပြောသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# ကျိုက်ထိုမြို့နယ်တွင် ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်

**ကျိုက်ထို မတ် ၂၀**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရွာပေါင်း ၂၁ ရွာ၌ လက်တူးတွင်း ၂၁ တွင်း၊ တွင်းနက်ခြောက်တွင်း၊ စိမ့်စမ်းရေသွယ်လုပ်ငန်းတစ်ခုနှင့် ရေပေးဝေရေး အခြားလုပ်ငန်းသုံးခု စုစုပေါင်း လုပ်ငန်း ၃၁ ခု တန်ဖိုးငွေစုစုပေါင်း ၂၀၃ ဒသမ ၅၀ ကျပ်သန်းကုန်ကျခံ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအား သထုံခရိုင်မှ ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးဝင်း၊ ကျိုက်ထိုမြို့နယ်ဦးစီးမှူး ဦးမိုးဝင်းနှင့် အင်ဂျင်နီယာအဖွဲ့တို့မှ မတ် ၁၇ ရက်တွင် လိုက်လံစစ်ဆေး၍ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးဆောက်ရွက်ရန် မှာကြားခဲ့သည်။ **ကျိုက်ထို(ကျေးလက်)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ချောက်မြို့တွင် သရုပ်ပြလေ့ကျင့်

**ချောက် မတ် ၂၀**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (၈) အဆင့် ချောက်မြို့တွင် မတ် ၁၇ ရက် နံနက် ၉ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲထွေးအောင်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုနည်း၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြသမှုများပြုလုပ်ပေးရာ ပင်မမန်နေဂျာ ဦးထွန်းရီနှင့် ဝန်ထမ်းများကိုယ်တိုင် မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ဝင်းဌေး(ချောက်)**


## မွေးနေ့မင်္ဂလာဆုတောင်း

ဦးသန်းမြင့်(MD,TOSTA GROUP LTD& MD, HIGH RISE CONSTRUCTION GROUP LTD)၏ ၂၁-၃-၂၀၁၅(စနေနေ့)တွင် ကျရောက်သော မင်္ဂလာရှိသော မွေးနေ့တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍နှစ်(၁၀၀)တိုင် ချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဇနီး - ဒေါ်မြဝင်း

သမီးများ - တင်တင်သန်း-ခင်မောင်တင်
အေးအေးသန်း-Capt. စံသိန်း (M.D,Glory Success Co.,Ltd)
မြင့်မြင့်သန်း-ခင်မောင်အေး(ခေတ္တ USA)

မြေးများ - မြတ်သက်ခိုင်(ခ)KAVEETHA THAIN (Ursinus College,USA)
ကောင်းဇော်ဟန်(ခ)PRABHU NANDAN (Grade-10,ISM)
သက်နေဟိန်း(ခ)GOVINDA KRISHNA(Grade- 6,ISM)
သန့်နေဟိန်း(ခ)GOPALA KRISHNA (LIGHT HOUSE, NEW WORLD)



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် - 9C-4200၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊(ရွာသာကြီး)



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် - 4I-8873၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)



## ကမ်းခြေသကြံန်

ငပလီ-ချောင်းသာ
စရိုက်ငြိမ်း
အထူးခရီးစဉ်
၁၂ ရက်နေ့ညထွက်မည်။
အမှတ်(၃၂)၊ ဦးဖိုးထူးလမ်း နှင့်သာဓုလမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်။
Ph:09-402533214, 09-43123903
09-420273012.



## ၂၁-၃-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့ရှင် "ကေသရီမြင့်"အတွက်

လေးနှစ်အဆင့် ကေသရီမြင့်
တင့်လှပေတယ် လောကအလယ်
ဘေးဘယာနတ္ထိ ကျန်းမာအတိ
တတ်သိလိမ္မာ ဉာဏ်ပညာနှင့်
ဉစ္စာကြွယ်ကြောင်း ဆုမွန်တောင်းမို့
မကောင်းမရှိ ကောင်းချည်းရှိစေ။
နှစ်ဖက်ဘိုးဘိုးဘွားဘွားများနှင့်
ဖေဖေ ဦးစည်သူမြင့်၊ မေမေ ဒေါ်နွေးနန္ဒာဉာဏ်၊ ဦးဦး၊ တီတီများ



## စက်မှုဝန်ထမ်းဟောင်းများအသင်း
## ဒုတိယအကြိမ် အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားလွှာ

စက်မှုဝန်ကြီးဌာန၊ ယခင်အမှတ်(၁)နှင့် (၂)တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်းများအပါအဝင် စက်မှုဝန်ထမ်းဟောင်းများအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဒုတိယအကြိမ်အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားရှိပါသည်။

ကျင်းပပြုလုပ်မည့်ရက် - ၂၀၁၅ခုနှစ်၊ မတ်လ ၂၈ရက်(စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - နံနက် ၉နာရီ
ကျင်းပပြုလုပ်မည့်နေရာ - စက်မှုဓမ္မာရုံ၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်း။
ရွှေနံ့သာလမ်းသွယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၅၀၈၆

အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရပ်နီးရပ်ဝေး ဒေသအနှံ့အပြားမှာ ရောက်ရှိနေကြသည့် စက်မှုဝန်ထမ်းဟောင်းများအားလုံး တက်ရောက်ကြပါရန် လှိုက်လှဲစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
စက်မှုဝန်ထမ်းဟောင်းများအသင်း








FAME **HerbalSleep®**
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1114)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **HerbalFresh®**
Mental refreshment
စိတ်ကြည်ဆေး
TMR 011255 (1114)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

# (၅၉) ကြိမ်မြောက် ဝိနယာဓိကပရိယတ္တိ သာသနာပြုအသင်းကြီး စာအောင် သံဃာတော်များ ဆုနှင်းသဘင်ကျင်းပ

**ရန်ကုန် မတ် ၂၀**

(၅၉) ကြိမ်မြောက် ဝိနယာဓိက ပရိယတ္တိသာသနာပြု အသင်းကြီး စာအောင်သံဃာတော်များအား ဆုနှင်းသဘင် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်မြို့နယ် ရွာမအနောက်ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ဂန္ဓဝင်ကျောင်းဆောင် မြေညီထပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ဧည့်ပရိတ်သတ်များက အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောက ဘိဝံသဆရာတော်ကြီးထံမှ ငါးပါးသီလနှင့် ဩဝါဒကထာများနာယူကြသည်။

ယင်းနောက် ၁၃၇၆ ခုနှစ် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကပရိယတ္တိ စာမေးပွဲကြီးတွင်ဂုဏ်ထူးရ စာအောင် သံဃာတော်များအား ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး ဒေါ်လှသက်ဌေးက ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ယင်းနောက် စာချတန်းအောင် သံဃာတော်များ၊ ဂုဏ်ထူးရ သံဃာတော်များ၊ ရိုးရိုးအောင် သံဃာတော်များအား ဝိနယဓိကပရိယတ္တိ သာသနာပြုအသင်းကြီး၏ ဥက္ကဋ္ဌဦးစိန်တင်၊ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး)၊ အင်းစိန်မြို့နယ် 'ရေကြည်တစ်ပေါက်' ပရဟိတလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးမင်းခိုင်၊ ရွာမနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်လှိုင်နှင့် ကြွရောက်လာကြသူများမှဂုဏ်ထူးဆောင်လက်မှတ်၊ အောင်လက်မှတ်နှင့် အလှူငွေများကို ဆက်ကပ်ပူဇော်လှူဒါန်းခဲ့ကြသည်။

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မင်္ဂလာသီရိပရိယတ္တိ စာသင်တိုက်၏ ဦးစီးပဓာနဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှအတမ်းပေးဝေခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# မြေမြှုပ်မိုင်းဆန့်ကျင်ရေးပညာပေးသီချင်း DVD ဖြန့်ဝေ

**ရန်ကုန် မတ် ၁၈**

မြေမြှုပ်မိုင်းဆန့်ကျင်ရေး ပညာပေး သီချင်းများပါဝင်သည့် DVD မိတ်ဆက်ပွဲကို ညီမျှခြင်းမြန်မာမှ ဒါရိုက်တာ ဦးအောင်မျိုးမင်းနှင့်အတူ ပါဝင်သီဆိုခဲ့သော အနုပညာရှင်များဖြစ်သည့် စောဖိုးခွားနှင့် အဆိုတော်၊ အသံပိုင်းဆိုင်ရာပညာရှင်များက ရန်ကုန်မြို့ Orchid hotel တွင် မတ် ၁၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ မြေမြှုပ်မိုင်းဆန့်ကျင်ရေး ပညာပေးသီချင်း ငါးပုဒ်ဖြစ်သည့် (မြက်ခင်းစိမ်းလေးများ . . . . အပေါ်၊ မြေမြှုပ်မိုင်း၊ မီးလောင်တောင်ယာ၊ အဖေခေါ်သံ၊ ကုန်းတွင်းငါးမန်း) DVD တွင် တေးဆို တေးရေးများဖြစ်ကြသည့် စန္ဒီမြင့်လွင်၊ မင်းသူရ၊ စောဖိုးခွား၊ ရီမို၊ ဖိုးစိုး၊ ကိုထက်၊ ဇော်လတ်တို့က ပါဝင်သီဆို သရုပ်ဆောင်ထားပြီး ပညာပေးအနေဖြင့် ကရင်ပြည်နယ် သံတောင်ဒေသမှ ဖြစ်ရပ်မှန် မိုင်းဒဏ်သင့်ပုံရိပ်များဖြင့် စီစဉ်ထုတ်လုပ်ထားသည်။

ပထမဦးဆုံး အခမဲ့ဖြန့်ချိမှုအနေဖြင့် အခွေဖြစ်မြောက်ရေးအတွက် မြေမြှုပ်မိုင်းဒဏ်ကို လက်တွေ့ခံစားရသည့် ကရင်ပြည်နယ်ရှိ ကော့ကရိတ်၊ သံတောင်၊ ကြာအင်းဆိတ်ကြီးမြို့များတွင် စတင်ဖြန့်ချိပေးသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းစသည့် မြေမြှုပ်မိုင်းဒဏ်ကို လက်တွေ့ခံစားရသည့် ဒေသများတွင် လူငယ်များနှင့် ချိတ်ဆက် ဖြန့်ချိပေးမည်ဟု ညီမျှခြင်းမြန်မာမှ ဒါရိုက်တာဦးအောင်မျိုးမင်းက ပြောသည်။

မြေမြှုပ်မိုင်းအန္တရာယ်နှင့် ပတ်သက်ပြီး စစ်ပွဲဖြစ်ပွားရာဒေသများတွင် စစ်ပွဲများပြီးသွားသည့်တိုင် မြေမြှုပ်မိုင်းများမှာ ကျန်ရှိနေခဲ့ပြီး ဒေသခံပြည်သူများ၏ လှမ်းလိုက်သည့် ခြေလှမ်းများတွင် အန္တရာယ်ရှိနေသလို ခံစားနေရသည့်အတွက်လည်းကောင်း၊ မြေမြှုပ်မိုင်းဒဏ်သင့်ပြီး ခံစားရသူများသည် ၎င်းတို့၏ မိသားစုများကို ထိခိုက်စေသလို၊ ကုသခံယူနိုင်သူရှိပြီး၊ မကုသနိုင်ဘဲ အသက်ဆုံးရှုံးသူများလည်းရှိသည်။

ကုသခံယူပြီးနောက် ဆက်လက်ရပ်တည်နိုင်ရန်အတွက် ခက်ခဲမှုများ၊ ရုပ်ပိုင်းဆိုင်ရာ (ခြေ၊ လက်၊ မျက်စိထိခိုက်ခြင်း)၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု (စိတ်ဓာတ်ကျ၊ သိမ်ငယ်ခြင်း)တို့ကို ခံရလေ့ရှိသဖြင့် လူသားချင်း စာနာထောက်ထားသည့် အနေဖြင့် ပညာပေးဖြန့်ဝေခြင်းဖြစ်ကြောင်း ရှင်းလင်းပွဲတွင် ဦးအောင်မျိုးမင်းက ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြေမြှုပ်မိုင်းကို ဆန့်ကျင်သော(ကိုတာဝါ)စာချုပ်ကို သဘောတူချက်လက်မှတ်ရေးထိုးထားခြင်းမရှိသေးသဖြင့် နိုင်ငံတော်ပိုင်းမှလည်း မြေမြှုပ်မိုင်း ကင်းရှင်းရေး ကူညီလုပ်ဆောင် ပေးနိုင်ရန်အကြံပြုလိုကြောင်း ဦးအောင်မျိုးမင်းက ယင်းနေ့က အကြံပြုပြောကြားခဲ့သည်။

မြေမြှုပ်မိုင်းထိခိုက်မှုကြောင့် ခန္ဓာကိုယ်အစားထိုးကုသမှုခံထားသူ ၄၅၀၀ ကျော်ရှိပြီး၊ လူပေါင်း ငါးသန်းကျော်မှာ ထိုမြေမြှုပ်မိုင်းနယ်မြေပေါ်တွင် နေထိုင်နေရကြောင်း Economic ဂျာနယ်တွင် ဖော်ပြထားသည်။

**(ဖိုးသန့်)**

# ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အလုပ်ရုံဆွေးနွေး

**တောင်ကြီး မတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၇ ရက်နံနက် ၉ နာရီက ချယ်ရီကွင်း ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လိုအပ်ချက်များကို သုံးသပ်ဖော်ထုတ်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပသောဆွေးနွေးပွဲဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

Ms.Maja Lazic (Senior Protection Officer) က ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့်အကြောင်းနှင့် ကုလသမဂ္ဂ၏ ပြည်တွင်းစွန့်ခွာ ရွှေ့ပြောင်းမှုဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

**စိုင်းသန်းကျော် (တောင်ကြီး)**



EASY GO TRAVEL & TOURS ခရီးသွားလုပ်ငန်း
လှိုင်ကော်သီးသန့်ခရီးစဉ် ၃ ည ၄ ရက် 26 Mar
ဟိုတယ်တည်း၊ အစားအသောက်(ပြီး)
Package Order
Tel : 01-377351~2, 09-43142178, 73198845, 420278588, 449011566, 449011577

**အမည်ပြောင်း**
တာမွေမြို့နယ်နေ ဦးအောင်စောဝင်း[၁၁/စတန(နိုင်)၀၁၆၉၀၄]၏သမီး မခိုင်မိုးဦးအား ဖြူစင်သန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဖြူစင်သန့်

GOLDEN STAR Travels & Tours
☆ ရွှေစက်တော်/ပုဂံ-ပုပ္ပါး-ပခုက္ကူ Mar-26, Apr-11,12,17
☆ မုံရွာ-အလောင်းတော်ကဿပ Mar-20, 26, Apr-12
☆ တောင်ကြီး-အင်းလေး-ပင်းတယ Mar-26, Apr-11,12,17
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း Apr-12,17
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-11,12
☆ တောင်ကြီး-အင်းလေး-လှိုင်ကော် Apr-13
☆ ထားဝယ်(ရှင်ကိုးရှင်)-မော်လမြိုင်-ဇက်ခဲ Apr-11
Ph: 703448, 430480, 544383, 09-5046000, 09-5081580

New ... Apr 12,13 ထွက်မည်
Breakfast, Lunch, Dinner ... Hotel
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (အလောင်းတော်ကဿပ) (၄/၅)ရက်
အလောင်းတော်ကဿပ(သီးသန့်)၊ မုံရွာ၊ စစ်ကိုင်း (၂/၃)ရက်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ (ထမ်းဝမ်း၊ ရွှေတော်ကာဋ္ဌ)
ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
09-250515335,09-258888973,09-250755503, 09-258889910




သီရိရတနာ
လက်လီလက်ကားဈေး နှင့်
အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း
သုဝဏ္ဏလမ်း မြောက်ဥက္ကလာပမြို့နယ်
စတင်ဖွင့်လှစ်နေပါပြီ
ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဆိုင်များ၊ ယာဉ်နှင့်ယာဉ်အပိုပစ္စည်းဆိုင်များ
လယ်ယာသုံးစက်ကိရိယာပစ္စည်းဆိုင်များ၊ လျှပ်စစ်နှင့်ကုန်မာပစ္စည်းဆိုင်များ နှင့်
ဘဏ်များ စတင်ဖွင့်လှစ် ရောင်းချနေပါပြီ။
WEI LI HLAINE
EASTUP
Metals Sanitary Ware
KAUNG SWANN HTET CO.,LTD.
YANGON TYRE
weber
Beger
F.P.B
F.P.B
SOSUCO
DURAGRES
SMS
PANDORA
Sanitary Ware & Tiles

# သီရိကြယ်စင် ကိုယ်ပိုင်အထက်တန်းကျောင်း

(သူငယ်တန်း - တက္ကသိုလ်ဝင်တန်း)

အဆင့်မြင့်ဘော်ဒါ (၅တန်းမှ၁၀တန်း)

**ဝါရင့်ပါမောက္ခဆရာကြီးများ**

- ဆရာကျော်
- ဆရာဦးတင်မျိုးဦး
- ပါမောက္ခဆရာဦးအေးအောင်
- တွဲဖက်ပါမောက္ခဆရာ Dr.U.T.A
- ဆရာဦးစိုးမြင့်
- တွဲဖက်ပါမောက္ခဆရာဘဘBIO
- ကထိကဆရာဦးစန်းဦး

- ဝါရင့်ပါမောက္ခဆရာကြီးများကိုယ်တိုင် အမှတ်ပေးစည်းမျဉ်းနှင့်အညီ လိုတိုရှင်း သင်ကြားလေ့ကျင့်ပေးခြင်း။
- စာသင်ခန်း(၁)ခန်းတွင် ကျောင်းသား/သူ(၂၀)ဦးသာ ထားရှိ၍ အထူးကြပ်မတ်သင်ကြားပေးခြင်း။
- Air-con အိပ်ခန်းဆောင်များ၊ လူမျိုးဘာသာမရွေးစားသုံးနိုင်သော အစားအစာများဖြင့် ကျွေးမွေးခြင်း။
- English 4skills, Computer သိပ္ပံလက်တွေ့ခန်း၊ စာကြည့်တိုက်၊ အားကစားခန်းမ စသည့် သင်ထောက်ကူပစ္စည်းများ စုံလင်စွာ ထားရှိပေးခြင်း။

**ကြိုအပ်လက်ခံပြီ။** မေလ(၇)ရက်စမည်

Ferry ...

၁။ ကွန်ပျူတာဆရာမ(၁)ဦး ၂။ ကွန်ပျူတာစာရေးမ(၁)ဦး ၃။ ကြီးကြပ်ရေးမှူး ကျား/မ(၁)ဦး

၆၆၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ 09-73095664, 0933628776, 09-5053874

---

**B.L.T Travels**

သင်္ကြန်အထူးခရီးစဉ် Apr12

ပုဂံ၊ ပုပ္ပါး၊ မန္တလေး (အဆင့်မြင့်) 140000

တောင်ကြီး၊ အင်းလေး၊ ပင်းတယ

ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး

09-73163538, 09-31785622

---

၂၀၁၅ ခုနှစ် (၉)နှစ်မြောက် နှစ်သစ်ကူး မဟာသင်္ကြန် ခရီးစဉ်

**ထားဝယ် ရှင်ကိုးရှင် နှင့် ထီးဒီး (တန်ချနာရှရီ/မြ ဘုရား)**

၁၁ - ၄ - ၂၀၁၅ မှ ၂၀ - ၄ - ၂၀၁၅ ထိ

သုခမိန်စာပေ ၀၁ ၂၄၁၀၀၉ / ၀၉ ၅၁ ၅၅၆၅၄ / ၀၉ ၃၀၁၀၈၁၁၇

---

**ရွှေပင့်ကူ**

မန်းရွှေစက်တော်(စာတည်းပြီး) ၄၃၀၀၀/- (ညအိပ်ရက်)

မှုံ့လေးရုံ့ရွာစစ်ကိုင်းအလေလာင်းတော်ကသပ(စာတည်းပြီး)

တဆင့်ညှာကောအပြီး ၄၅၀၀၀/- ကားစီးလုံးရာစီစဉ်ပေးသည်။

March ၂၆ရက်ထွက်မည်။

၀၉-၇၃၁၁၁၀၁၄၊ ၀၉-၄၂၇၂၀၀၄၇၊ ၀၉-၂၄၀၀၉၁၇၇

---

**သန္တိသုခ** သင်္ကြန်ခရီးစဉ်များ

- ပြည်၊ ... APR 13
- မုံရွာ၊ ... APR 12
- ထားဝယ်-ရှင်ကိုးရှင် ... APR 13
- တောင်ကြီး၊ အင်းလေး APR 13

09-423 743 233
09-421 014 940
01-453575 (Ext:211)

---

**NEW MOTION** TRAVELS & TOURS



"ESCAPE FROM EVERYDAY LIFE"

စင်ကာပူ-မလေးရှား (April 11/ April 12) | စင်ကာပူ-ဘာလီ (April 11)

- ဖူးခက်
- ဘန်ကောက်-ဖူးခက်
- ဘန်ကောက်
- စင်ကာပူ
- ဗီယက်နမ်-ကမ္ဘောဒီးယား
- ကိုရီးယား
- ဟောင်ကောင်
- တရုတ်-ဟောင်ကောင်
- ဂျပန်
- ဒူဘိုင်း
- အမေရိကား
- ဥရောပ
- ဘာလီ

No.15, Ayun Taw Road, Sanchaung, Yangon, Myanmar Tel: 508124, 523253, 527254, 0973148933-44-55-66

---

ဆယ်တန်းကျောင်းသားတွေ နဲ့ အင်္ဂလိပ်စကား ပြောချင်သူများအတွက်



GETC

ဖုန်းနံပါတ်: 537895, 502775
ဟော့လိုင်း 549590, 09254148006
www.getc-languageschool.com

2015 March Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ . . . .

---

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၃)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် (၂)ခန်းတွဲ (၆)ထပ်တိုက်ရှိ (၃)လွှာ (ခေါင်းရင်း) (၃)လွှာ (ခြေရင်း)၊ (၄)လွှာ(ခေါင်းရင်းခန်း) အမြင့် (၉)ပေ၊ အကျယ် (၁၂½ပေ x ၅၀ပေ) ရှိ တိုက်ခန်းများကို ကြိုပြိုင်ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါ တိုက်ခန်းများကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၇-၂-၂၀၁၅)ရက်နေ့တွင်စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းများနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်သည့်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်သန္တာမျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးထွန်းသန့်ဇင်အောင်
LL.B,WIPO, DLP (Switzerland)
တရားလွှတ်တော်ရှေ့နေ

ဖုန်း -၀၉ ၅၁၅၀၄၀၃

---

**ကန့်ကွက်နိုင်ပါကြောင်း**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်သကမ-၁၀တိုးချဲ့မြေကွက်အမှတ်-၆၆၅မြေကွက်တည်နေရာအမှတ်-၆၆၅(က+ခ)ဇီဇီသရဖူလမ်း၊ ကုလားကြီးကျေးရွာအုပ်စု၊ လှိုင်သာယာ(ဒေါ်စန်းစန်းရီ)အမည်ပေါက်ဂရန်မြေအား ဂရန်မည်ပေါက်ဒေါ်စန်းစန်းရီ(၁၂/ဗတထ(နိုင်)၀၁၉၇၂၅)ကိုယ်တိုင်မှဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ဝန်ခံကတိတို့တင်ပြ၍ဂရန်ပျောက်မြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

Mixing Drum Size : 3 m³ to 9 m³
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)

**SUITABLE FOR ALL TRUCK CHASSIS.** (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)

## Price Starting From

| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |




**Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.**

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR

**ကား မျိုးစုံ**
(Alphard/Crown/MarkII/အနီးတတုံ/Hiace ၉/၁၃ ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249, 0954181126

**ရွှေပုပ္ပါး**
ပုပ္ပါး ပုဂံ (အလှူခံရှင်) (ညအိပ်၄ရက်) ... ၄၃၀၀၀/- ... March ၂၆ရက်ထွက်မည်။
၀၁-၂၉၃၉၇၇၊ ၀၉-၇၃၀၂၇၅၉၇၊ ၀၉-၄၅၀၀၅၇၂၆၀

**အမည်မှန်**
အမှတ်(၄) မြောက်ဥက္ကလာ Grade -4 တွင် ပညာသင်ကြားနေသော မောင်ဇေယျာတိုး၏ အမည်မှန်မှာ မောင်ဇေယျာကျော်ဖြစ်ပါကြောင်း။

## ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းမှ ဖိတ်ကြားအပ်ပါသည်

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (AGTI Society)အနေဖြင့် ဂျီတီအိုင်ကျောင်းပေါင်းစုံမှ အောင်လက်မှတ်ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ L.S and SEC လိုင်စင်ရပြီးသော ဂျီတီအိုင်ကျောင်းသား၊ ကျောင်းသူဟောင်းများအား မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်ကြော်ငြာစာများကို ရှင်းလင်းစွာ သိရှိနားလည်နိုင်ကြစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်ရှင်းလင်းပေးရန် စီစဉ်ထားပါသည်။

ရှင်းလင်းချက်များအား မေးမြန်းဆွေးနွေးနိုင်ကြပါရန် အောက်ပါအစီအစဉ်အတိုင်း ဖိတ်ကြားအပ်ပါသည်။ အများစုတက်ရောက်နိုင်ရန်အတွက် အချင်းချင်း အကြောင်းကြား သတင်းဖြန့်ဝေပေးကြပါရန်ကိုလည်း မေတ္တာရပ်ခံပါသည်။

**အစီအစဉ်**

(က) နေရာ - Function Hall၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ခ) နေ့ရက် - ၂၅-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) အချိန်နာရီ - နံနက် ၉း၃၀နာရီ

**အလုပ်အမှုဆောင်အဖွဲ့**
**ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း**
**ဆက်သွယ်ရန်-ဦးခင်၈၊ ဦးအောင်မင်း**
**ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅၊ ၀၉-၅၀၅၆၇၁၇**

**OD TOUR** Oriental Dragon Travels & Tours Co.,Ltd. Since 1997
ပြည်တွင်း ဘုရားဖူး နှင့် အပန်းဖြေ ခရီးစဉ်များ

| | |
|---|---|
| တောင်ကြီး၊အင်းလေး | April 12, 13,17,18,May.. |
| ပုဂံ၊ပုပ္ပါး၊ပေနက္ကူ | April 13,17,18,May.. |
| မန္တလေး၊မင်းကွန်း၊ပြင်ဦးလွင် | April 13,17,18 |
| အလောင်းတော်ကဿပ | April 12, 13,May.. |
| မန္တလေး၊မုဆယ်၊ရွှေလီ | April.11,12,13 |
| ဘားအံ၊မော်လမြိုင်၊ကျိုက္ကမီ | April.13 |
| တောင်ကြီး+လျှိုင်တော် | April.13,..,May.. |

ထားဝယ်(ရှင်ထိုးရှင်)ဘောင်းတော် ... Mar 26 , April 12,..May..

| | |
|---|---|
| ပုဂံ၊မန္တလေး၊ပြင်ဦးလွင် | April.12 |
| တောင်ကြီး၊ပုဂံ | April.12 |
| တောင်ကြီး၊မန္တလေး | April.12 |
| ပုဂံ၊ပုပ္ပါး၊ရွှေစက်တော် | April.12 |

Ph: 01-536855, 523187, 526349, 504808, 09-420240570, 09-5187045

## MYANMAR GOLF CLUB 2015 ANNUAL AT HOME

## ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပမည်

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ၂၀၁၅ခုနှစ်၊ မတ်လ ၂၅-၂၆-၂၇ ရက်များတွင် မြန်မာဂေါက်သီးရိုက်အသင်း(၉မိုင်၊ ပြည်လမ်း) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ မတ်လ ၂၅ရက်တွင် Veteran ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ မတ်လ ၂၆ ရက်တွင် Gold, Silver, Bronze ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် မတ်လ ၂၇ ရက်တွင် ဂေါက်သီးကစားခြင်းနှင့်ပတ်သက်သော ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ဧည့်ခံကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များပါဝင်ကြမည်ဖြစ်ပါသည်။ အသင်းသား/သူမိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် ယခုပြိုင်ပွဲအား ကူညီပံ့ပိုးပေးလိုသော အဖွဲ့အစည်းကုမ္ပဏီများရှိပါက မြန်မာဂေါက်သီးရိုက်အသင်း၊ စီမံရေးရာရုံး၊ ဖုန်း-၆၆၅၅၃၁၊ ၀၉-၈၆၀၂၉၉၄ သို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။




Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar

**LIEBHERR**

ကြော်ငြာ


TOSHIBA
Leading Innovation
နှစ်သစ်မင်္ဂလာ Toshiba နှင့် နွှဲပျော်ပါ
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ(၁၄)ရက်မှ ဧပြီလ (၁၂)ရက်နေ့ထိ
iPhone 6 (၄)လုံးနှင့်အတူ
Toshiba Rice Cooker,
Toshiba Hotpot, Polo Shirt,
ထီး တို့ပါဝင်သော
ဆုမဲပေါင်း တစ်ထောင်ကျော်...
iPhone 6
Toshiba ၏ ၃၂လက်မ နှင့်အထက် တီဗီ၊ ရေခဲသေတ္တာနှင့်အဝတ်လျှော်စက်
ဝယ်ယူတိုင်း ခြစ်ကတ်စမ်းမဲတစ်စောင် ရယူကံစမ်းနိုင်ပါပြီ။
အမြို့မြို့အနယ်နယ်ရှိ Electronics ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။


HOME GALAXY
Interior Mall
ABS Moulding DOOR
CLASSICAL HIGH-END FURNITURE
LED HIGH GRADE BRAND
Wallpapers
CARPETS
Vinyl Tile
MODERN CLASSIC FURNITURE
Manufacturing UPVC Windows & Doors
The Best Windows
Weather Proof
Water Proof
The quality products
3D Micro Crystal Stone, Granite, Marble, Vinyl, Carpets
Wallpapers, Modern & Classic Furniture, Professional Office Furniture, Lighting, Crystal
Showroom (1) : Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon, Myanmar
Showroom (2) : No.15, Corner of Pyay Road & Wek Zar Nyi Naung St, 9 miles, Yangon, Myanmar. Tel - 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513, 01-664675, 01-663309

ကြော်ငြာ


**ကျိုက်ထီးရိုး (၄နှစ်ဉ်) - ရွှေကြေးစည်** သင်္ကြန် 10,12,13,17

▲ ရွှေစက်တော် နှင့် ဘုရားစုံ (အင်္ဂါ၊ သောကြာ)၊ ဆက်၍ (ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ)(အလောင်းတော်ကဿပ၊ မုံရွာ)(စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်)(တောင်ကြီး၊ အင်းလေး၊ ပင်းတယ)ခရီးစဉ်များ (ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (ရွှေစက်တော်၊ အလောင်းတော်ကဿပ သီးသန့်)

▲ (အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း သီးသန့်) ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်အနီး) သို့ (ပုဂံ-ပုပ္ပါး)

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလိုဏ်ဂူ (မန္တလေး၊ ပြင်ဦးလွင်) သို့ (ပုဂံ-ပုပ္ပါး)

▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ ဆက်၍- (မန္တလေး၊ ပြင်ဦးလွင်) (ငပလီ၊ ချောင်းသာ)

▲ (ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ) (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်) (မြဝတီ-မဲဆောက်)

ဖုန်းဆက်ရန်: ☎01-240860/01-372290 ဒေါ်ပုံ09-49282825 ကမာကြည် 09421029191



**စေတနာရှင်... ကျိုက်ထီးရိုး / ချောင်းသာ (၄နှစ်)**

သင်္ကြန်ခရီးစဉ်များ Apr 11, 12, 13, 17 ထွက်မည်။ ကြိုတင်လက်မှတ်ရောင်းပြီ။

◆ ရွှေစက်တော်(၄)ရက် ◆ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး(၅)ရက် ◆ ရွှေစက်တော်၊ အလောင်းတော်(၅)ရက်

◆ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါးနှင့် ဆက်၍ (တောင်ကြီးသင်္ကြန် / မန်းသင်္ကြန်)..... (၈)ရက် / (၁၁)ရက်

◆ ပုဂံ-ညောင်ဦး၊ ပုပ္ပါး(၄)ရက် ◆ တောင်ကြီးသင်္ကြန်(၅)ရက် ◆ မန်းသင်္ကြန်(၅)ရက်

◆ မူဆယ်သင်္ကြန်(၇)ရက် ◆ မော်လမြိုင်သင်္ကြန်(၄)ရက် ◆ ထားဝယ်သင်္ကြန်(၆)ရက်

ကားမျိုးစုံမီးလုံး ငှားရမ်းနိုင်ပါသည်

အဆင့်မြင့်ခရီးစဉ် Hotel တည်း Restaurant စား Only SCANIA (2+2)Bus

◆ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ ........ (၅)ရက် April-12

◆ ပုဂံ-ညောင်ဦး (စွယ်တော်လေးဆူ)၊ ပုပ္ပါး ပခုက္ကူ-သီဟိုဠ်ရှင် ........ (၄)ရက် April-13

၂၈၀၊ ပ-ထပ်၊ ၃၉လမ်း(အထက်) 392704, 09 50 66657, 09 73017110



**ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး(နေ့စဉ်)**

* မန်းရွှေစက်တော်ဘုရားပွဲတော် နှင့်အထက်မြန်မာပြည်ခရီးစဉ်များ။
* အလောင်းတော်ကဿပ (ဖိုလ်ဝင်တောင်၊ ရွှေဘတောင်) ခရီးစဉ်။
* ပုဂံ(စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
* တောင်ကြီး (ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ)၊ အင်းလေး (လွိုင်ကော်)
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။ * မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ နွားလဘို့တောင်
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)
* ထားဝယ်(ရှင်ကိုးရှင်)၊ မြှော်ရစ်၊ မောင်းမကန်ကမ်းခြေ * ကျိုက္ကမီ

(ထမင်းစကျွေး ကား၊ တစ်ဆင့်သွားကား/ စက်လှေ၊ တည်းခိုခန်း စရိတ်ငြိမ်း)

မဟာသင်္ကြန်ခရီးစဉ် လက်မှတ် ကြိုတင်ရောင်းပြီ

* ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး ☎ 371317, 095124678, 09401589907



# KMD

NCC education — UNIVERSITY of GREENWICH

# ဂုဏ်ယူဝမ်းမြောက်ခြင်း

တစ်ကမ္ဘာလုံးနှင့် ယှဉ်၍ ဖြေဆိုခဲ့သော NCC Education UK ၏ September 2014 နှင့် December 2014



Mr.Kaung Waiyan Lynn

စာမေးပွဲများတွင်

## အာရှတစ်ခွင် အမှတ်အများဆုံးဆုရှင်များ

အဖြစ် ဂုဏ်ထူးဆောင်နိုင်ခဲ့သော

## မောင်ကောင်းဝေယံလင်း နှင့် မောင်ဟိန်းထက်အောင် တို့အား

## KMD မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း



Mr.Hein Htet Aung

No.331, Pyay Road, Sanchaung Tsp, Yangon, Myanmar. Tel : 95 -1- 502233, 527436, 534170, 220555, 700895.



ပညာ သမာ အာဘာ နတ္ထိ

**ဦးဉာဏ်ဝင်း** (မြန်မာစာ)

ကိုယ်တိုင်ကြီးကြပ်စီစဉ်သင်ကြားနေသော

# ယာခင်းရှင်

## ကိုယ်ပိုင်သင်တန်းကျောင်း

**CAMP နှင့် ဘော်ဒါ**

ဒသမတန်းအတွက်

▪ ကျောင်းသားသီးသန့် (၂၅)ဦး

▪ ကျောင်းသူသီးသန့် (၂၅)ဦး

▪ ဉာဏ်ရည်မြင့်သီးသန့်ဝိုင်း(၉)ဦးသာလက်ခံသင်ကြားမည်။ ဖျောင်း ဆယ် ထက် စီ ပြ

**အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း**

သား / သမီးပညာရေးအတွက် ငွေကြေးသက်သာ/သင့်တင့်ပြီး အောင်မြင်မှုရရန် စိတ်အချရဆုံး၊ အကောင်းဆုံးစာသင်ဝိုင်းကိုမှ ထားချင်သည့် မိဘတို့၏စေတနာဆန္ဒကို ဤကျောင်းမှ ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။ **မတ်လ(၂၅)ရက်စမည်**

အမှတ်(၂၅)၊ အာနန္ဒာဘုရားလမ်းထောင့်၊ ရွှေကိန္နရီအိမ်ရာ၊ ဘဝမြင့်မှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: 09-73089656 , 09-260053533, 09-73231147



မနရွှေနန်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မှ တာဝန်ယူဆောက်လုပ်သည့် **Wealthy Palace Condominium**

1. 1026 စတုရန်းပေ ( 19′ x 54′ ) ၊ (10′ အမြင့်)
2. Pile Foundation ( Myanmar V-Pile )
3. Ready Mixed Concrete
4. 8 ယောက်စီးဓာတ်လှေကား ( KONE Brand )
5. Master Bedroom 1 ခန်း + Single 1 ခန်း
6. Dinning & Kitchen Room ကြွေပြားအပြည့်ခင်း၊ အပြည့်ကပ်
7. Kitchen Counter+ Steel Basin 1 လုံး
8. Bathroom & Toilet 2 ခန်း ကြွေပြားအပြည့်ခင်း၊ အပြည့်ကပ်
9. Central ရေပေးဝေမှုစနစ် ( အဝီစိ + ဂျိုးဖြူ)
10. လုံခြုံရေး CCTV ကင်မရာ + မီးစက် ၁ လုံး
11. Original သံချောင်း၊ SCGဘိလပ်မြေ၊ စပေါက်စက်အုတ်
12. Power Line & Lighting Line နှင့် အရည်အသွေးမီ မီးကြိုးများဖြင့် အသုံးပြု တည်ဆောက်ပါသည်။

၅ ခန်းသာ စတင်ရောင်းချပါမည်။ (ဦးရာရမှုစနစ်)

၂၄ လ အရစ်ကျငွေပေးချေ





အမှတ် ၁ ၊ ပေတ္တာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

Promotion ကာလ 20.3.2015 မှ 31.3.2015 ထိ


၃ ထပ်ကျွမ်း ကံစမ်းခွင့်



ဝယ်သူ(၅)ဦးအတွက် 2009 Honda Fit 1 စီး




ဝယ်သူ(၅)ဦးအတွက် ဝလာမပါက်စမ်းခွင့်



ပထမဆုံးဝယ်သူ(၃)ဦးအတွက် iPhone 6 – 1 လုံးစီ




ရုံးခန်း - အမှတ် ၁၀၅၂/က၊ အင်းဝလမ်း၊ (သုမင်္ဂလာလမ်းအနီး)၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ Ph- 09 8650304 , 09 799995588 , Hot Line- 09 73201349 , 09 420023213

Hot Line No-0930500100

# နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍလိုအပ်ချက်ဖြစ်သည့် အဆောက်အအုံ၊ သင်ထောက်ကူပစ္စည်း၊ ဆရာ/ဆရာမလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးလျက်ရှိ





**ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း လားရှိုးတက္ကသိုလ် သုံးထပ်ဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

**နေပြည်တော် မတ် ၂၀**

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီးဒေါက်တာ မောင်မောင်ဌေး၊ ဒေါက်တာ ဇော်မင်းအောင်၊ ဒေါက်တာဝင်းမြင့်တို့နှင့် အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ ပညာရေးကောလိပ်သို့ရောက်ရှိပြီး သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပင်မစာသင်ဆောင်၊ ခန်းမ၊ သိပ္ပံဆောင်၊ ရှင်းလင်းဆောင်နှင့် စားရိပ်သာတည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတအား ကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာကြီးက သင်တန်းသား၊ သင်တန်းသူများအား လက်ခံသင်ကြားပေးနေမှု၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်တည်ဆောက်နေမှု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ထားရှိသည့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ ကျောင်းအုပ်ကြီးနေအိမ်၊ လက်တွေ့စာသင်ဆောင်၊ အမျိုးသား အမျိုးသမီး နှစ်ထပ်အိပ်ဆောင်တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင်က ပညာရေးလေ့ကျင့်ရေး ကောလိပ်များမှ ဆရာ ဆရာမများအား နှစ်စဉ်မွေးထုတ်ပေးနေမှု၊ သင်ကြားရေးလိုအပ်ချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

## ယနေ့ မာတိကာ


ရာသီဥတု ပြောင်းလဲမှု သတိပြု

စာမျက်နှာ - ၂

နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်သူ့ပခုံး ပြည့်လက်ရုံး

နှစ် (၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုကဗျာ

ဂုဏ်ယူကျေနပ်လိုက်ပါ အမေ

စာမျက်နှာ - ၆၊ ၇

တပ်မတော်စစ်ကြောင်းများက ပွိုင့် - ၁၉၆၅ တောင်ကုန်းအား သိမ်းပိုက်ရရှိ

စာမျက်နှာ - ၁၀


## မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝသော်လည်း ရေနှင့်ပတ်သက်သော စိန်ခေါ်မှုများ ရင်ဆိုင်နေရဆဲဖြစ်

သတင်းစာမျက်နှာ - ၃

# (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာပိုက်ကျော်ခြင်းအဖွဲ့ပြင်ဆင်

**သတင်း၊ ဓာတ်ပုံ - ရှိုင်းထက်ဇော်**

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စင်ကာပူနိုင်ငံမှာ ပြိုင်ပွဲကို ပုံမှန်ကျင်းပနေကျ နှစ်ကုန်ပိုင်းတွင် ကျင်းပမည်မဟုတ်ဘဲ ဇွန်လတွင် ကျင်းပမည်ဖြစ်သောကြောင့် ပြိုင်ပွဲစတင်ရန် နီးကပ်နေပြီဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံမှ အားကစားနည်း ၃၁ မျိုးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပိုက်ကျော်ခြင်း အားကစားနည်းလည်း အပါအဝင်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများဆက်တိုက်ရယူလာနိုင်သည့် အားကစားအဖွဲ့ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ မလွတ်တမ်း

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့**



မြန်မာပိုက်ကျော်ခြင်းကစားသမားများ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေစဉ်။






themirror.npt@gmail.com
www.facebook.com/themirrordaily